# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၁၆ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသား လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ အစီအစဥ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယ ခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြ န်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၁၆ ရက်မြောက်နေ့ အစီအစဥ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ၁၆ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော်ဒုတိယ ပုံမှန်အစည်းအဝေး၁၆ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့တင်ပြချက်အရအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း(၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၂၁၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေစုစုပေါင်း၏ (၉၆.၃၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေသုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့ အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ ( သြဘာသံများ )

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၁။**

**ဥက္ကဋ္ဌ၊** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ)အရ ပထမ အကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၁၆ ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြား ရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးသည် ၎င်း ၏မိခင်သွေးအန်သဖြင့် ဆေးရုံသို့ တင်ထားပါ၍ သွားရောက်ကြည့်ရှုနေရပါသဖြင့် ၁၂.၉.၂၀၁၁ မှ ၁၃.၉.၂၀၁၁ ထိခွင့် (၂)ရက် ပေးနိုင်ပါရန် ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးတင်ယုက ဒေါက်တာမြတ်ဉာဏစိုးကိုယ်စား ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ၊** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးဟာ ၁၂.၉.၂၀၁၁မှ ၁၃.၉.၂၀၁၁ထိခွင့်(၂)ရက် တောင်းခံခြင်း ကို လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ယခုခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက်ခွင့်ပန်ကြားချက်ကိုလွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အချိန်၊၁၀း၀၃**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဘိုကြီး ဟာ ဆေးကုသမှုခံ ယူရန် အတွက် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ သွားရောက်ရမှာ ဖြစ်တဲ့အတွက် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်မှ ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့အထိ (၁၂)ရက်အား ခွင့်အဖြစ် ခွင့်ပြုပေးနိုင်ပါရန် ဒေါက်တာဘိုကြီး ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင် မှ တင်ပြအစီရင်ခံ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဘိုကြီး ခေါ် ဦးအောင်ငွေ ရဲ့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်မှ ၂၀၁၁ ခုနှစ်စက်တင်ဘာလ ၂၃ ရက် အထိ ၁၂ ရက် ခွင့်ပန်ကြားချက်ကို လွှတ်တော်ရဲ့သဘောတူညီ ချက်ရယူပါမယ်။ ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ သည် ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တော် တွင် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်မှ ၁၅ ရက်နေ့ထိ ကျင်းပပြုလုပ်မည့် 7th International Travel Expo Hochimin 2011 သို့ ပြည်ထောင်စုဝန်ကြီး နှစ်ဦး နှင့် အတူ လိုက်ပါသွားရောက်ရမည်ဖြစ်ပါ၍ ၁၂-၉-၂၀၁၁မှ ၁၅-၉-၂၀၁၁နေ့ထိ ခွင့်အဖြစ် သတ်မှတ် ပေးနိုင်ပါရန် ဒေါက်တာခင်ရွှေကိုယ်စား ကျွန်တော်ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင်မှ ခွင့်ပန်ကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ ရဲ့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်မှ ၁၅ ရက်ထိ ခွင့်(၄)ရက် တိုင်ကြားမှု ကို လွှ တ်တော်ရဲ့ သဘောထားရယူပါမယ်။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်ကခွင့်ပြုကြောင်းကြေညာပါတယ်။

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိ ယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကိုတက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၈)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄) နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအ ဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သတင်းကောင်းတစ်ခုကို ကြေညာပါ့မယ်။ ပြီးခဲ့တဲ့ သောကြာနေ့က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးချက်အရ ဒေါက်တာခင်ရွှေ က မြရိပ်ညို ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု ဖောင်ဒေးရှင်းအမည်နှင့် ကျပ်ငွေ သိန်းပေါင်း တစ်သောင်းတိတိ မတည်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြလာပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များ သဘာတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် မြရိပ်ညို ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှု ဖောင်ဒေးရှင်း ထူထောင်မယ့် အစီအစဉ်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့်သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ၊** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊အမျိုးသားလွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများမေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦးက မေးမြန်းသည့် မေးခွန်းများသည် ကျန်းမာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ကယားပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ရာထူးအလိုက်လိုအပ်လျက်ရှိ သော ဆရာ ဝန်များ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးပိုးရယ်အောင်သိန်းက ကယားပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ရာထူးအလိုက် လိုအပ်လျက်ရှိသော ဆရာ ဝန်များ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးပိုးရယ်အောင်သိန်း၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)** ။ ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ် ကိုယ်စားလှယ်များ ခင်ဗျား။မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ရှားတောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပိုးရယ်အောင်သိန်းပဲဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကယား ပြည်နယ်သူ/ပြည်နယ်သားများရဲ့ ကိုယ်စား မေးလိုတဲ့မေးခွန်းကတော့ ကယားပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်များမှာ ရာထူးအလိုက်

လိုအပ်လျက်ရှိတဲ့ ဆရာဝန်များ ခန့်ထားပေးနိုင်ခြင်း ရှိ /မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း ဆောင်ရွက်ရာမှာ ကျန်းမာရေးစောင့်ရှောက်မှုဟာလည်းပဲ အရေးကြီးတဲ့အခန်းကဏ္ဍမှာပါဝင်နေပါတယ်။ ကယား ပြည်နယ်အတွင်းမှာ ဆေးရုံ၊ဆေး ခန်းနဲ့ ဆရာဝန်များ အရေအတွက်ကို တင်ပြရရင် ကျွန်တော်တို့ ကယားပြည်နယ်ရဲ့ လွိုင်ကော်မြို့နယ်မှာ ခု တင် (၂၀၀)ဆံ့ အထွေထွေရောဂါ ကုဆေးရုံတစ်ရုံ၊ ဘောလခဲမြို့နယ်မှာ ခုတင်(၅၀)ဆံ့ ဆေးရုံတစ်ရုံနဲ့ ကျန်တဲ့ မြို့နယ်၊ ရှာသစ်မြို့နယ်ခွဲမှအပ ကျန့်တဲ့ မြို့နယ်များမှာ (၂၅)ခုတင်ဆံ့ ဆေးရုံတစ်ရုံစီ ရှိကြပါတယ်။ ကျွန်တော်တို့ လွိုင်ကော်နဲ့ ဒီမောဆိုမှာ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံစီရှိပြီးတော့ ဖရူဆို ၊ ရှားတော၊ ရှာသစ်၊ ဖာဆောင်း မြို့နယ်များမှာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံစီ ရှိကြပါတယ်။ လွိုင်ကော် မြို့နယ်မှာ စီမံ ကိန်းဌာန(၄)ခုရှိပြီးတော့ ဒေသန္တ ရကျန်းမာရေးဌာနတစ်ခု ၊ ကျောင်းကျန်းမာရေး ဌာန တစ်ခု ရှိကြ ပါတယ်။ ဒါပေမယ့် ဖရူဆို မြို့နယ်နဲ့ ဖာဆောင်းမြို့နယ် ဆေးရုံတွေမှာ ဆရာဝန် မရှိဘဲနဲ့ လစ် လပ်လျက်ရှိပါတယ်။ ကယား ပြည်နယ်အတွင်း ရာထူးအလိုက်ဆရာဝန်များဟာ လက်ရှိအင်အား(၃၈)ဦးရှိပြီးတော့ ဖွဲ့စည်းပုံပါ ခွင့်ပြုအင်အားဟာ (၁၅၉)ဦး ရှိပါတယ်။ ဒါကြောင့် လိုအပ်တဲ့အင်အားဟာ (၁၂၁)ဦး ရှိကြောင်း တွေ့ ရှိရပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်တင်ပြထားတဲ့ ဆရာဝန်များ အင်အားစာရင်းအရ လစ်လပ်လျက်ရှိတဲ့ ရာထူးအလိုက် ဆရာဝန်များခန့်ထားပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါတယ်။ လစ်လပ်ဆရာဝန်များကို ခန့်ထားပေးမယ်ဆိုရင်လည်းပဲ မည်သည့်အချိန်မှာ ခန့် ထားပေးနိုင်မည်ကို သိရှိမေးမြန်းလိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## တီးတိန်မြို့ ပြည်သူ့ဆေးရုံကြီးတွင် အထူးကုနှင့် လက်ထောက်ဆရာဝန်များခန့်ထားပေးရန်နှင့် ဆရာဝန်အိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ၊ ဦးခမ်ဆွင်းမုန် က တီးတိန်မြို့ ပြည်သူ့ဆေးရုံကြီးတွင် အထူးကုနှင့်လက်ထောက်ဆရာဝန်များခန့်ထားပေးရန်နှင့် ဆရာဝန်အိမ်ရာများဆောက်လုပ်ပေးရန် အစီအစဉ်ရှိ /မရှိ နှင့်စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထော င်စုဝန်ကြီးများ၊ ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချ င်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) တီးတိန်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမေးမြန်းလိုတာကတော့ တီးတိန်မြို့ ပြည်သူ့ဆေးရုံကြီးတွင် အထူးကုနှင့် လက်ထောက်ဆရာဝန်များ ခန့်ထားပေးရန်နှင့် ဆရာဝန်အိမ်ရာများ ဆောက်လုပ် ပေးရန် အစီအစဉ်ရှိ /မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့မေးခွန်းကို စာဖြင့် ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်၊ တီးတိန်မြို့ရှိ ပြည်သူ့ ဆေးရုံကြီးသည် နိုင်ငံတော်မှ ခု တင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ခဲ့ပြီး လူနာဆောင် အဆောက်အဦ အသစ် ကိုလည်း နိုင်ငံတော်က ဆောက်လုပ် ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ ဤဆေးရုံကြီးအတွက် ဖွဲ့စည်းပုံအရ ဆရာဝန်အင် အားမှာ အထူးကု ဆရာဝန်များဖြစ်သည့် ဆေးပညာ၊ ခွဲစိတ်၊ အရိုး၊ သားဖွားမီး ယပ်၊ ကလေး၊ မေ့ဆေး၊ သွားဘက်ဆိုင်ရာနဲ့ ဓါတ်မှန်နဲ့ ရောဂါအဏု ဇီဝအထူးကု ဆရာဝန် (၉)ဦးနဲ့ လက်ထောက် ဆရာဝန်(၁၈)ဦး သွားဘ က်ဆိုင်ရာဆရာဝန်(၂)ဦးရှိကြောင်း သိရှိရပါတယ်။ သို့ရာတွင် ယခု လက်ရှိဆရာဝန် ခန့်ထားမှုမှာ ဆေးရုံအုပ် (၁)ဦး၊ သားဖွားမီးယပ် အထူးကု(၁)ဦးနဲ့ လက်ထောက် ဆရာဝန်(၂)ဦးသာလျှင် ရှိပြီးလူနာများအား မနိုင်မနင်းဖြစ်ကြောင်းတွေ့ရှိရပါတယ်။ အထူးသဖြင့် ဒေသအတွင်း အဖြစ် အများဆုံးဖြစ်တဲ့ ရောဂါများအတွက် လိုအပ်သော အထူးကုဆရာဝန်များမှာ ခွဲစိတ်၊ အရိုး၊ ဆေးပညာ၊ သားဖွားမီးယပ်၊ ကလေးဆိုင်ရာ ဆရာဝန်များ ဖြစ်ပါတယ်။ကျွန်တော်တို့ ချင်းပြည်နယ်သည် ဆင်းရဲနွမ်းပါးသော ပြည်သူအများဆုံး နေထိုင်သောဒေသဖြစ်ပြီး လမ်းပန်း ဆက်သွယ်ရေးမှာလည်း အလွန် ခက်ခဲသောဒေသတစ်ခု ဖြစ်ပါတယ်။ အသက် အန္တရာယ် စိုးရိမ်ရသောအရေးပေါ် လူနာများကို ပြည်နယ်ခြား၊ မြို့ နယ်ခြား ရှိဆေးရုံများသို့ အချိန်မီ သွားရောက်ကုသရန် အလွန်ခက်ခဲလှပါသဖြင့် အသက်ဆုံးရှုံးခဲ့ရခြင်း များမှာလည်း ကြုံတွေ့ခဲ့

ရပါတယ်။ ၎င်းအပြင် တီးတိန်မြို့တွင် ဆရာဝန် နေအိမ်နှစ်လုံးမှာ ဟောင်းနွမ်းပျက်စီး ခဲ့ပြီး ဆရာဝန်များ နေထိုင်ရန် အိမ်ရာလုံလောက်မှု မရှိသဖြင့် ဆရာဝန်၊ ဆရာမများ ဝန်ထမ်းများအတွက် အခက်အခဲများလည်း ကြုံတွေ့ရပါတယ်။ သို့ဖြစ်ပါ၍ တီးတိန်မြို့ ပြည်သူ့ဆေးရုံကြီးတွင် အထူးကုဆရာဝန်နှင့် လက်ထောက် ဆရာဝန်များ ခန့်ထားရန်နှင့် ဆရာဝန် အိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ /မရှိကို အောက်ပါအတိုင်း တင်ပြမေးမြန်း အပ်ပါတယ်။

(၁) အထူးကုဆရာဝန်နှင့် လက်ထောက်ဆရာဝန်များ တိုးချဲ့ခန့်ထားပေးရန် အစီအစဉ် ရှိ /မရှိ

(၂)ဆရာဝန်အိမ်ရာများတိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ စတဲ့မေးခွန်းများဖြစ် ပါတယ်။

ကျေးဇူးတင်ပါတယ်။

**ကျိုက်ထိုမြို့ (၂၅)ခုတင်ဆံ့ ဆေးရုံအား ခု တင်(၅၀)ဆံ့ဆေးရုံအဖြစ် လည်းကောင်း၊ သိမ်ဇရပ် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအား (၂၅)ခုတင်ဆံ့ဆေးရုံအဖြစ်လည်းကောင်း အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညီညီထွန်းက ကျိုက်ထိုမြို့ (၂၅)ခုတင်ဆံ့ ဆေးရုံအား ခုတင် (၅၀)ဆံ့ ဆေးရုံအဖြစ်လည်းကောင်း၊ သိမ်ဇရပ်(၁၆) ကုတင်ဆံ့တိုက်နယ်ဆေးရုံအား (၂၅) ခုတင်ဆံ့ ဆေးရုံ အဖြစ်လည်းကောင်း အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးညီညီထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးညီညီထွန်း ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်ဖြစ်သော ကျိုက်ထိုမြို့နယ်မှာ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလကုန်မှာ ကောက်ယူတဲ့ စာရင်းအရ လူဦးရေ (၂၀၈၀၀၀)ကျော် ရှိပါတယ်ခင်ဗျား။ ကျန်းမာရေးစောင့် ရှောက်မှုအနေနဲ့ ကျိုက်ထိုမြို့မှာ (၂၅)ခုတင်ဆံ့ဆေးရုံတစ်ရုံနှင့် ဒီဆေးရုံမှာ ဆရာဝန် (၅)ဦး ပဲရှိပါတယ်။ ကျိုက်ထိုမြို့ နဲ့ (၂၁)မိုင်ဝေးတဲ့ သိမ်ဇရပ်တိုက် နယ်မှာ (၁၆) ခုတင်ဆံ့တဲ့ ဆေးရုံ တစ်ရုံ ရှိပြီးတော့ ဆရာဝန်ကတော့ တစ်ဦးပဲ ရှိပါတယ်။ ဒီသိမ်ဇရပ်မြို့မှာဆိုရင် စစ်တောင်း

စက္ကူစက်လည်း ရှိပါတယ်။ ကျိုက်ထိုမြို့ဟာ မွန်ပြည်နယ်ရဲ့ တံ ခါးဝဖြစ်တဲ့အပြင် ကမ္ဘာကျော် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး တည်ရှိရာနေရာလည်းဖြစ်တဲ့အတွက် နှစ်စဉ်ဘုရားဖူး ပြည်သူများ သန်းနဲ့ချီပြီးတော့ ဝင်ရောက်လေ့ရှိပါတယ်။ ဒါ့အပြင် နိုင်ငံခြားခရီးသည်များလည်း အမြဲမပြတ် ဝင်ရောက်လေ့ရှိပါတယ်။ ဒီအရေးပေါ်ကြုံကြိုက်တဲ့ကိစ္စများဟာ အရေးပေါ်ကြုံကြိုက် တယ်ဆိုတာ ကျွန်တော်တလောက လွန်ခဲ့တဲ့(၂)နှစ်က ရောင်နီထွန်းကားမှောက်ပါတယ်။ လူ(၂၉) ယောက်သေပါတယ်။ ဒီအခါများမှာ ကျွန်တော်တို့ ဆရာဝန်မလုံလောက်တဲ့အတွက် သထုံနဲ့ မော်လမြိုင်ကနေပြီးတော့ ဆရာဝန်များကို လှမ်းခေါ်ရပါတယ်။ ပြီးတဲ့အခါမှာ ရန်ကုန်မြို့ကို ပို့ရပါတယ်။ ရန်ကုန်မြို့နဲ့ ကျိုက်ထိုဟာ မိုင် (၁၀၀)ကျော်ဝေးတဲ့အတွက် လမ်းခရီးမှာ အသက် ဆုံးရှုံးမှုများဖြစ်ပေါ်လေ့ရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ လူနာနဲ့ဆေးရုံ မျှတမှုရှိစေရေးအတွက် ကျိုက်ထိုမြို့မှာ ရှိတဲ့ (၂၅)ခုတင်ဆံ့ဆေးရုံကို ကုတင်(၅၀)ဆံ့ဆေးရုံအဖြစ်လည်းကောင်း၊ သိမ်ဇရပ်မှာရှိတဲ့ (၁၆)ခုတင် ဆံ့တဲ့ဆေးရုံကို (၂၅)ခုတင်ဆံ့ဆေးရုံကြီးအဖြစ် မြှင့်တင်ပေးပါရန် အစီအစဉ်ရှိ/မရှိ ကျွန်တော်မေးမြန်းလိုပါတယ်။ တကယ်လို့များ အစီအစဉ် မရှိခဲ့ဘူးဆိုရင်လည်း ဒီမဲဆန္ဒရှင်များရဲ့ ဆန္ဒအရ အဆင့်မြှင့်တင် ပေးပါရန် ကျွန်တော် လေးစားစွာနဲ့ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် သားဖွားဆရာမသင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးစတီဗင်သာဘိတ် က ချင်းပြည်နယ် ဟားခါးမြို့တွင် သားဖွားဆရာမသင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးစတီဗင်ဘာဘိတ်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် ဟားခါးမြို့တွင် သားဖွားဆရာမ

သင်တန်းကျောင်း ဖွင့်လှစ်ပေးနိုင်ရေး အစီအစဉ် ရှိ/မရှိကို ဆွေးနွေးမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ချင်းပြည်နယ် တစ်ခုလုံး၏ ကျေးရွာများတွင် ကျေးရွာ ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်ရန်အတွက် တိုက်နယ်ဆေးရုံပေါင်း (၁၅)ခု ကျေးလက်ကျန်းမာရေး ဌာနပေါင်း (၅၇)ခု ၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်ရေးဌာန (၉)ခု ဆိုပြီးတော့ နိုင်ငံတော်မှ ဖွင့်လှစ် ပေးထားကြောင်းကိုလည်း သိရပါတယ်။ သို့သော်လည်း သားဖွားဆရာမ အနေနဲ့ ရှိသင့်တဲ့ ဦးရေ (၃၄၉)ဦးအနက် အမှန်ရှိတဲ့ ဦးရေမှာ (၃၀၄)ဦးသာရှိပြီး (၄၅)ဦး လစ်လပ်နေကြောင်း တွေ့ရပါ တယ်။ သူနာပြုနဲ့ သားဖွားဆရာမ နှစ်ခုပေါင်း ရှိသင့်တဲ့ဦးရေ (၁၂၈၄)အနက် အမှန်ရှိတဲ့ ဦး ရေမှာ (၆၇၀)ဦး ဖြစ်တဲ့အတွက် လစ် လပ်တဲ့ဦးရေမှာ (၆၁၄)ဦး ရှိကြောင်းကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒါကြောင့် ကျန်းမာရေးစောင့်ရှောက်မှုမှာ အားနည်း နေတယ်လို့ တွေ့ရှိ ရပါတယ်။ သားဖွားဆရာမသင်တန်းကျောင်းဟာ တိုင်းဒေသကြီးများနဲ့ ပြည်နယ် များအားလုံးကို တစ်ကျောင်းစီနိုင်ငံတော်က ဖွင့်လှစ်ပေးခဲ့တယ်လို့လည်း ကြားသိရပါတယ်။ ချင်းပြည်နယ် တစ်ခုတည်း သားဖွားဆရာမ သင်တန်းကျောင်း မရှိကြောင်း သိရပါတယ်။ ချင်းပြည်နယ် က သင်တန်းသူများအနေနဲ့ ခရီးကွာဝေးသော ရန်ကုန်မြို့သို့သာ တက်ရောက်လေ့ ရှိကြောင်း ဒီကလူများအနေနဲ့ ခရီးကွာဝေးသည်ကတစ်ကြောင်း ၊ ကုန်ကျစရိတ်ပိုမိုများတာက တစ်ကြောင်းကြောင့် သင်တန်းသူရရှိရေးအတွက် အလွန်အခက်အခဲတွေ့ ကြောင်းကို ကျွန်တော် သိရှိရပါတယ်။ အောက်ပြည်အောက်ရွာ ကနေ ဆရာမများလည်း လာရောက်တာဝန် ထမ်းဆောင်ရာမှာလည်း အလွန်ခက်ခဲနေကြောင်းကိုလည်း သိရပါတ ယ်။ အဲဒါကြောင့် ကြီးကြပ် ကွပ်ကဲမှု လွယ်ကူ အောင် မြင်ရန်အတွက် ဟားခါးမြို့တွင် ခု တင် (၂၀၀)ဆံ့ ဆေးရုံ ကြီး ရှိတဲ့အတွက်ကြောင့် လက်တွေ့သင်တန်းပို့ချဆောင်ရွက်ရန် လူများအနေနဲ့လည်း အလွန်အဆင်ပြေ မည်ဖြစ်ကြောင်း သုံးသပ်ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ထပ်ဖြည့်ချင်တာကတော့ နိုင်ငံ တော်အနေနဲ့လည်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံ ချက် အချက် (၈)ချက်နဲ့ ဆောင်ရွက်လျ က် ရှိကြောင်းကိုလည်း သိရပါတယ်။ ချင်းပြည်နယ်ဟာလည်း (၇၃.၃)ဖြင့် မြန်မာပြည်တစ်ပြည်လုံးမှာ အဆင်းရဲဆုံးဒေသတစ်ခုဖြစ်နေကြောင်းကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ အဲဒါကြောင့် ကျေးရွာနေ လူထုကျန်းမာရေးဟာ အဓိကကဏ္ဍအနေနဲ့ ပါနေကြောင်းကို ကျွန်တော်တို့ တွေ့ရပါတယ်။ အဲဒါကြောင့် ကိုယ့်ဒေ သနဲ့ ကိုယ့်ပြည်နယ်မှာ လိုအပ်သော ဆရာမများ မွေးထုတ်ပေးနိုင်ရန် အထူးလိုအပ်ကြောင်းကိုလည်း ကျွန်တော်တို့ သုံးသပ်ရပါတယ်။ သင်တန်းသူရရှိရေးအတွက်လည်း

ပိုမိုလွယ်ကူမယ်လို့လည်း ယူဆရပါတယ်၊ အဲဒါကြောင့် ကျွန်တော်အနေနဲ့ မေးမြန်းချင်တာကတော့ နံပါတ်(၁)ချင်းပြည်နယ်ဟာ ဟားခါးမြို့၌ သားဖွားဆရာမသင်တန်းကျောင်းဖွင့်လှစ်ရန် လိုအပ်မှုကို အစိုးရမှသိရှိပါသလား။ နံပါတ်(၂)သိရှိပါက သင်တန်းကျောင်း ဖွင့်လှ စ်ပေးရန် အစီအမံရှိပါ သလား။ နံပါတ်(၃) အစီအမံမရှိပါက အဘယ်ကြောင့်နည်း။ နံပါတ်(၄)ရှိပါက မည်သည့် အချိန်လောက်မှ စီစဥ် ဆောင်ရွက်ပေးမည် ကို သိရှိလိုပါကြောင်း မြို့နယ်ပြည်သူလူထုရဲ့ကိုယ်စား တင်ပြအပ်ပါတယ်ခင်ဗျား ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၂။**

**ဒေါက်တာဖေသက်ခင် ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန** ။ လေးစား အပ်ပါသောအမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွလွှတ်တော်ကိုယ်စားလှယ်များခင်ဗျားကျွန်တော် ကတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ဖြစ်ပြီးတော့ ကိုယ်စားလှယ်(၄)ဦးရဲ့မေးခွန်းကို ကျွန်တော် တစ်ခုချင်း ဖြေကြားမှာဖြစ်ပါတယ်။ ပထမဦးဆုံး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပိုးရယ်အောင်သိန်းရဲ့ မေးခွန်းကို ပြန်လည်ရှင်းလင်းရမယ်ဆိုရင် ကယားပြ ည်နယ် လွိုင်ကော် ပြည်သူ့ဆေးရုံ ကြီးမှာ ဆေးရုံအုပ်ကြီး တစ်ဦး၊ အထူးကုဆရာဝန် ကြီး (ဆေးပညာ )တစ်ဦး၊ အထူးကုဆရာဝန် ကြီး (ကလေးကျန်းမာ )တစ်ဦး၊ အထူးကုဆရာဝန်ကြီး (မေ့ဆေး )တစ်ဦး၊ အထူးကု ဆရာဝန်ကြီး (မျက်စိ) တစ်ဦး၊ အထူးကု ဆရာဝန်ကြီး(ခါတ်မှန်) တစ်ဦး၊ အထူးကုဆရာဝန်(ဆေးပညာ) တစ်ဦး၊ အထူးကုဆရာဝန် ကြီး (ခွဲစိတ် )တစ်ဦး၊ အထူးကုဆရာဝန် (အရိုး )တစ်ဦး၊ အထူးကုဆရာဝန် (စိတ်ကျန်းမာ )တစ်ဦး၊ အထူးကုဆရာဝန် (အကြောအဆစ် )တစ်ဦး၊ လက်ထောက်ဆရာဝန် (သားဖွားမီးယပ် )တစ် ဦး၊ လက်ထောက်ဆရာဝန် (ခွဲစိတ် )တစ်ဦး၊ လက်ထောက် ဆရာဝန် (နား၊နှာခေါင်းနှင့် လည်ချောင်း)တစ်ဦး၊ ရိုးရိုး လက်ထောက် ဆရာဝန်(၉)ဦးတို့ လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ၁၅-၈-၂၀၁၁ ရက်စွဲပါစာအမှတ်

၃-မက(က)၂၀၁၁/၂-၁၃၀ ဖြင့် ဆေးရုံအုပ်တစ်ဦးကို လည်း ထပ်မံခန့်ထားပြီး ဖြစ်ပါတယ်။ ပြည်သူ့ဆေးရုံ ဒီမောဆို မြို့နယ်မှာ ကျန်းမာရေးဦးစီးဌာနမှူးတစ်ဦး၊ ပြည်သူ့ဆေးရုံ ဘော်လခဲ မြို့မှာ အထူးကုဆရာဝန် (သွား၊ခံတွင်း)တစ်ဦးတို့ကို ပြည်နယ်ကျန်းမာရေး ဦးစီးဌာန အစီအစဉ် ဖြင့် ခန့်ထား ပြီးတော့ လက်ထောက်ဆရာဝန်တစ်ဦး၊ ပြည်သူ့ဆေးရုံ ရှားတောမြို့ မှာ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးတစ်ဦး၊ ပြည်သူ့ဆေးရုံ ဖားဆောင်းမြို့မှာ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနအစီအစဉ်ဖြင့် လက်ထောက် ဆရာဝန်တစ်ဦး၊ ပြည်သူ့ဆေးရုံ မယ်စဲ့မြို့မှာ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူးတစ်ဦး၊ ပြည်သူ့ဆေးရုံ ဖရူဆိုးမြို့မှာ ပြည်နယ်ကျန်းမာရေးဦးစီး ဌာန၏ အစီအစဉ်ဖြင့် လက်ထောက်ဆရာဝန်တစ်ဦးတို့ ကို လက်ရှိစေလွှတ်တာဝန်ထမ်းဆောင် စေလျက် ရှိပါတယ်။ ကယားပြည်နယ်အတွင်းမှာရှိတဲ့ ကျ န်ဆေးရုံတွေမှာ လစ်လပ်လျ က်ရှိတဲ့ အထူးကု ဆရာဝန်များ၊ တိုက်နယ်ဆရာဝန်များ ၊ လက်ထောက်ဆရာဝန်များနဲ့ သွားဘက် ဆိုင်ရာဆရာဝန် များကိုလည်း ခန့်ထားနိုင်ရန် စီ စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် အလျဥ်းသင့်လို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများကို ကျွန်တော်ကျန်းမာရေးဝန်ကြီး ဌာနနဲ့ ကျန်းမာရေးဝန်ကြီး ဌာနဝန်ထမ်းများကိုယ်စား တင်ပြ ချင်တာလေးတွေရှိပါတယ်။ ဒါ ဟိုတစ်နေ့ကလည်း ပညာရေး ကိစ္စနဲ့ပတ်သက်လို့ ဒီ Teacher Friendly ကိစ္စတွေဆွေးနွေး သွားတယ်လို့လည်း ကြားရပါတယ်။ အဲဒီတော့ ကယားပြည်န ယ်မှာရော၊ ချင်းပြည်နယ်မှာရော တချို့ နာဂ တောင်တန်းအထူးဒေသ အဲဒါတွေဟာပေ့ါလေ၊ တ ချို့ဒေသတွေဟာ လမ်းပန်း ဆက်သွယ်ရေးခက်ခဲတာတွေရှိပါတယ်။ တချို့လုံခြုံရေး၊ တ ချို့ စားဝတ်နေရေး၊ တချို့ ဘာသာစကားတို့ တိုးမပေါက်တဲ့ နေရာရှိပါတယ်။ အဲဒီနေရာတွေကို ကျွန်တော်တို့ ကျန်းမာရေး ဝန်ထမ်းများ သွားရောက်တဲ့အခါမှာ သူတို့အတွက်ကို ဒေသခံအနေနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှတဆင့် ဒေသခံအနေနဲ့ သူတို့အတွက် ကူညီပေးနိုင်မယ်၊ စော င့်ရှောက် နိုင်မယ်၊ တစ် စိတ်တစ်ပိုင်း ပံ့ပိုးပေးနိုင်မယ်ဆိုရင်ဖြင့် ဒီလိုကိစ္စမျိုးလေးတွေဟာ ပိုမိုအဆင်ပြေ သွားစရာ အကြောင်းရှိပါတယ်။ ဘာဖြစ်လို့လည်း ဆိုတော့ အဲဒီ ဒေသတွေမှာ ခုနဘာသာစကား တိုးမပေါက်တဲ့ကိစ္စ၊ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး ဒီကိစ္စတွေနဲ့ စားဝတ်နေရေး ခက်ခဲတယ်ဆိုတာ လွှ တ်တော်ကိုယ်စားလှယ်ကြီးများ ကျွန်တော်ထက်ပိုသိပါတယ်။ ဒီလိုနေရာ မျိုးတွေကို ပြည်မက ဝန်ထမ်းများကို ပို့ပြီး တာဝန်ထမ်းဆောင်စေတဲ့အခါမှာ ဒေသခံများရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက် ကူညီမှုသည်လည်း အရေးကြီးပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ

ကိုလည်း ကျွန်တော့် အနေနဲ့ အား ကိုးပါတယ်။ ဒါကျွန်တော်ရဲ့ ဝန်ထမ်းများကို လွှတ်တဲ့အခါမှာ ဒါလေးကူညီပေးဖို့ ကျွန်တော့်အနေနဲ့ ဒါလေးဒီနေရာမှာ တင်ပြတောင်းဆိုပါတယ်။

ဒုတိယအနေနဲ့ကတော့ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၅) တီးတိန်မြို့နယ်မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန်ရဲ့ မေးခွန်းဖြစ်ပါတယ်။ ချင်းပြည်နယ် တီးတိန်မြို့ ပြည်သူ့ ဆေးရုံမှာ ဆေးရုံအုပ်တစ်ဦး၊ လက်ထောက်ဆရာဝန်(သားဖွားမီးယပ်)တစ်ဦး၊ လက်ထောက်ဆရာဝန် (၂)ဦး လက်ရှိတာဝန်ထမ်းဆောင်နေပါတယ်။ လစ်လပ်လျက်ရှိတဲ့ အထူးကုဆရာဝန်များ ဖြစ်ကြတဲ့ (ဆေးပညာ/ ခွဲစိတ်ကုပညာ/ ကလေးကျန်းမာ/ မေ့ဆေး/အရိုး)အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များနဲ့ သွားဘက်ဆိုင်ရာ ဆရာဝန်များကို မကြာခင်ခန့် ထားနိုင်ဖို့ စီစဥ် ဆောင်ရွက်လျက်ရှိပါတယ်။ တီးတိန်မြို့ ပြည်သူ့ဆေးရုံမှာ လောလောဆယ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန်အတွက် ဒီ နှစ်ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေမှာတော့ ခွဲဝေထား ခြင်း မရှိသေးပါဘူး။ ဆရာဝန်အိမ်ရာများဆောက်လုပ်နိုင်ရန်၊ ပြင်ဆင်နိုင်ရန် အတွက်ကို လာမယ့် နှစ် တွေမှာ ငွေလုံးငွေရင်း ရန်ပုံငွေတွေတင်ပြတောင်းခံပြီး ဆောက်လုပ်ပေးနိုင်ရေး စီစဥ်မည်ဖြစ်တဲ့ အကြောင်း ပြန်ကြားအပ်ပါတယ်။

တတိယမေးခွန်းကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) ကျိုက်ထိုမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးညီညီထွန်း ရဲ့ မေးခွန်းဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁) မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း ရဲ့ မေးခွန်းကို ဖြေကြားရမယ် ဆိုရင် ကျိုက်ထိုမြို့နယ် ဟာ လူဦးရေ (၁၅၇၂၁၆)ဦး၊ အိမ်ခြေ (၂၇၇၄၅)အိမ် ရှိပြီးတော့ (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆံ့ သိမ်ဇရပ် တိုက်နယ် ဆေးရုံတစ်ရုံနှင့် မိခင်နှင့် ကလေး ကျန်းမာရေးဌာနတစ်ခု၊ ကျေးလက် ကျန်းမာရေးဌာန (၇)ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ (၂၈)ခုတို့နဲ့ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုကို ပေးလျက် ရှိပါတယ်။ ကျိုက်ထိုမြို့နယ် (၂၅)ခုတင်ဆံ့ ဆေးရုံကို ဆရာဝန် (၄)ဦး၊ သွားဆရာဝန် (၁)ဦး၊ သူနာပြု(၈)ဦး၊ အကူသူနာပြု(၂)ဦး အပါအဝင် ဝန်ထမ်း(၄၂)ဦး ဖွဲ့စည်းပုံနှင့် ၁၄-၈-၁၉၉၁ မှာ ဖွင့်လှစ်ဆောင်ရွက်ပါတယ်။ သိမ်ဇရပ်တိုက်နယ် ဆေးရုံကိုဆရာဝန်တစ်ဦး၊ အထက်တန်းသူနာပြု တစ်ဦး အပါအဝင် ဝန်ထမ်းလေးဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ လက်ရှိ အခြေအနေအရ ကျိုက်ထိုမြို့နယ်ပြည်သူ့ ဆေးရုံကို ဆရာဝန် (၅)ဦး၊ သွားဆရာဝန် (၁)ဦး၊

သူနာပြု(၁၆)ဦးအပါအဝင် ဝန်ထမ်းအင်အား (၅၅)ဦး ပါဝင်သော (၂၅)ခုတင်ဆံ့ စံကိုက်ဖွဲ့စည်းပုံရတဲ့ဆေးရုံအဖြစ်သို့ အဆိုပြုတင်ပြဖို့ရယ်၊ (၁၆)ခုတင်ဆံ့ သိမ်ဇရပ်တိုက်နယ် ဆေးရုံကိုလည်း ဆရာဝန် (၂)ဦး၊ သူနာပြု (၆)ဦးအပါအဝင် ဝန်ထမ်း (၁၇)ဦးပါဝင်တဲ့ (၁၆)ခုတင်ဆံ့ စံကိုက်ဖွဲ့စည်းပုံအဖြစ် တိုးမြှင့်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြန်ကြားလိုပါတယ်။

စတုတ္ထမေးခွန်းကတော့ ချင်းပြည်နယ် ဟားခါးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်ရဲ့မေးခွန်းပဲဖြစ်ပါတယ်။ ဆေးသိပ္ပံပညာဦးစီးဌာနက သူနာပြုနဲ့ သားဖွားသင်တန်းကျောင်းတွေကို ၁၉၉၃-၁၉၉၄ ခုနှစ် ကစပြီးတော့ စီမံချက်အတိုင်း တိုးချဲ့ပြီးတော့ ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီး အများစုနဲ့ ပြည်နယ်အချို့မှာ သူနာပြုသားဖွား သင်တန်းကျောင်းနှစ်ကျောင်းစီ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကယား၊ ချင်း၊ မွန်၊ ရခိုင်နဲ့ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်းမှာတော့ သူနာပြုနဲ့ သားဖွားသင်တန်းကျောင်း တစ်ကျောင်းစီ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ချင်းပြည်နယ်အတွက်ကို ဖလမ်းမြို့မှာ သူနာပြုသင်တန်း ကျောင်း ၁၉၉၃-၁၉၉၄ ခုနှစ်မှအစပြုပြီးတော့ ပြည်နယ်အတွင်း အချက်အချာကျတဲ့ ဖလမ်းမြို့မှာ အကြီးအကဲများရဲ့ လမ်းညွှန်ချက်အရ ဖွင့်လှစ်ခဲ့ပါတယ်။ သားဖွား သင်တန်းဖွင့်လှစ်ရာမှာ သားဖွား သင်တန်း ဖွင့်လှစ်ဖို့ကျတော့ အရေးကြီးတာကတော့ ဒီမွေးလူနာများရဖို့အရေးကြီးပါတယ်။ မွေးလူနာ ရရှိတဲ့အခါကျတော့ ဒီအလုံအလောက်ရတဲ့အခါကျမှ သင်တန်းသူများကို သင်တန်းပေးလို့ ရပါတယ်။ အဲဒီတော့ ကြည့်လိုက်တဲ့အခါမှာ ဖလမ်းနဲ့ ဟားခါးဆေးရုံကြီးများမှာ ဒီသားဖွား သင်တန်းကျောင်းဖွင့်ဖို့ လောက်လေ့ကျင့်သင်ကြားပေးဖို့အတွက် လုံလောက်တဲ့ မွေးလူနာ ယနေ့အထိရရှိခြင်း မရှိသေးပါဘူး။ ဒီဒေသအနေနဲ့ လိုနေတာမှန်ပေမယ့် မွေးလူနာအနေနဲ့ နည်းနေတဲ့ အတွက် အဲဒီဆေးရုံတွေမှာ သားဖွား သင်တန်းအနေနဲ့ ဖွင့်ဖို့က မဖြစ်နိုင်သေးတဲ့အတွက် ခုချိန်မှာ ဗဟိုသားဖွားသင်တန်းကျောင်း ရန်ကုန်မှာ နိုင်ငံတော်က တာဝန်ယူအဆောင်တွေ ထားပေးပါတယ်။ ထားပြီးတော့ လေ့ကျင့်မွေးထုတ်လျက် ရှိပါတယ်။ ဖလမ်းမှာတော့ သားဖွားသင်တန်းကျောင်း မရှိပေမယ့် သူနာပြု သင်တန်းကျောင်းရှိပြီးတော့ အဲဒီက မွေးထုတ်ပေးတဲ့ သူနာပြုများရယ်၊ ရန်ကုန်ဗဟိုသားဖွားသင်တန်းကျောင်းကမွေးထုတ်ပေးတဲ့ ချင်းပြည်နယ် ဒေသခံများ၊ သားဖွားများကို ချင်းပြည်နယ်မှာပဲ ပြန်လည်တာဝန်ပေးချထား တာဝန်ထမ်းဆောင်စေလျက်ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာကတော့ သူနာပြုသားဖွားသင်တန်း ဝင်ခွင့် စနစ်ကို ၂၀၀၃-၂၀၀၄ ခုနှစ် ကနေစပြီးတော့ စီမံချက်များ ရေးဆွဲအတည်ပြုပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များမှ

ဒေသခံ အခြေခံပညာ  အထက်တန်း  အောင်ပြီးတော့ မြန်မာစာ၊ အင်္ဂလိပ်၊ သ  ချာ သုံးဘာသာ ရမှတ် အနည်းအများ ဖြင့် တန်းစီ ရွေးချယ်ပါတယ်။ သက်ဆိုင်ရာ တို င်းဒေသကြီး၊ ပြည်နယ်များ မှာရှိတဲ့ သူနာပြုနဲ့  သားဖွားသင်တန်းကျောင်းများမှာပဲ တက်ရောက်ခွင့်ပြုခဲ့တဲ့စနစ်ကို ဒီနေ့တိုင် ကျင့်သုံးလျက်ရှိပြီးတော့ အရေးကြီးပုဂ္ဂိုလ်  များရဲ့  ခရီးစဉ်လမ်းညွှန်ချက်များ၊  သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်များအတွင်းရှိ  အဖွဲ့အစည်းများရဲ့  ထောက်ခံမှုများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်င  န်းကော်မတီ ၊ ဝေးလံခေါင်ဖျားဒေသများမှ တင်ပြချက်နဲ့ သက်ဆိုင်ရာပြည်နယ်များရဲ့ အဖွဲ့ အစည်းများမှ တင်ပြလာသူများကို စိ စစ်ပြီးတော့ အထူးကိစ္စတစ်ရပ်အဖြစ် စဉ်းစားပြီးတော့ အကန့်အသတ်နဲ့ တက်ရောက်ခွင့်ပြုခဲ့တာတွေလည်း ရှိပါတယ်။ ချင်းပြည်နယ်အတွက် ဒေသခံတွေကနေ လျှောက်ထားတဲ့ဦးရေဟာ လိုအပ်သည်ထက် ပိုမိုလျက်ရှိတာကို နှစ်စဉ်တွေ့နေရတဲ့အတွက် သင်တန်းသူ ရရှိရေးဟာလည်း ခက်ခဲမှု မရှိကြောင်း တွေ့ရပါတယ်။ ဒါ့အပြင် ချင်းပြည်နယ် ဖလမ်းမြို့မှာရှိတဲ့သူနာပြု သင်တန်းကျောင်းနဲ့ ရန်ကုန်ဗဟို သားဖွားသင်တန်းကျောင်းများသို့ ချင်းပြည်နယ်မှ တက်ရောက်ခွင့်ရရှိ သူဦးရေမှာလည်း ၂၀၀၄- ၂၀၀၅  ခုနှစ် မှ   ၂၀၁၀  ခုနှစ်အထိ သူနာပြု   (၃၂၉)ယောက်၊ သားဖွား   (၂၁၈)ယောက် စုစုပေါင်း(၅၄၇)ဦးရှိတာကိုတွေ့ရပါတယ်။ လက်ရှိအခြေအနေမှာ သူနာပြု  သားဖွားသင်တန်းသူ အရေအတွက်မှာ လုံလောက်မှု  ရှိပါသဖြင့်   ဟားခါးမြို့မှာ လတ်တလော အခြေအနေအရ သင်တန်းကျောင်းဖွင့်လှစ်ရန် အစီအစဉ်  မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။ (သြဘာသံများ )

**ပုသိမ်- ငပုတောကားလမ်း စီစဉ်ဆောင်ရွက်ပေးမည့် အခြေအနေနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။   ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်  (၆)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ  ဆောက်လုပ်ရေးဝန်ကြီးဌာန၊  ပြည်ထောင်စုဝန်ကြီးတစ်ဦးတည်းက ဖြေကြား ရမယ့် မေးခွန်းများ  ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း  မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း    ဖြေကြားဖို့ဖြစ်ပါတယ်။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲ ဆန္ဒနယ်အမှတ်(၁) ဦးစိုးဟန်လင်း က ပုသိမ် -ငပုတော ကားလမ်းစီစဉ်ဆောင်ရွက်ပေးမယ့် အခြေအနေနဲ့စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးစိုးဟန်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌ ဌကြီး ခင်ဗျာ။ ဥက္ကဋ္ဌကြီးနဲ့ တကွ၊ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ် ပါတယ်။ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးဟန်လင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော့်အနေဖြင့် ပုသိမ်-ငပုတော ကားလမ်းစီစဥ်ဆောင်ရွက်မယ့် အခြေအနေကို သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ဖတ်ကြားတင်ပြ ခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးစိုးဟန်လင်း၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်ဟာ ရေပတ်လည်ဝန်းရံနေလျှ က်ရှိတဲ့ ကျွန်းမြို့လေး ဖြစ်ပါတယ်။ ရေလမ်းခရီး ကိုသာ အဓိကထားပြီး သွားလာနေ ကြရပါတယ်။ ပုသိမ်မြို့မှ ရေမိုင် (၂၄)မိုင်ကွာဝေးပြီး ရေယာဥ်ဖြင့် (၃)နာရီကြာမြင့်ပါတယ်၊ ဧရာဝတီတိုင်းဒေသကြီး (၂၆)မြို့နယ်မှာ တစ်ခုတည်းသော ကုန်းပိတ်၊ ကားလမ်းပိတ်နေတဲ့ မြို့နယ်ဖြစ်ပါတယ်။ ဒေသခံပြည်သူများက ကိုယ့်အားကိုယ့်ကိုးစနစ်ဖြင့် ၁၉၉၁ ခုနှစ်မှာ ငပုတော -ပုသိမ် ကားလမ်း မြေသားလမ်းဖောက် လုပ်ခဲ့ပြီး ၁၉၉၃ ခုနှစ်မှာ ကားများပြေး ဆွဲခဲ့ပြီးတော့လည်း ချော င်းကူး၊ ဇက်ကူးရေယာဥ် အခက်အခဲများကြောင့် (၂)နှစ်ခန့်သာ ကားဖြင့်သွား လာနိုင်ခဲ့ကြပြီး ရပ်ဆိုင်းခဲ့ရ ပါတယ်။ နိုင်ငံတော်က ၁၇-၈-၂၀၁၀ ရက်နေ့မှာ ငပုတော -ပုသိမ်ကားလမ်း ဖောက်လုပ်ရေးအတွက် စီမံကိန်းလမ်းအဖြစ် ခွင့်ပြုချမှတ်ခဲ့ပါသဖြင့် င ပုတောမြို့ပေါ်နှင့် ကျေးရွာရှိ ပြည်သူများမှာ အလွန်ဝမ်းမြောက်ဝမ်းသာ ရှိနေကြပါတယ်။ ကားလမ်းကို ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးကလည်းကောင်း၊ ရှမ်းရွာချောင်းကူး တံတားကို တံတားအထူးအဖွဲ့ အမှတ်(၇)ကလည်းကောင်း၊ သက်ကယ်ချောင်းကူးတံတားကို တံတားအထူးအဖွဲ့အမှတ် (၁၂)က လည်းကောင်း ၂၀၁၀ ခုနှစ် စက်တင် ဘာလမှာ စတင်ပြီး လုပ်ငန်းများစတင် ဆောင်ရွက်ခဲ့ ကြောင်း သိရှိရပါတယ်။ ငပုတော -ပုသိမ်ကားလမ်း ပြီးစီးပါက ကားဖြင့် (၁)နာရီခန့်သာ ကြာမြင့်မည်ဖြစ်ပါ၍ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေးကိစ္စများ၊

ယခင်ကထက် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာ တော့မှာ ဖြစ်ပါတယ်။ သို့ ဖြစ်ပါသောကြောင့် ငပုတော-ပုသိမ်ကားလမ်း ပြီးစီး ရေးအတွက် မည်သို့ ဆက်လက် ဆောင်ရွက်မည်ကိုသိရှိလိုပါ၍ မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရေကြည် - ရေနံ့သာ - ငွ - ငါးသိုင်းချောင်းကားလမ်းအား ရာသီမရွေးသွားလာနိုင်သည့် ကားလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) ဦးဉာဏ်လင်းက ရေကြည်-ရေနံ့သာ-ငွ-ငါးသိုင်းချောင်း ကားလမ်းအား ရာသီမရွေးသွားလာနိုင်သည့် ကားလမ်းအဖြစ် အဆင့်မြှင့်တင် ပေးရန် အစီအစဉ်ရှိ /မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ရေကြည်-ရေနံ့သာ-ငွ-ငါးသိုင်းချောင်း ကားလမ်းကို ရာသီမရွေး သွားလာနိုင်တဲ့ လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ /မရှိ သိ ရှိလိုပါ၍ မေးမြန်းတင်ပြ ခြင်းဖြစ်ပါတယ်။ ဖတ်ကြားတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ဥက္ကဋ္ဌကြီးခင်ဗျား။ ရေကြည်-ရေနံ့သာ-ငွ-ငါးသိုင်းချောင်းတို့ဟာ ဧရာဝတီတိုင်းဒေသကြီးမှာတည်ရှိပြီး ငွမြို့နယ ် ကတော့ ရခိုင်ပြည်နယ်မှာရှိပါတယ်။ ရေကြည်-ငါးသိုင်းချောင်း-ရေနံ့သာ-ငွမြို့နဲ့ ဆက်သွယ်ထားတဲ့ ကားလမ်း ယခင်ကတည်းက တည် ရှိပြီး ယခုလည်းဆက်သွယ်သွားလာလျက် ရှိ ပါတယ်။ အဲဒီလမ်းကို ရာသီမရွေး သွားလာနိုင်တဲ့လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါက ဧရာဝတီတိုင်းဒေသကြီး ရေကြည်ဒေသနဲ့ ရခိုင်ပြည်နယ် ငွဒေသတို့မှ ကုန်စည်များ ပုသိမ်သို့လည်းကောင်း၊ ကျောင်းကုန်းမှတစ်ဆင့် ရန်ကုန်သို့လည်းကောင်း ချောမွေ့စွာ အချိန်တိုအတွင်း ရောက်ရှိနိုင်ပြီး

အရောင်းအဝယ် ပိုမိုပွင့်လန်းလာမှာ ဖြစ်ပါတယ်။ လမ်းတစ် လျှောက်နဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ ကျေးလက်ပြည်သူတွေရဲ့စီးပွားရေး၊ လူမှု ရေးအခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ရေကြည် -ရေနံ့သာ-ဂွ-ငါးသိုင်းချောင်း ကားလမ်းကို ရာသီမရွေး သွားလာနိုင်တဲ့လမ်းအဖြစ် အဆင့်မြှင့်တင် ပေးရန် အစီအစဉ်ရှိ /မရှိ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ဖြေကြားပေးနိုင်ပါရန် လေးစားစွာတပြ် အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ ငပလီကမ်းခြေဟိုတယ်ဇုန်ကတ္တရာလမ်းအား အပေါ်ထပ်ပိုးလွှာ အမြန်ဆုံး ခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြင့်လှိုင်က ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ ငပလီကမ်းခြေဟိုတယ်ဇုန် ကတ္တရာလမ်းအား အပေါ်ထပ်ပိုးလွှာ အမြန်ဆုံး ခင်းပေးရန် အစီအစဉ် ရှိမရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးမြင့်လှိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများ အားလုံး မင်္ဂလာပါလို့၊ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ သံတွဲ-တောင်ကုတ်-ဂွမြို့နယ်များမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင် ပါ။ ကျွန်တော်၏ မေးခွန်းကတော့ သံတွဲ-ငပလီ-လုံးသာ-ဆင်မန်းကျွန်း လမ်းတွင် ထပ်ပိုးလွှာကတ္တရာ ခင်းပေးနိုင်ခြင်း ရှိ /မရှိမေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ၏မေးခွန်းကို ဖတ်ကြား တင်ပြခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးမြင့်လှိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ ငပလီကမ်းခြေ သည် အခြားအပန်းဖြေကမ်းခြေ စခန်းများနှင့် မတူပဲ ရှေးနှစ်ပေါင်းများစွာကပင် ငပလီကမ်းခြေရှိStrand Hotel ၊ ငပလီရွှေဝါချိုင့် လူရည်ချွန်စခန်း၊ နာလန်ထ တပ်မတော်စစ်သည်များ အပန်းဖြေစခန်းနဲ့ ငပလီမြေအဏ္ဏဝါ ရိပ်သာတို့ ရှိနေသောကြောင့် နိုင်ငံတော်၏ အဓိကပုဂ္ဂို လ်ကြီးများ ကမ္ဘာ့နိုင်ငံများမှ တရုတ်

ခေါင်းဆောင်ကြီး ချူအင်လိုင်း၊ တိန့်ရှောင်ဖိန့်၊ မဒမ်တိန့်ရှောင်ဖိန့်နှင့် စစ်ဘက်ခေါင်းဆောင်ကြီးများ စစ်သံမှူးများ၊ အင်္ဂလန်မှကင်းမြို့စားကြီး နဲ့ မာဂရက်မင်းသမီးတို့အပါအဝင် ကျွန်တော်တို့ မကြာခင်နှစ်က ကမ္ဘောဒီးယား သမ္မတကြီးအဖွဲ့တို့ လာရောက်အပန်းဖြေတဲ့ ကမ်းခြေတစ်ခု ဖြစ်၍ သံတွဲ-လုံးသာ-ငပလီလမ်းမှာ ချောမွေ့နေခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ သံတွဲ-လုံးသာ-ငပလီလမ်းမှာ သက်တမ်းကြာမြင့်ပြီး ကားကြီးများ သတ်မှတ်တန်ချိန်ထက် ပိုမို တင်ဆောင် ဖြတ်သန်းသွားလာ နေခြင်းကြောင့် ပျက်စီးလာခဲ့ပါတယ်။ ၂၀၀၈-၂၀၀၉ ခုနှစ် တိုင်းမှူးကြီး ဗိုလ်ချုပ်သောင်းအေး လက်ထက်တွင် သံတွဲ -လုံးသာလမ်းဟာ အဆိုးဆုံးပျက်စီး လာ၍ တိုင်းမှူးကြီး လမ်းညွှန်ချက်အရ ခရိုင်ဥက္ကဋ္ဌအဖွဲ့နဲ့ ကျွန်တော်ဦးစီးပြီးတော့ ငပလီ - Bayview ဟိုတယ်အနီး မှ ရွှေဝါချိုင့်ဟိုတယ်၊ ထူးဟိုတယ်အနီးအထိ တစ်မိုင်ကျော်ထိ၊ Memento ဟိုတယ်မှ ရွှေအင်ကြင်းဟိုတယ်ကြား ပျက်စီးနိမ့်ကျနေသော ပေ (၃၀၀)ကျော်ရှိ လမ်းဟာ ၆လက်မx ၉လက်မ၊ ၂လက်မx၄လက်မ ကျောက်ကြီးခင်း၍ ကတ္တရာ ခင်းပေးခဲ့ပါတယ်။ ကျန် (၁)မိုင်ကျော် ကို ကတ္တရာထပ်ပိုးလွှာခင်းပေးပြီး ကုန်ကျငွေ များကို ဟိုတယ်တချို့က မပေးနိုင်၍ ကျွန်တော် ရပ်ထားခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သံတွဲ - ငပလီလမ်းရှိ ငပလီလမ်းဆုံမှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တည်းခိုရိပ်သာ၊ တပ်မတော်ဧည့်ရိပ်သာများနှင့် ခရစ်ယာန် ရိပ်သာရှိ ပင်လယ်ကမ်းခြေ လမ်းမှာ ပြုပြင် ထိန်းသိမ်းပေးရမည့် စီမံချက်မပါသဖြင့် ပျက်စီးနေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းကတ္တရာလမ်းဟောင်း ပေ (၂၀၀) ကျော်ကို ကျွန်တော်တို့ မိသားစု မှ ၂၀၁၀ ခုနှစ်၊ ဧပြီလ မဟာသင်္ကြန်မကျမီ ၂လက်မx ၄လက်မကျောက်ခံ ကတ္တရာခင်း ပေးခဲ့သည့်အပြင် ယခုအခါ ကား၊ ဆိုင်ကယ် ၊ စက်ဘီးနဲ့ အများပြည်သူများ စိတ်ချမ်းသာ စွာ သွားလာနိုင်ပြီ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်ရှိနေသေးသည့် သံတွဲ - ငပလီ - လုံး သာလမ်း စီမံချက်ကို B.O.T စနစ်ဖြင့် ဂိတ် (၂)ခုထားပြီး ဖြတ်သန်းခကောက်ယူ ပြုပြင်ခဲ့သော်လည်း မိုးများသည့်အခါ ဖာလိုက်ပျက်လိုက်နဲ့ လှိုင်းသာဖြစ်ပေါ်နေပြီး ရေများ၍ မကြာခဏ ပျက်စီးခဲ့ ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများမှာ လမ်းမကောင်းသဖြင့် ဖြတ်သန်းခပေးရသဖြင့် ကျေနပ်မှုမရှိပါ။ လမ်းကို ကောင်းစွာပြုပြင်ပေးပြီး ကောက်ခံပါက ကျေနပ်စွာပေးကြမှာဖြစ်ပါတယ်။ B.O.T စနစ်ဖြင့် ထိန်းသိမ်းပြုပြင်ပေးနေရသည့် ကုမ္ပဏီမှာ ပန်းတောင်း -တောင်ကုတ် ရိုးမလမ်းနဲ့ သံတွဲလမ်းအထိ တာဝန်ယူပြုပြင်နေရပြီး မိုးများစွာ

ရွာသွန်းမှုကြောင့် တံတားကျိုး၊ တောင်ပြို ကိစ္စများကိုအရေးပေါ် မကြာခဏပြုပြင်ပေးနေရသဖြင့် လစဉ်အရှုံးခံ ပြုပြင်ပေး နေရကြောင်း သိရှိရပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သံတွဲ -ငပလီ-လုံးသာ လမ်းသည် အခြားဒေသတိုင်းရှိလမ်းနှင့် မတူ ပဲ V.I.P အထူးဧည့်သည်များ၊ နိုင်ငံခြားဧည့်သည်များ နှစ်စဉ်လာရောက် အပန်းဖြေ အနားယူရာ ကမ်းခြေဖြစ်ပါတယ်။ ဒါ့အပြင် ရှေ့ နှစ်တွင် တိုးချဲ့လေယာဉ် ကွင်းကြီး ပြီးစီးပါက ဧည့်သည်များမှ နေ့ညဝင်ရောက်လာမှာ ဖြစ်ပါတယ် ။ ဒါ့ကြောင့် သံတွဲ -ငပလီ-လုံး သာလမ်းဟာ နိုင်ငံတော်မှ ဆက်လက်တာဝန်ယူ ဆောင်ရွက်၍ လမ်းဖြတ်သန်းခ ဂိတ် (၁)ခုကို လိုအပ်သလို ဆောင်ရွက်ပေးစေလိုပါတယ်။ သို့ပါ၍ သံတွဲ-ငပလီ-လုံးသာ ကတ္တရာ လမ်းဟောင်းကိုပင် ကတ္တရာ ထပ်ပိုးလွှာခင်းပေးနိုင်ခြင်း ရှိ /မရှိ နှင့် ရှိပါက မည်သည့်အချိန်တွင် ခင်းပေးနိုင်မည်ကို သိလိုပါ၍ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုပါတယ်။ လေးစားပါတယ်။

**ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နှင့် ဝမ်ပုံဆိပ်ကမ်း ဆက်သွယ်သော ကားလမ်း အား ရာသီမရွေး သွားလာနိုင်သည့်လမ်းအဖြစ် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ /မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးဝီလ်ဆင်မိုးက ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နှင့် ဝမ် ပုံဆိပ်ကမ်း ဆက်သွယ်သော ကားလမ်းအား ရာသီမရွေး သွားလာနိုင်သည့် လမ်းအဖြစ် စီစဉ်ဆောင်ရွက်ပေး ရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးဝီလ်ဆင်မိုး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဖွဲ့သည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝီလ်ဆင်မိုး ပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တို့ တာချီလိတ်မြို့နဲ့ လာအိုနိုင်ငံဟာ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိနေပြီး မဲခေါင်မြစ်ရဲ့ တစ်ဖက်ကမ်းမှာ လာအိုနိုင်ငံ တည်ရှိပါတယ်။ မြန်မာနိုင်ငံဘက်ကမ်းမှာ ဝမ်ပုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းရှိပြီး ၎င်းဆိပ်ကမ်းနှင့် တချီမြို့သို့ ဆက်သွယ်သွားလာသော လမ်းဟာ ယခုအချိန်အထိ မြေနီလမ်းသာ ရှိနေသေးပါတယ်။

အခုလို မိုးရာသီကာလမှာ ယာဥ်ကြီး၊ ယာဥ်ငယ်များ ဆက်သွယ်သွားလာမှု အခက်အခဲနဲ့ ကြုံတွေ့နေရပါတယ်။ တချို့ မြို့နှင့် ဝမ်ပုံဆိပ်ကမ်းတို့ ဆက်သွယ်သွားလာနိုင်သော လမ်းဟာ (၁၈)မိုင်ခန့်သာ ကွာဝေးပြီး ၎င်းလမ်းကို ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်မှုအား စီစဥ်ဆောင်ရွက်ပေးမှု အစီအစဥ် ရှိ /မရှိ သိလိုပါတယ်။ မရှိပါက မည်သည့်အတွက်ကြောင့် ဆောင်ရွက်ပေးနိုင်မှုမရှိကြောင်းသိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရန်ကုန်မြို့ရှိ ကွန်ဒိုမီနီယံ တိုက်ခန်းများတွင် နေထိုင်သော ပြည်သူများအား အကာအ ကွယ်ပေးနိုင်မည့် ကွန်ဒိုမီနီယံ များနှင့် ပတ်သက်သော ဥပဒေထုတ်ပြန်ရန် အစီအစဥ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဖုန်းမြင့်အောင်က ရန်ကုန်မြို့ရှိ ကွန်ဒိုမီနီယံ တိုက်ခန်းများတွင် နေထိုင်သော ပြည်သူများအား အကာအကွယ်ပေးနိုင်မည့် ကွန်ဒိုမီနီယံ များနှင့် ပတ်သက်သော ဥပဒေထုတ်ပြန်ရန် အစီအစဥ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး များနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကွန်ဒိုမီယံများနဲ့ ပတ်သက် တဲ့မေးခွန်းဖြစ်ပါတယ်။ ကျွန်တော် တို့ ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့ တော်ဖြစ်တဲ့အတွက် လူဦးရေ ခြောက်သန်းခွဲကျော်လောက် လက်ရှိနေထိုင်ပါတယ်။ လူဦးရေဟာလည်း နှစ်စဥ်တိုးပွားနေပါတယ်။ ဒါ့ကြောင့် နေထိုင်ရေးအတွက် နည်းလမ်းမျိုးစုံနဲ့ ဖြေရှင်းနေကြရပါတယ် ။ မြန်မာနိုင်ငံရဲ့ လူဦးရေ အထူ ထပ်အသိပ်သည်းဆုံးဒေသဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ် တ စ်ဝိုက်မှာတော့ ကန်ထရိုက်တိုက်များ စတင်ပေါ်ပေါက်လာပါတယ်။ စတင်ပေါ်ပေါက်စဥ်က (၇)ထပ်၊ (၈)ထပ်ခန့်သာရှိပြီး အခန်းပေါင်း (၂၀)ကျော် (၃၀) လောက်ပဲ ပါပါတယ်။ ဒီအခန်းတွေရဲ့ ရေမီးစနစ်နဲ့ ပြုပြင်ထိန်းသိမ်းရေးများကို မြေပိုင်ရှင်နဲ့ အခန်း

ပိုင်ရှင်များက ပူးတွဲညှိနှိုင်းပြီးတော့ လုပ်ဆောင်နေကြရပါတယ်။ နောက်ပိုင်းမှာတော့ အထပ်ပေါင်းများစွာနဲ့ အခန်းပေါင်းရာကျော်ပါဝင်တဲ့ တိုက်ခန်းကြီးများ ဆောက်လုပ်ရပါတယ်။ ဒီအခန်းပေါင်းရာကျော်ပါဝင်တဲ့အတွက် ဒီအခန်းများ ရဲ့ စီမံခန့်ခွဲရေးကို အခန်းမှာ နေထိုင်သူများက ကိုယ်တိုင်စီမံခန့်ခွဲဖို့ လိုအပ် လာပါတယ်။ ဒီလို စနစ်မျိုးကို ကွန်ဒိုမီ နီယံစနစ်လို့ ခေါ်ဆိုပါတယ်။ ဒီနေ့ပေါ်ပေါက်နေတဲ့ ကွန်ဒိုမီ နီယံကြီးတွေမှာတော့ နေထိုင်ကြတဲ့ အခန်းရှင်တွေဟာ ဒီလို အခွင့်အရေးမျိုးကို အပြည့်အဝမရကြသေးပါဘူး။ မူလ လုပ်ငန်းရှင်များကသာ ဆက်လက်စီမံခန့်ခွဲနေကြတဲ့အတွက် အခန်းနေပြည်သူများ နစ်နာမှုများ ရှိနေကြပါတယ်။ မူလသဘောတူညီထားကြတဲ့ ရေ မီးစနစ်တွေနဲ့ သန့်ရှင်းရေးနဲ့ လုံခြုံရေးစနစ်တွေဓာတ်လှေကားနှင့် ကားပါကင်များအတွက် စနစ်တွေ စသည့်အခွင့်အရေးများ အပြည့်အဝမရကြတဲ့အတွက် နစ်နာ မှုများရှိပါတယ်။ ဒီလို နစ်နာမှုများရှိတာကို သက်ဆိုင်ရာ စည်ပင်သာယာရေးနှင့် တရားရုံးများကို တိုင်ကြားခွင့်တော့ရှိပါတယ်။ ဒီလိုတိုင်ကြားသော်လည်းပဲ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ဖြင့် ရှုပ်ထွေးများပြားနေကြပါတယ်။ ဒါကြောင့် နောင်အခါမှာ သူတို့ နစ်နာမှုမျိုး၊ အငြင်း ပွားမှုမျိုးမရှိလာရန်အတွက် လိုအပ်နေသော ကွန်ဒိုမီ နီယမ်များနှင့်ပတ်သက်သော ဥပဒေထုတ်ပြန်နိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ လက်ရှိ ဥပဒေ မထုတ်ပြန်ခင်မှာလည်း လက်ရှိဖြစ်ပေါ်နေတဲ့ အငြင်းပွားမှုများ၊ နစ်နာမှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မည် သို့ကူညီဖြေရှင်းပေးနိုင်ပါသလဲခင်ဗျား။ အဓိကကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာ နဆိုသည်မှာ ဆောက်လုပ်ရေးကုမ္ပဏီများအပေါ် များစွာသြဇာညောင်းတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကို အားကိုးတကြီးနဲ့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကချင်ပြည်နယ်နဲ့ ပြည်မကြား အဆင်ပြေချောမွေ့စွာ ဆက်သွယ်သွားလာနိုင်မည့် မော်တော်ကားလမ်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း က ကချင်ပြည်နယ်နှင့်ပြည်မကြား အဆင်ပြေချောမွေ့စွာ ဆက်သွယ်သွားလာနိုင်မည့် မော်တော်ကားလမ်းများ

တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ /မရှိ နဲ့ စပ်လျဥ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အပေါင်းတို့ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်က ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော့် အနေနဲ့ ကချင်ပြည်နယ်နဲ့ ပြည်မကြားဆက်သွယ် သွားလာနိုင်သည့် ပြည်ထောင်စုလမ်းမကြီး ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်မှု အခြေအနေကို မေးမြန်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ဆွေးနွေးချက်ကို ဥက္ကဋ္ဌကြီးမှ စာအား ကြည့်ရှုတင်ပြခွင့်ပြုရန် ခွင့်ပြုတောင်းပန်ပါတယ်။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် အခြေခံ ဥပဒေနှင့်အညီ ပြည်ထောင်စုနို င်ငံတော်အစိုးရအနေနဲ့ကလည်း ဈေး ကွက်စီးပွားရေးကို စတင် ကျင့် သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဈေး ကွက် စီးပွားရေး နှင့်အတူ ပြည်တွင်းစီးပွားရေးများ အောင်မြင်ဖို့ ဆိုတဲ့အတွက်က လမ်းပန်းဆက်သွယ်မှုက အင်မတန်အရေးကြီးတဲ့ အနေအထားမျိုး ရှိပါတယ်။ ရထားလမ်း၊ ကားလမ်းများ အဆင်ချောမွေ့ပြီး ကောင်းနေမယ်ဆိုရင် ကျွန်တော်တို့ ကုန်စည်စီးဆင်းမှု သွက် လက်လျှင်မြန်လာပြီးတော့မှ ကုန်ဈေး နှုန်းများ ကျလာမှာ ဖြစ်ပါတယ်။ ဒါမှလည်းပဲ ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူများရဲ့ စီးပွားရေးဘဝနဲ့ ဒေသဖွံ့ဖြိုးတိုးတက် မြင့်မားလာမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင် ပြည်နယ် ပြ ည်သူလူထုဟာ ပြည်မနဲ့ ဆက်သွယ်တဲ့ အခါမှာ အဓိကအားဖြ င့် ခရီးသွားကုန်စည် ပို့ဆောင်ရေးလုပ်ငန်းများကို ရထားလမ်းနဲ့ ကားလမ်း များကို အဓိကထားပြီးတော့မှ သွားရတဲ့ ဒေသဖြစ်ပါတယ်။ ရထားလမ်းကလည်းပဲ ကျွန်တော်တို့ မြစ်ကြီးနားနဲ့ မန္တလေးမှာ ကြည့်တဲ့အခါ တစ်ကြောင်းတည်းသော ရထားလမ်းဖြစ်တဲ့အတွက် ရံဖန်ရံခါများ ရထားတစ်စီးစီးကနေ တ စ်စုံ တစ်ရာ တိမ်းစောင်းမှုဖြစ်လာတဲ့အခါခရီးသည်များဟာ (၄)၊ (၅) ရက် ခရီးသွားခက်ခဲတာကိုလည်း တွေ့ကြုံဖူးရပါတယ်။ ဒီနေ့ ကျွန်တော်တို့ ပြည်မနဲ့ ဆက်သွယ် ထားတဲ့ ပြည်ထောင်စုလမ်းမကြီးကို သွားနိုင်ရမယ့်အနေအထားထက်ကို ပြည်နယ်အတွင်းမှာ ပျက်စီးနေတဲ့ လမ်းကြောင်းတွေကြောင့်မို့ လည်း သွားလာမှု အင်မတန်မှခက်ခဲနေတာကို တွေ့ရ ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။

ကချင်ပြည်နယ် နဲ့ ပြည်မဆက်သွယ်မှု လွယ်ကူစေရန်အတွက် ယခင် တပ်မတော် အစိုးရ လက်ထက်မှာ မြစ်ကြီးနား - ရွှေဘို - မန္တလေး ပြည်ထောင်စုလမ်းမကြီးကို အခြေခံကောင်းများဖြင့် တည်ဆောက်ပေးခဲ့တာ တွေ့ခဲ့ ရပါတယ်။ အဲဒီ လမ်းများ ကိုလည်းပဲ B.O.T စနစ်ဖြင့် ပုဂ္ဂလိက ကုမ္ပဏီများကို လမ်းအပိုင်းအလိုက်ပေးဝေခဲ့သော်လည်းပဲ လမ်းပြုပြင်မှုနဲ့ လမ်းအဆင့်မြှင့်တင်မှု အားနည်းလာတာကြောင့် ဒီနေ့အချိန်အထိ ရာသီမရွေး သွားလာနိုင်တဲ့လမ်းအဆင့်မျိုး မရောက်ခဲ့ ပါဘူး။ ဒီနေ့မှာဆိုရင် လမ်း တံတားများ အလွန် ပျက်တာကြောင့် သာမန်ယာဥ်ကလေးတွေတောင်မှ သွားလာမောင်းနှင်နိုင်မှု မရှိခဲ့ပါဘူး။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင် ပြည်နယ်၊ တိုင်းရင်းသားပြည်သူများဟာ ယခုအခါမှာလမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့အတွက်ကြောင့် မို့လည်းပဲ ကျွန်တော်တို့ ဒီပြည်ထောင်စုလမ်းမကြီးကို ကျွန်တော့်အနေနဲ့ မေးမြန်းသွားခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် ဒီနေ့ နိုင်ငံတော်အနေနဲ့ ကြည့်မယ်ဆိုရင် လမ်းသစ်များဖောက်လုပ်တယ်။ အမြန်လမ်းများကိုလည်းပဲ တည်ဆောက်နေတာကို တွေ့ရပါတယ်။ အဲဒီလို တည်ဆောက်နေသလို ကျွန်တော်တို့ လက်ရှိ ရှိပြီးသား လမ်းဟောင်းများကိုလည်းပဲ အစဥ်တိုးတက်ကောင်းမွန်စေဖို့ ပြုပြင်ထိန်းသိမ်းမှု လိုအပ်မယ်လို့ အကြံပြုတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ၁၉၈၈ ခုနှစ် နောက်ပိုင်း တပ်မတော်အစိုးရတက်လာတဲ့အခါ ကျွန်တော်တို့ မန္တလေး -ရွှေဘို- မြစ်ကြီးနား ပြည်ထောင်စုလမ်း မကြီးကို ပြည်သူတွေနဲ့ လက်တွဲပြီးတော့မှ နေ့နေ့ညည တည်ဆောက်ပေးနိုင်ခဲ့တဲ့ အတွက်ကြောင့်မို့လို့ အဲဒီ ပြည်ထောင်စုလမ်းမကြီးဟာ ကတ္တရာ လမ်းများ ခင်းထားပြီးတဲ့အပိုင်း အနေအထားမျိုး ရှိခဲ့ပါတယ်။ သို့သော်လည်း ကျန်တဲ့ မခင်းနိုင်တဲ့အပိုင်းကို ကျောက်ချော လမ်းအဖြစ် မြှင့် တင်ပေးခဲ့တာကိုလည်း တွေ့ရပါတယ်။ အဲဒီအချိန်မှာဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ တ စ်နံတစ်လျား တိုင်းရင်းသား ပြည်သူများဟာ ကားကြီး ၊ ကားငယ်နဲ့တ စ်ဖုံ မော်လမြိုင် -ရန်ကုန်-မန္တလေးမှ ဘုရားဖူး ဧည့်သည် မှန်လုံကားကြီး တွေကလည်းပဲ နေ့နေ့ညည ကချင်ပြည်နယ်အနှံ့ သွား လာ နိုင်မှာကို နှစ်ကာလတိုအတွင်းမှာ တိုင်းရင်းသားပြည်သူများ ခံစားခဲ့ရပါတယ်။ သို့သော်လည်း ယခုအခါမှာ အိမ်မက်ဆိုးကြီးသဖွယ် ခံစားခဲ့ကြရတဲ့ အရသာက ပျောက်ဆုံးနေပြီ ဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကတ္တရာလမ်းတွေက ယခုအချိန်မှာ ကျောက်ပေါက်ခွက်လမ်း အဆင့် ရောက်သွားပါတယ်။ ကျောက်ချောလမ်းများကလည်းပဲ ဗွက်တန်းလမ်းများ အနေအထား ရောက်သွားတာ တွေ့ရပါတယ်။ ဒါက ဘာလည်းဆိုတော့ တည်ဆောက်ပြီးတဲ့ နောက်ကွယ်မှာ

ကျွန်တော်တို့ ပြန်လည်ထိန်းသိမ်းမှုစနစ် အားနည်းခဲ့ခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်လည်ပြုပြင် ထိန်းသိမ်းမှုဆိုတဲ့ စကားရပ်ကလေး အနည်းငယ်တင်ပြချင် ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေကတော့ ပြန်လည်ပြုပြင်မှုအပိုင်းကို Budget အပေါ်မှာ မူတည်ပြီးတော့မှ ဆောင်ရွက်သွားနိုင်ကောင်း ဆောင်ရွက်သွားနိုင်မှာရှိသလို ပြန်လည်ထိန်းသိမ်းရေးဆိုတဲ့ တာဝန် အပိုင်းကိုတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန တစ်ခုတည်းနဲ့ထောင့်စေ့နိုင်မှာ မဟုတ်ဘူးလို့ ကျွန်တော့်အနေနဲ့ ယူဆမိပါတယ်။ တည်ဆောက်ပြီးခဲ့တဲ့ လမ်းတံတားများတို့ရဲ့ ခံနိုင်ရည်အပိုင်းကို စည်းကမ်းရှိရှိစနစ်တကျ သက်ဆိုင်ရာ တို င်းဒေသကြီးများနဲ့ ပြည်နယ်ဝန်ကြီးများတွေက မိမိတို့ ဧရိယာအတွင်းမှာ စနစ်တကျနဲ့ တာဝန်ယူဆော င်ရွက် ပေးနိုင်မယ်ဆိုရင် တည်ဆောက်ပေးခဲ့တဲ့ လမ်းများ တံ တားများဟာ ရေရှည်တည်တံ့ခိုင်မြဲ သွားမှာကို တွေ့ရပါတယ်။ ထိန်းသိမ်း မှုစနစ် မနိုင်သရွေ့ကာလပတ်လုံးလမ်း၊ တံတားများဘယ်လောက်ပဲ တည်ဆောက် တည်ဆောက် အိတ်ပေါက်နဲ့ဖားကောက်သလိုပဲဖြစ်မယ်လို့ ယူဆရပါတယ်ခင်ဗျား။ ဒါကြောင့်ထိန်းသိမ်းမှု အပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနကို သက်ဆိုင်ရာများက ဝိုင်းဝန်းပံ့ပိုးကူညီဖို့ လိုအပ်မယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြလိုပါတယ်။ ဘာကြောင့် မို့လို့ ဒီအကြံကို တင်ပြရလဲဆို ရင် ယခင်က ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကြည့်ရင် ယာဥ် (၃)တန်၊ ဝန် (၃)တန်ဆိုတဲ့ G,M,C နဲ့ တပ်ကသုံးတဲ့ ကား လောက်သာရှိပါတယ်။ အဲဒီနောက်ပိုင်းမှာ ယာဥ် (၆)တန်၊ ဝန် (၆)တန် တင်နိုင်တဲ့ (TE-11) တွေ ဝင်လာတယ်။ အဲဒီနောက်မှတဆင့် (၁၀) တန်၊ (၁၅) တန်၊ တန်(၂၀) တင်နိုင်လာတဲ့ Canter ကားကြီးတွေ တိုးတက်လာတာကိုတွေ့ ရပါတယ်။ အဲဒီအချိန်ကတော့ လမ်းတည်ဆောက်မှု ကာလအပိုင်းမှာ ဒီ တန်(၂၀)ပတ်ဝန်းကျင်(၂၅) လောက်ခံနိုင်ရည်ရှိတဲ့လမ်း တံတားများကို ဒါဆောက်လုပ်ရေး အနေနဲ့ကလည်း တည်ဆောက်သွားပြီး ဖြစ်ပါတယ်။ သို့သော် ဒီတန် (၂၀) ၊ (၂၅) ခံနိုင်တဲ့လမ်း တံတားတွေဟာ ဒီနေ့ကုမ္ပဏီကြီးတွေက တိုးတက်လာတဲ့ အခါကြတော့ ဆီကား၊ နောက်ပြီးတော့မှ သစ်ကား၊ ကုန်ကား အဲဒီကားကြီးတွေက အမှန်အတိုင်း ပြောရမယ်ဆို လို့ရှိရင် ခံနိုင်ရည်လမ်း ထက်ကိုမကဘဲနဲ့ တန်(၃၀) (၄၀) (၅၀)(၆၀) (၇၀) အထိ တင်ပြီး သွားလာနေတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ထိန်းသိမ်းမှုအားနည်းနေ သရွေ့ကတော့ B.O.T လည်း မ T ပါဘူးခင်ဗျား။ ဆောက်လုပ်ရေးကလည်း မရေးပါဘူးခင်ဗျား။ ဒါကြောင့်မို့လို့ ဆောက်လုပ်ရေးကိုလည်းပဲ ဝိုင်းဝန်းပြီးတော့မှလမ်း ထိန်းသိမ်းမှုကို ကူညီပေးဖို့ လိုအပ်မယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အထူးသဖြင့် ကချင်ပြည်နယ်အနေနဲ့

တင်ပြရရင် ကချင်ပြည်နယ်ဟာ မိုးများတဲ့အတွက် ဒီ တန်ပိုကားကြီးတွေဟာ မိုးရာသီမှာ သစ်ကားပါ မကျန် သွားလာနေကြတဲ့အခါကြတော့ ဘယ်လိုမှကျွန်တော်တို့ဒေသဟာ လမ်းမကောင်းနိုင်ပါဘူး။ ဥပမာ ကျွန်တော်တို့ မိုးညှင်းအထွ က်ဆိုလို့ရှိရင် မိုးညှင်းရဲ့ တပ်နယ်မြေတောင် မလွန်သေးပါဘူး ခင်ဗျား။ (၁၀) မိုင်အတွင်းထဲမှာ (၂) ရက်ခရီးတောင် သွားရပါတယ်။ တ ချို့ကားတွေ အဲ ဒီလိုမျိုး အခက်အခဲတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ ရေရှည်ထိန်းသိမ်းနိုင်ဖို့ က အားလုံးဝိုင်းဝန်းပြီးမှ ဖြစ်မှာပါ။ အကယ်၍ အဲဒီလို ရေရှည်ထိန်းသိမ်းမှု မရှိဘူးဆိုလို့ရှိရင် ကျွန်တော် ထင်ပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်မှာ အကြီးဆုံးဆိုတဲ့ ဗလမင်းထင်တံတားကြီးလည်း နှစ်ကာလ တိုအတွင်းမှာပဲ ပျက်စီးလာနိုင်စရာ အကြောင်းရှိပါတယ်။ ဒါကို လွှတ်တော် ကိုယ်စားလှယ် တစ်ယောက် အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြုတင်ပြခြင်း ဖြစ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ပြီးခဲ့တဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရ လက်ထက်မှာ မော်လမြိုင်ကနေ ရန်ကုန်၊ ရန်ကုန်ကနေ နေပြ ည်တော်၊ နေပြည်တော်ကနေ မန္တလေး အထိ စံချိန်စံညွှန်းနဲ့အညီ နိုင် ငံရဲ့ ဗဟိုအချက်အခြာကျတဲ့ ပြည်ထောင်စုလမ်းမကြီး ကွ န်ကရစ်လမ်းမကြီးတွေ ဖောက်လုပ်ပေး ခဲ့တာကို တွေ့ရပါတယ်။ အမှန်တကယ် ဒီ လမ်းဟာလည်း လိုအပ်တဲ့လမ်းမကြီး ဖြစ်ပါတယ်။ ဖောက်လည်းဖောက်သင့်တဲ့ လမ်းပဲ ဖြစ်ပါတယ်။ သို့သော် ဒီရည်မှန်းချက်ကြီးဟာ မပြီးဆုံးခဲ့ဘူးလို့ ကျွန်တော်အနေနဲ့ ယူဆပါတယ်။ ဘာကြောင့်လည်းဆိုတော့ မန္တလေး -ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမဟာ မပြီးပြတ်သေးတဲ့ရည်မှန်းချက်ထဲမှာ ပါလိမ့်မယ်လို့ ယူဆရတဲ့အတွက် တင်ပြရခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ မန္တလေးနဲ့ ရွှေဘို မိုင် (၇၀)ကတော့ ကောင်းနေတဲ့လမ်း ဖြစ်တဲ့အတွက် အထူးသဖြင့် ရွှေဘိုနဲ့ မြစ်ကြီးနား မိုင် (၂၀၀)ကျော် (၃၀၀)ဝန်းကျင် ရှိတဲ့လမ်းပို င်းကို ကွန်ကရစ်လမ်း အဆင့်တိုးမြှင့် ပေးနိုင်ခဲ့မယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံ တောင်နဲ့ မြောက် ဆက်သွယ်တဲ့ ဗဟိုချက်မကျတဲ့ ပြည်ထောင်စုလမ်းမကြီးဟာ ပေါ်ထွက်လာမှာ ဖြစ်ပါ တယ်။ ဒါ့ကြောင့်မို့လည်း မြစ်ကြီးနား-ရွှေဘို-မန္တလေး-နေပြည်တော်-ရန်ကုန်-မော်လမြိုင် ထိ ဆက်သွယ် သွားလာနိုင်တဲ့ ပြည်ထောင်စုလမ်းမကြီးကို ယနေ့ပြည်ထောင်စုအစိုးရအနေဖြင့် တည်ဆောက်ပေးနိုင် ခဲ့မယ်ဆိုရင် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူ တ စ်နံတစ်လျားဟာ လမ်းပန်းဆက်သွယ်မှု ကွန်ရက်ပေါ်မှာ အင်မတန်မှလွယ်ကူသွားမယ်လို့ ကျွန်တော့် အနေဖြင့် အကြံ ပြုတင်ပြလိုပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ အခု ကချင်ပြည်နယ်နဲ့ ပြည်မအဆင်ပြေချော မွေ့စွာ သွားလာနိုင်မှု

အနေအထားကို ကျွန်တော့် အနေနဲ့ ပြည်ထောင်စုလမ်းမကြီးဖြစ်တဲ့ မြစ်ကြီးနား -ရွှေဘို-မန္တလေး ဒီလမ်းမကြီးကို တိုင်းရင်းသားပြည်သူများရဲ့ အဓိကထားတဲ့ဆန္ဒ၊ တိုင်းရင်းသားပြည်သူများရဲ့ မျှော်လင့်ချက်၊ ကြီးမားတဲ့ မျှော်လင့်ချက်၊ ဒါ့ကြောင့်မို့ ဒီပြည်ထောင်စုအစိုးရသစ်အနေနဲ့ ရွှေဘို-မြစ်ကြီးနားလမ်းပိုင်းကို ကွန်ကရစ် အဆင့်ထိ အမြန်ဆုံးတိုးမြှင့်သွားနိုင်ဖို့ ရှိ /မရှိ ကို ပြည်သူရဲ့ ကိုယ်စား မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၇။**

**ဦးခင်မောင်မြင့်၊(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံ ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားသော မေးခွန်း(၆)ခုကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ဧရာဝတီတိုင်း၊ ငပုတောမြို့နယ် မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးဟန်လင်း အမျိုးသားလွှတ်တော် အစည်းအဝေးကို မေးမြန်းထားတဲ့ ပုသိမ်-ငပုတော ကားလမ်း အခြေအနေကို ပထမဦးစွာရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပုသိမ် - ငပုတောလမ်းဟာ ဧရာဝတီ တိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်မြို့နှင့် ငပုတောမြို့ကို ဆက်သွယ်ထားတဲ့လမ်းဖြစ် ပါတယ်။၂၀၀၈-၂၀၀၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ် နာဂစ်မုန်တိုင်းဒဏ်ရပြီးတဲ့ နောက်ပိုင်းမှာ လမ်းအဆင့် မြှင့်တင်ရန် ဆောင်ရွက်ဖို့ အတွက် ဧရာဝတီတိုင်းဒေသကြီးမှာ လမ်းကွန်ရက်ဆက်သွယ်ရေးအတွက် လမ်းကြောင်းများ သတ်မှတ်ခဲ့ပါတယ်။ ၎င်းလမ်းကြောင်းများ သတ်မှတ်တဲ့နေရာမှာ ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသမှာ လမ်းကွန်ယက်စီမံကိန်း (၁၁)အဖြစ် ၎င်းလမ်းကို သတ်မှတ် ပေးခဲ့တာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မှာ မြို့နယ်(၂၆)မြို့နယ်

ရှိတဲ့အခါမှာ တစ်မြို့နယ်နဲ့တစ်မြို့နယ် ကားများဆက်သွယ် သွားလာသော်လည်း ငပုတောမြို့နယ် တစ်ခုသာလျှင် ဆက်သွယ်နိုင်တဲ့အခြေအနေ မရှိပါဘူး။ (၂၅)မြို့နယ်သာ ကားလမ်းရှိပြီး ငပုတော တစ်မြို့နယ်ကျန်ခဲ့ပါတယ်။ ယခုဆောင် ရွက်နေတဲ့ လမ်းစီမံကိန်းအမှတ် (၁၁) ပုသိမ်-ငပုတော ကားလမ်းကြီး ဆောင်ရွက်ပြီးပါက ဧရာဝတီတိုင်းအတွင်းမှာရှိတဲ့ (၂၆)မြို့နယ်လုံးရဲ့ မြို့တွေဟာ အားလုံး ကားလမ်းပေါက်သွားမှာ ဖြစ်ပါတယ်။ လောလော ဆယ် ပုသိမ်မြို့ကနေပြီးတော့ (၀)မိုင်ကနေ (၅)မိုင်ထိ ရှည်လျားတာကတော့ စည်ပင်သာယာကနေပြီးတော့ တာဝန်ယူထားတဲ့ လမ်းဖြစ်ပြီးတော့(၅)မိုင်ကနေ ငပုတော(၂၁)မိုင်အထိ စုစုပေါင်း(၁၆)မိုင်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာနကနေ တာဝန်ယူပြီး လျက် ရှိပါတယ်။ ၃၁-၅-၂၀၁၁ ရက်နေ့ လမ်းအခြေအနေကို တင်ပြရရင် ကျောက်လမ်းဟာ (၇)မိုင်နဲ့ (၇)ဖာလုံ၊ အမာခံလမ်း ဟာ (၇)မိုင်နဲ့ (၇)ဖာလုံ၊ သက္ကယ်ချောင်းနဲ့ ပေပင်မြင့်က(၂)ဖာလုံ စုစုပေါင်း(၁၆)မိုင်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ခွဲဝေရရှိတဲ့ ငွေလုံးငွေရင်းရန်ပုံငွေနဲ့ ဆောက်လုပ်ရေး ဝန်ကြီးဌာနကနေပြီးတော့ ပုသိမ်ခရိုင်အဖွဲ့ တံတားအထူးစီမံကိန်း အဖွဲ့(၇)ရယ်၊(၁၂)ရယ်နှစ်ဖွဲ့တို့နဲ့ ပူးပေါင်းပြီးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါတယ်။ ဆောင်ရွက်နေတဲ့ အခြေအနေကတော့ မူလအမာခံလမ်းကနေပြီးတော့ ကျောက်လမ်း အဆင့်တိုးမြှင့်ခြင်းက (၆)မိုင်၊ ပုသိမ် -ငပုတောလမ်းပေါ်ရှိတဲ့ စလူးချောင်း တံတားက (၄၅)ပေ၊ ဝဲကြီးတံတားက (၄၀)ပေ၊ ဖရိုင်ကျော်တံတားက(၇၅)ပေ တည်ဆောက်ခြင်းက တံတားကြီး(၃)စင်း၊ မြစ်ကူးတံတားကြီးများဖြစ်တဲ့ ပေအရှည် (၇၀၀)ရှိတဲ့ ပေပင်မြင့်တံတား၊ ပေ (၁၈၂၀)ပေရှိတဲ့ သက္ကယ်ချောင်းတံတားတည်ဆောက်ခြင်းက နှစ်စင်းတို့ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ခွဲဝေရရှိတဲ့သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း၊ ရန်ပုံငွေနဲ့ဆောင်ရွက်နေတဲ့လုပ်ငန်းတွေ ကတော့ ကားတံတား သာမန်ပြုပြင်ထိန်းသိမ်းခြင်းက (၁၆)မိုင်၊ နောက် (၁၆)မိုင်အတွင်းမှာ (၁၅)ပေအရှည် ရေပြွန်တည်ဆောက်ခြင်းတို့က (၁)စင်းတို့ ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ခွဲဝေရရှိတဲ့ ငွေလုံးငွေရင်း ရန်ပုံငွေနဲ့ ပြင်ဆ င်ထိန်းသိမ်းခြင်း ရန်ပုံငွေများ ဖြင့် အမာခံလမ်းအဆင့်မှ ကျောက်လမ်းအထိ (၇)မိုင်(၇)ဖာလုံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခု ဘဏ္ဍာရေးနှစ်ကုန်မှာ ပုသိမ်-ငပုတော လမ်းဟာ ကျောက်ချောလမ်းအဆင့်ကို ရောက်ရှိပြီးစီးတော့မှာ ဖြစ်ပါတယ်။ ဆောင်ရွက်ဆဲ မြစ်ကူးတံတားကြီး(၂)စင်းအတွက် လာမည့် ဘဏ္ဍာရေးနှစ်မှာ လိုအပ်တဲ့ ရန်ပုံငွေ အပြည့်အဝ

ရမယ်ဆိုရင် ၂၀၁၂ ခုနှစ်မှာ ပုသိမ် -ငပုတောလမ်းကို ရာသီမရွေးသွားလာနိုင် မယ့်လမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းကို ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ၎င်းမေးခွန်း ကတော့ ကျွန်တော်တို့ဆီ ရောက်ရှိလာတဲ့ မေးခွန်းကတော့ ရေကြည်မြို့နယ် မဲဆန္ဒနယ်အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ကနေပြီးတော့ အမျိုးသားလွှတ်တော် အစည်းအဝေးကို မေးမြန်းထားတာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်မှအထက်ဖက် ကျေးရွာ အုပ်စု (၃၄)အုပ်စုကို ဖြတ်ပြီး ရေကြည်မြို့နယ် ကျေးရွာအုပ် စုများဖြတ်ကာ ရေကြည် -ရေနံ့သာ- ဂွ-ငါးသိုင်းချောင်းလမ်း အထိ (၄၄) မိုင် (၃) ဖာလုံအား မြေသားလမ်းအဖြစ် ဖောက်လုပ်ထား ပါတယ်။ ၎င်းလမ်းအား ရာသီမရွေးသွားလာနိုင်တဲ့ လမ်းအဖြစ်အဆင့်မြှင့်တင် နိုင်ခြင်း ရှိ /မရှိ မေးမြန်းချက်အပေါ်မှာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား ။ သာပေါင်း မြို့နယ်နှင့် ရေကြည်မြို့နယ်ကို ဆက်သွယ်ထားတဲ့ သာပေါင်း -ရေနံ့သာကားလမ်းဟာ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် သာပေါင်းမြို့နယ်(၀၀)ကစတင်ပြီး ရေကြည်မြို့နယ်အတွင်း ဂွ- ငါးသိုင်းချောင်း-ရေနံ့သာ လမ်းဆုံထိ (၄၃)မိုင် (၃)ဖာလုံ ရှည်လျားပါတ ယ် ။ သာပေါင်းမြို့မှ မြတောင်ညိုဘုရားအထိ (၇)မိုင်ဟာ မြေသားလ မ်းအဆင့်ရှိပြီး ဒေသဖွံ့ဖြိုးရေး လမ်းဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ (၃၆) မိုင် (၃) ဖာလုံဟာ သစ်ထုတ်ရာသီမှာ သစ်ကားများသွားရန်အတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှလည်း တစ်ကြောင်းထိုးမြေသားလမ်း ဖောက်လုပ် ထားတာဖြစ်ပါတယ်။ (၁)မိုင်ကနေပြီးတော့ (၂၂) မိုင် (၁)ဖာလုံထဲမှာ ချောင်းကြီးချောင်းငယ် (၁၇)ချောင်း ရှိပါတယ်။ သာပေါင်း-ရေနံ့သာလမ်းဟာ မြေသားတစ်ကြောင်းထိုးလမ်းသာ ဖြစ်ပါတယ်။ လမ်းအဆင့်မြှင့်တင် ဆောင်ရွက်မည်ဆိုပါက လမ်းအစအဆုံးတည်ဆောက်ရမှာဖြစ်ပြီး ချောင်းကူးတံတားလည်း များစွာတည်ဆောက်သွားရမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား ။ သာပေါင်း -ရေနံ့သာ ကားလမ်း ဟာ ဒေသဖွံ့ ဖြိုးရေးလမ်း (၇)မိုင်နဲ့ သစ်ထုတ်လုပ်ရေးလမ်း (၃၆)မိုင်နဲ့ (၃)ဖာလုံ ဖြစ်ပါတယ်။ ၎င်းလမ်းဟာ ဆောက်လုပ်ရေးဝန်ကြီး ဌာနပိုင်လမ်း မဟုတ်သေးတဲ့အတွက် ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်ရန် အစီအစဉ်မရှိသေးကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး တတိယမေးခွ န်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ၎င်းမေးခွန်းကတော့ ရခိုင်ပြည်နယ် သံတွဲမြို့ နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင် ရဲ့ မေးမြန်းထားတဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီမေးခွန်းနဲ့ ပတ်သက်လို့ ရခိုင်ပြည်နယ် သံတွဲငပလီကမ်းခြေဟာ နိုင်ငံတကာစစ်သံမှူးများ၊ တရုတ်ခေါင်းဆောင်ကြီးများ၊ ကမ္ဘောဒီးယား သမ္မတများ အပါအဝင် ပြည်တွင်းပြည်ပနိုင်ငံပေါင်းစုံမှ ဧည့်သည်များ အပန်းဖြေ၍ နာမည်ကျော်ကြားသော ဒေသဖြစ်တယ်။ ဟိုတယ်ဇုန် များ၊ ဧည့်သည်များ လေ့လာရေး ဈေးဝယ်သော စက်ဘီးနဲ့သွားတဲ့အခါမှာ လမ်းမှာဖာလိုက်ကျက်လိုက်နဲ့ (၁၀)မိုင်ကျော် ကတ္တရာလမ်း အပေါ်မှာ ထပ်ပိုးလွှာအမြန်ဆုံး ခင်းပေးစေကြောင်း ဆိုပြီးတော့မှ မေးမြန်းထားတဲ့အပေါ် ကျွန်တော့်အနေနဲ့ ရှင်းလင်းပြီး ဖြေကြားသွား မှာဖြစ်ပါတယ်။ အမျိုးသားလွှတ် တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရခိုင်ပြည်နယ်အတွင်း ဆောက်လုပ်ရေးဝ န်ကြီးဌာနပိုင် သံတွဲ-ငပလီ-မဇင်-လုံးသာ လမ်းအပိုင်းဟာ ဒေသခံတိုင်းရင်းသား ပုဂ္ဂလိက လုပ်ငန်းရှင်ဖြစ်တဲ့ နေလသစ္စာ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ လမ်းတံတားအဆင့်မြှင့်တင်ရေးဆောင်ရွက်ရန် B.O.T စနစ်နဲ့ ဆောင်ရွက်လျက် ရှိသောအပိုင်းဖြစ်ပါတယ်။ နေလသစ္စာဆောက်လုပ်ရေးကုမ္ပဏီလီ မိတက်ဟာ တစ်ချိ န်တည်း မှာပင် ရခိုင်ပြည်နယ်နဲ့ ပြ ည်မဆက်သွယ်ထားတဲ့ အဓိကလမ်း ဖြစ်တဲ့ ပြည် -တောင်ကုတ်-သံတွဲ လမ်းအပိုင်းကိုလည်း B.O.T စနစ်ဖြင့် လမ်းတံတားများ အဆင့်မြှင့်တင် ဆောင်ရွက်လျက် ရှိပါတယ်။ နေလသစ္စာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဟာ ပြည် -တောင်ကုတ်လမ်းအပိုင်း (၁၀၂) မိုင်ကို ၁၃-၂-၂၀၁၀ ရက်နေ့ မှာစတင်ပြီးတော့လည်းကောင်း၊ တောင်ကုတ် - သံတွဲ- ငပလီ- မဇင်- လုံးသာလမ်း (၅၆) မိုင်(၇) ဖာလုံကို ၄-၅-၂၀၁၀ နေ့မှာလည်းကောင်း၊ (၂)လမ်းသွားလမ်းအဖြစ် မြှင့်တင်ဆောင်ရွက်ခြင်းများကို ဆောင်ရွက် လျက်ရှိပါတယ်။ ပထမ ဦးစားပေးအဆင့်အဖြစ် ပြည် -တောင်ကုတ်ပိုင်း (၁၀၂)မိုင်ကို ရာသီမရွေးချောမွေ့စွာ သွားလာ နိုင်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ တစ်ချိန်တည်း မှာပဲ အကွေ့အကောက် များပြားပြီး လမ်းကျဉ်းနေတဲ့ တောင်ကုတ်-သံတွဲလမ်းအပိုင်း (၄၄)မိုင် (၃)ဖာလုံကိုလည်း မျက်ကွယ်ကွေ့ များကို တောင်ဖြတ် လမ်းချဲ့ခြင်း၊ ခံနိုင် ဝန်အားနည်း နေသော သစ်သားတံတားများ ကို သံကူကွန်ကရစ်တံတားများ အဆင့် မြှင့်တင်ဆောက်လုပ်ခြင်းတို့ကို ဦးစားပေးလျက်ရှိပါတယ်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ သံကူကွန်ကရစ်တံတား (၁၈)စင်း တည်ဆောက်ပြီးစီးခဲ့ပြီး တောင်ဖြတ်လမ်းချဲ့ခြင်းအား(၁၄)မိုင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ

တောင်ကုတ်-သံတွဲ-ငပလီ-မဇင်-လုံးသာ (၅၆) မိုင် (၇)ဖာလုံကိုလည်း အဆင့်မြှင့်တင်ရန် B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိနေသော နေလသစ္စာ ကုမ္ပဏီလီမိတက်မှ အောက်ပါတို့ကို စီမံချက်ချထားကြောင်း သိရှိရပါတယ်။ ရာသီမရွေး ခရီးလမ်း ချောမွေ့စွာ သွားလာနိုင်အောင် ဆောင်ရွက်ခြင်းက (၅၆) မိုင် (၇) ဖာလုံ (၁၈)ပေအကျယ် နှစ်လမ်းသွား ကျောက်လမ်းခဲ့ခြင်းက (၁၀)မိုင်၊ (၁၂)ပေအကျယ် ကတ္တရာလမ်း ရေပိတ်လွှာခင်းခြင်းက (၅)မိုင်၊ နှစ်လမ်းသွား ကတ္တရာလမ်းသစ် တိုးမြှင့်ခြင်းက (၁၀)မိုင်၊ (၄၀)ပေအောက် သစ်သားတံတားများအား ကွန်ကရစ်တံတားများဖြင့် အဆင့်မြှင့်တင်ခြင်းက (၁၅)စင်းတို့ ဖြစ်ပါတယ်။ သံတွဲ -ငပလီ- လုံးသာအပိုင်းဟာ (၁၀)မိုင်နဲ့ (၃)ဖာလုံရှည်လျားပြီး၊ ငပလီ-မဇင်ပိုင်းဟာ (၂)မိုင်နဲ့ (၁)ဖာလုံ ရှည်လျား၍ စုစုပေါင်း (၁၂)မိုင် (၄)ဖာလုံရှိပါတယ်။ လမ်းတစ်လျှောက် လမ်းစခန်း (၂)ခု ဖြစ်တဲ့ သံတွဲ -ငပလီ-မဇင်-လုံးသာ မိုင် (၃) မိုင်(၂)ဖာလုံ နမ့်ချောင်းရွာ နဲ့ မိုင် (၅)မိုင်(၀)ဖာလုံ ဝါးတောင်ကွင်းကျေးရွာတို့မှာ စီမံကိန်းအင်ဂျင်နီယာ တစ်ဦး၊ လက်ထောက်အင်ဂျင်နီယာတစ်ဦး၊ အငယ်တန်းအင်ဂျင်နီယာလေးဦး၊ လုပ်သား(၅၀)နဲ့ လုပ်ကိုင်လျက်ရှိကြောင်းလည်း သိရပါတယ်။ စက်ယန္တရားအင်အားအနေနဲ့ လမ်းကြိတ်စက်(၂)စီး၊ မြေကျောက်သယ်ယာဉ်(၄)စီး၊ ကျောက်ခွဲစက် (၂)လုံးရှိကြောင်း သိရပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်စီမံချက်ဟာ ဟိုတယ်ဇုန် အပိုင်းမှာ အောက်ပါလုပ်ငန်းများ ဆောင်ရွက်မယ်လို့ သိရပါတယ်။ နှစ်လမ်းသွားကျောက်ခင်းခြင်းက (၂)မိုင်၊ နှစ်လမ်းသွား ကျောက်ကတ္တရာလ မ်းခင်းခြင်းက(၄)မိုင်၊ ဟိုတယ်ဇုန် အတွင်းပိုင်းရှိ မိုးရာသီလမ်းပေါက်များ ဖာထေးခြင်း၊ လမ်း ချောအောင်လုပ်ခြင်း လုပ်ငန်းရပ် တစ်ရပ်အဖြစ် ပါဝင်ခဲ့ပါတယ်။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိတဲ့ နေလသစ္စာဆောက်လုပ်ရေး ကုမ္ပဏီ ဟာ သံတွဲမြို့-ငပလီကမ်းခြေ ဟိုတယ်ဇုန်အပိုင်းရှိ ကတ္တရာလမ်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းသစ် (၄)မိုင်တည်ဆောက် သွားမှာဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ကျန်တဲ့လမ်းအပိုင်းကိုလည်း ကတ္တရာလမ်း အဆင့်မြှင့်တင်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း သိရှိ ရပါတယ်။ ဆောက်လုပ်ရေး ဝန်ကြီးဌာန အနေနဲ့လည်း B.O.T ကုမ္ပဏီများ၊ လုပ်ငန်းများ စံချိန်စံညွှန်းနဲ့အညီ၊ အင်္ဂါရပ်နဲ့အညီ ကောင်းမွန်စွာအဆင့်ရောက်အောင် ဆောင်ရွက်နိုင်ရေး အချိန်မီပြီးစီးနိုင်ရေးအတွက်လည်း တွန်းအားပေးကြပ်မတ်လျက်ရှိကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၄)ကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အဲဒီ မေးခွန်းနံပါတ်(၄)ကတော့ ရှမ်းပြည်နယ် အမှတ် (၇)မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝီလ်ဆင်မိုး နဲ့ အမျိုးသား လွှတ်တော်အစည်းအဝေးကို မေးမြန်း ထားတဲ့ တာချီလိတ်မြို့နဲ့ လာအိုနိုင်ငံသည် နယ်နိမိတ်ခြင်း ထိစပ်လျက်ရှိပြီး မဲခေါင်မြစ်ရဲ့ တစ်ဖက်ကမ်းမှာ လာအိုနိုင်ငံတည်ရှိပါတယ်။ မြန်မာနိုင်ငံတ စ်ဖက်ကမ်း ဝမ်ပုံအပြည်ပြည်ဆိုင်ရာ ပြည်တွင်းဆိပ်ကမ်းသို့ ဆက်သွယ် သွားလာနိုင်သည့် လမ်းမှာ မြေသားလမ်းအဆင့်သာ ရှိပါတယ်။ ယခုမိုးရာသီကာလအတွင်း ယာဉ်ကြီး ယာဉ်ငယ်များအားလုံး သွားလာမှုခက်ခဲလျ က် ရှိပါတယ်။ တာချီလိတ်မြို့နှင့် ဝမ်ပုံဆိပ်ကမ်းသည် (၁၈) မိုင်ခန့်သာ ကွာဝေးပြီး အချိန်အခါမရွေး အဆင်ပြေချောမွေ့ စွာ သွားလာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးစေလိုပါတယ်။ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းချက်ကို ဖြေ ကြားသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နှင့် လာအိုနိုင်ငံသည် နယ်နိမိတ်ခြင်း ထိစပ်လျက်ရှိပြီး မဲခေါင်မြစ်ရဲ့ တစ်ဖက်ကမ်းတွင် လာအိုနိုင်ငံ ရှိပါတယ်။ မြန် မာနိုင်ငံတစ်ဖက်ကမ်း ဝမ်ပုံ အပြည်ပြည်ဆိုင်ရာ ပြည်တွင်းဆိပ်ကမ်းရှိ ဆက်သွယ်သွားလာသောလမ်းမှာ မယ် ယန်း -ပါဆာ-ဆန်ဖူးလမ်း ဖြစ်ပါတယ်။ ၎င်းလမ်းဟာ မိတ္ထီလာ -တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးရဲ့ ကျိုင်းတုံ-တာချီလိတ် လမ်းအပိုင်း မိုင်တိုင်(၄၉၁)မိုင်(၂)ဖာလုံအနီး မယ် ယန်းရွာမှ လာ အိုနိုင်ငံနယ်စပ် မဲခေါင် မြစ်ကမ်း ဆန်ဖူးရွာသို့ ဆက်သွယ်သွားသော ဆောက်လုပ်ရေး ဝန်ကြီးဌာန တာချီလိတ်ခရိုင်မှ တာ ဝန်ယူ ထိန်းသိမ်းသောလမ်း ဖြစ်ပါတယ်။ ဝမ်ပုံဆိပ်ကမ်းမှာ မယ်ယန်း -ပါဆာ- ဆန်ဖူး မိုင်တိုင်အမှတ်(၁၈)မိုင် (၅)ဖာလုံ ရှိပါတယ်။ ၃၁-၅-၂၀၁၁ ရက်နေ့တွင် မယ်ယန်း-ပါဆာ- ဆန်ဖူး၊ မယ် ယန်း-ဝမ်ပုံ လမ်းအပိုင်း ဟာ အခြေအနေ အရတော့ ကတ္တရာလမ်းက (၄)ဖာလုံ ၊ ကျောက်လမ်းက (၃)မိုင်(၂)ဖာလုံ ၊ အမာခံလမ်းက (၂)မိုင် (၆)ဖာလုံ မြေသားလမ်းက (၁၂)မိုင်(၁)ဖာလုံ၊ စုစုပေါင်း (၁၈)မိုင်နဲ့ (၅)ဖာလုံရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိတဲ့ သာ မန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကနေ အောက်ပါ လုပ်ငန်းများ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ (၁၈)ပေကျယ် မူလမြေသားလမ်းက အမာခံလမ်းအဖြစ် တိုးမြှင့်ခြင်း (၂)မိုင် နဲ့ (၇) ဖာလုံ ပါပါတယ်။ ပျက်စီးနေသော အမာခံလမ်းအပိုင်းက သဲကျောက်တို့ဖြင့် မျက်နှာပြင်ညှိခြင်းက (၁)မိုင်ပါပါတယ်။ တံတားအမှတ် ၁/၁၄ အား (၈)ပေ x (၂၄)ပေ သံကူကွန်ကရစ်တံတားခင်းခြင်းက တစ်စင်းပါပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား ၂၀၁၂-၂၀၁၃

ဘဏ္ဍာရေးနှစ် ငွေလုံးငွေ ရင်း ရင်းနှီးမြုပ်နှံမှု သာမန်ငွေနဲ့ သာမ န်ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေတို့ကို တင်ပြတောင်းခံပြီး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်း နံပါတ်(၅)အား ဖြေ ကြားသွားမှာဖြစ်ပါတယ်။ မေးခွန်း နံပါတ်(၅)ကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦး ဖုန်းမြင့်အောင် မေးမြန်းထားတဲ့မေးခွန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးမြန်းထားတဲ့ မေးခွန်းကတော့ ယခုအခါ ရန်ကုန်မြို့တော်တွင် ကွန်ဒိုမီနီယံ တိုက်ခန်းများ ဆောက်လုပ်လျ က်ရှိရာ ကားရပ်နားရန် နေရာ၊ ရေ၊ မီး၊ ဓာတ်လှေ ကား စသည့် တို့အား မူလ ကြော်ငြာစဥ်ကနဲ့ ယခုလက်ရှိနေ ထိုင်သူများ ကွဲပြားနေပါတယ်။ ဒါ ကြောင့်မို့ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနဲ့ တိုက်ခန်း နေပြည်သူတွေမှာ မကျေ မလည်ပြဿနာများ ဖြစ်နေပါတယ်။ ဒီနစ်နာမှုနဲ့ ပတ်သက်လို့ ဥပဒေများမထုတ်ပြန်သည့်ကာလမှာ မည်သည့်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်နဲ့ ပြည်သူ့ အကျိုးစီးပွားကို ကာ ကွယ်ပေးနိုင်မယ့် ကွန်ဒိုမီနီယံ များနဲ့ ပတ်သက်လို့ ဥပဒေများ မည်သည့်အချိန် ထုတ်ပြန်နိုင်မည်ဟု မေးမြန်းထားမှုကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ။ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲတဲ့ မြေပေါ်မှာ ဆောက်လုပ်ထားတဲ့ စုပေါင်းပိုင်အဆော က်အဦများနဲ့ ပတ်သက်ပြီး ပြဿနာ ရှိလာရင်တော့ ဆောက်လုပ်ရေးဝန်ကြီးဌာန မှ ဖြေရှင်းပေးပါတယ်။ အခြားပုဂ္ဂ လိကပိုင် မြေပေါ်မှာ ဆောက်လုပ်ထားတဲ့ စုပေါင်းပိုင်အဆောက်ဦ များနဲ့ပတ်သက်လို့ ပြဿနာဖြစ်လာရင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဖြေရှင်းရမှာဖြစ်ပါတယ်။ ဆောက်လုပ် ရေး ဝန်ကြီးဌာန စီ မံခန့်ခွဲသော အဆောက်အဦ ဖြစ်တဲ့ ၁၉၉၇ ခုနှစ်က ဒဂုံမြို့နယ်အတွင်းမှာ ဆောက်လုပ်ထားတဲ့ စုပေါင်းပိုင် အဆောက်အဦတစ်ခုမှာ ပြဿနာဖြစ်ခဲ့ပါတယ်။ အဲဒီပြဿနာက ဆောက်လုပ်ရေးလုပ်ငန်းရှင်နဲ့ နေထိုင်သူများကြားမှာ ဖြစ်ပေါ်လာတဲ့ မကျေလည်မှုကို ဆောက်လုပ်ရေးဝန်ကြီးဌာနကို တိုင်ကြားတဲ့ အတွက် နှစ်ဦးနှစ်ဖက် ပြေလည်အောင် ညှိနှိုင်း ဖြေရှင်းခဲ့တဲ့အခါမှာ အားလုံးကျေလည်သည်အထိ ဖြေရှင်း ခဲ့ပါတယ်။ ၎င်းတို့တိုင်ကြားစာအပြင် အခြားတိုင်ကြားစာများ မိမိတို့ဝန်ကြီးဌာနကို ရောက်ရှိခြင်းမရှိ ကြောင်းဖြေကြားလိုပါတယ်။ အများပြည်သူများအတွက် စုပေါင်းအဆောက်အဦများ ဥပဒေမူကြမ်းကို ပြည်ထောင်စု ရှေ့နေချုပ်ရုံး အပါအဝင် ဆက်နွယ်တဲ့ ဝန်ကြီးဌာနများ အဖွဲ့အစည်းများနဲ့ ညှိနှိုင်းရေးဆွဲ

ပြင်ဆင်ဖြည့်စွက်မှုတွေပြုလုပ်ပြီး ပြ ည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အတည်ပြုချက်ရရှိခဲ့ပါတယ်။ သို့သော်လည်း စုပေါင်းပိုင် အဆောက်အဦ ဥပဒေမူကြမ်းသည် ယခု ပြောင်းလဲသွားသော ခေတ်စနစ်နဲ့မလျော်ညီတာတွေ တွေ့ရှိရတဲ့အတွက် ၎င်းဥပ ဒေမူကြမ်းကို ထပ်မံပြင်ဆင် ဖြည့်စွက်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ထပ်မံပြီးသဘောထား မှတ်ချက်တောင်းခံထားဆဲ ဖြစ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ် ရဲ့ သဘောထားမှတ်ချက်ရရှိပါက အဆင့်ဆင့်တင်ပြပြီး စုပေါင်းပိုင်အဆောက်အဦ ဥပဒေပြဋ္ဌာန်းနိုင်ရေးကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၆)ကို ဖြေရှင်းသွားမှာ ဖြစ်ပါတယ် ။ မေးခွန်း နံပါတ်(၆)နဲ့ပတ်သက်လို့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း ကနေပြီးတော့ မေးမြန်းထားတဲ့မေးခွန်းဖြ စ်ပါတယ်။ ၎င်းမေးခွန်း ကတော့ ကချင် ပြည်နယ်နှင့် ပြည်မကြားဆက်သွယ်နေတဲ့ ခရီးသည်နှင့်ကုန် စည်ပို့ဆောင်ရေး အဆင်ပြေချောမွေ့ စေရေး ယခင်တပ်မတော်အစိုးရလက်ထက်ကနေပြီး ဧရာဝတီမြ စ် အရှေ့ဘက်ကမ်း မန္တလေး -လားရှိုး- ဗန်းမော်-မြစ်ကြီးနားကားလမ်းနှင့် မန္တလေး -သပိတ်ကျင်း- တကောင်း-ဗန်းမော်ကားလမ်းတို့လည်းကောင်း ဧရာဝတီမြစ် အနောက်ဖက်ကမ်း မန္တလေး - ရွှေဘို - မြစ်ကြီးနားလမ်း ပြည်ထောင်စု ကားလမ်းကိုလည်းကောင်း အခြေခံကောင်းများဖြင့် အသီးသီးဖောက်လုပ် ပေးခဲ့ပါတယ်။ နိုင်ငံ တော်မှ ကားလမ်းသစ်များ ဖောက်လုပ်ပေးပြီး အမြန်လမ်းမကြီးများ တည်ဆောက်မှုအတွက် မူလလမ်းဟောင်းများကို အစဉ်တစိုက်တိုးတက် ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းပေးသင့်ပါသည်။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်နှင့် ပြည်မအကြား အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် မော်တော်ကားလမ်းများ တိုးချဲ့ကောင်းမွန်ရေးကို သိရှိလိုတဲ့ အကြောင်း မေးမြန်းထားတဲ့မေးခွန်းဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ၎င်းလမ်းပိုင်းနဲ့ပတ်သက်လို့ ကချင်ပြည်နယ်နဲ့ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်များကိုဆက်သွယ်ထားတဲ့ လ မ်းနဲ့ပတ်သက်လို့ မေးခွန်းအရ လမ်း ကြီး (၃)လမ်းပါ ရှိပါတယ်။ အဲဒီလမ်း ကြီး(၃)လမ်းကတော့ (၄၈၇)မိုင် (၂)ဖာလုံ အရှည်ရှိတဲ့ဧရာဝတီမြစ်ရဲ့ အရှေ့ဖက်ကမ်း မန္တလေး -လားရှိုး-ဗန်းမော်-မြစ်ကြီးနား ကားလမ်းပိုင်းဖြစ်ပါတယ်။ နံ ပါတ်(၂) လမ်းပိုင်းကတော့ (၄၀၄)မိုင် (၃)ဖာလုံ အရှည်ရှိတဲ့ မန္တလေး-သပိတ်ကျင်း၊ တကောင်း-ဗန်းမော်- မြစ်ကြီးနားလမ်း ဖြစ်ပါတယ်။ နံပါတ် (၃)လမ်းကတော့ (၃၅၉)မိုင် အရှည်ရှိတဲ့ ဧရာဝတီမြစ်

အနောက်ဖက်ကမ်းရှိ မန္တလေး -ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး တို့ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပထမလမ်းဖြစ်တဲ့ မန္တလေး -လားရှိုး-ဗန်းမော် -မြစ်ကြီးနာလမ်းပိုင်းဟာ မန္တလေးကနေ မိုင်တိုင်(၀၀)မှာစတင်ပြီး (၄၈၇) မိုင် (၂)ဖာလုံ ရှည်လျားသော လမ်းဖြစ်ပါတယ်။ အဲဒီလမ်းနဲ့ ပတ်သက်လို့ ၃၁-၅-၂၀၁၁ ရက်နေ့ လမ်းအခြေအနေကို တင်ပြရရင် ကတ္တရာလမ်းဟာ (၃၈၆)မိုင် (၂)ဖာလုံ ရှိပါတယ်။ ကျောက်လမ်းကတော့ (၅၇)မိုင် နဲ့ (၄)ဖာလုံ ရှိပါတယ်။ အမာခံလမ်းကတော့ (၄၃)မိုင် ဖြစ်ပါတယ်။ ဒါ ကြောင့်မို့ စုစုပေါင်း (၄၈၇)မိုင်နဲ့ (၂)ဖာလုံ ရှိပါတယ်။ လမ်းတံတားတည်ဆောက်ခြင်းအပိုင်းနဲ့ အဆင့်မြှင့်တင်နိုင် တိုးတက်ရေးအတွက် B.O.Tကုမ္ပဏီ (၃)ခုဖြစ်တဲ့ အေရှားဝေါ လ်ကုမ္ပဏီလီ မိတက်က (၂၉၈)မိုင်နဲ့ (၃)ဖာလုံ ရွှေမိုးသူအောင် ဆောက်လုပ်ရေးလီမိတက်မှ (၆၃)မိုင် နဲ့ (၅)ဖာလုံ၊ ကျောက်စိမ်းမြေ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ (၁၁၇)မိုင်၊ (၂)ဖာလုံ B.O.T စနစ်နဲ့ ဆောက် လုပ်လျက် ရှိပါတယ်။ မန္တလေး -လာရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း၊ နမ့်ခမ်း -ဗန်းမော် လမ်းအပိုင်း မှာ B.O.T စနစ်နဲ့ဆောင်ရွက်နေသော ရွှေမိုးသူအောင် ဆောက်လုပ်ရေးကုမ္ပဏီသည် လမ်းတိုးတက် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအားနည်းကြောင်း ကချင်ပြည်နယ်အစိုးရကနေမှ တင်ပြလာတဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဥ် ၂၀/၂၀၁၁ မှစ၍ B.O.T လုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းထားသော နေရာ ဖြစ်ပါတယ်။ B.O.T စနစ်ရုပ်သိမ်းထားသော ၎င်းလမ်းအပိုင်းကို ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဗန်းမော်ခရိုင်ကနေပြီးတော့ လမ်းများတိုးတက်အောင်အတွက် ဆက်လက်ဆောင်ရွက် လျက် ရှိပါ တယ်။ ဒုတိယလမ်းဖြစ်တဲ့မန္တလေး-သပိတ်ကျင်း-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းအပိုင်း ဟာ (၄၀၄)မိုင်နဲ့(၃)ဖာလုံရှည်လျားပါတယ်။ ၃၁-၅-၂၀၁၁ ရက်နေ့အထိ လမ်းအခြေအနေ ကတော့ ကတ္တရာလမ်းဟာ (၁၈၄)မိုင်နဲ့ (၇)ဖာလုံ ၊ ကျောက်လမ်းဟာ (၂၀၄)မိုင်နဲ့ (၅)ဖာလုံ၊ အမာခံလမ်းဟာ (၁၅)မိုင်နဲ့ (၇)ဖာလုံ စုစုပေါင်း (၄၀၄)မိုင်နဲ့ (၃)ဖာလုံရှိပါတယ်။ မ န္တလေး- သပိတ်ကျင်း-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းအပိုင်းတွင် လမ်း သားအဆင့်မြှင့် တင်ခြ င်းကို လျှင်မြန်စွာ ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအနေနဲ့ ဆောင်ရွက်လျက်ရှိရာမှာ ဆောက်လုပ်ရေး ဝန်ကြီးဌာနကနေပြီးတော့ လမ်းအရှည်မိုင် (၆၄)မိုင်နဲ့ (၁)ဖာလုံနဲ့ တိုင်းရင်းသားကုမ္ပဏီ (၄)ခု ကနေပြီးတော့ လမ်းမိုင်အရှည် (၂၁၃)မိုင်တို့ကို B.O.T စနစ်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ခွင့်ပြုဆောင်ရွက်ခဲ့တဲ့ B.O.T ကုမ္ပဏီ(၄)ခုကတော့ သန္တိသစ္စာ ကုမ္ပဏီက (၄၂)မိုင်၊ ဆုထူးပန်

ဆောက်လုပ်ရေးကုမ္ပဏီက (၄၇)မိုင်နဲ့ (၄)ဖာလုံ၊ ဂရိတ်ဝေါလ်စားသောက်ကုန် ကုမ္ပဏီ လိမိတက်က (၅၉)မိုင်နဲ့(၆)ဖာလုံ၊ ရွှေမိုးသူအောင် ဆောက်လုပ်ရေးကုမ္ပဏီက (၆၃)မိုင်နဲ့ (၆)ဖာလုံဖြစ်ပါတယ်။ မန္တလေး -သပိတ်ကျင်း-တကောင်း ဗန်းမော်-ရွှေကူမြို့နယ်-သာယာကုန်း-မံစီ အပိုင်းအတွင်းမှာရှိတဲ့ B.O.T စနစ်နဲ့ ဆောင်ရွက် နေသော ရွှေမိုးသူအောင် ဆောက်လုပ်ရေး ကုမ္ပဏီမှာ လမ်းတိုးတက်ပြုပြင်မှု အားနည်းကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့က တင်ပြလာတဲ့ အတွက် ဆောက်လု ပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဥ် ၂၀/ ၂၀၁၁ မှာ B,O,Tလုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။ B.O.T စနစ်ရုပ်သိမ်းခဲ့သော ၎င်းလမ်းအပိုင်းကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဗန်းမော် ခရိုင်မှ လမ်းတိုးတက် ပြုပြင်ခြင်းများကို ဆောက်ရွက်လျက်ရှိပါတယ်။ ၂၀၁၁- ၂၀၁၂ ဘဏ္ဍာရေးနှစ် မိုးဒဏ်ကြောင့် လမ်းတံတားပျက်စီးမှုများ အများအပြားဖြစ်ခဲ့ပါတယ်။ ၎င်းပျက်စီးမှုများကိုလည်း အမြန်ဆုံး ပြန်လည် တည်ဆောက်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီး ပြင်ဦးလွင်ခရိုင် ၊ ဗန်းမော်ခရိုင် အဆောက်အဦ ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၆) တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့ (၁၄)နဲ့ အထူးစီမံကိန်းကြီးအဖွဲ့ (၂)တို့ကနေပြီးတော့ လုပ်ငန်းများကို မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ပေးခဲ့ပါတယ်။ မန္တလေးတိုင်း ဒေသကြီးအတွင်း သပိတ်ကျင်း (၇)မိုင် လမ်းဆုံကနေပြီးတော့ တကောင်း -ရေရှင်လမ်းပိုင်း (၆၀)မိုင်၊(၃)ဖာလုံထိ ရှည်လျား ပါတယ်။ ၎င်းလမ်းပိုင်းကို မိုင်တိုင် (၀၀)မှ (၁၉) နဲ့ မိုင်တိုင် (၃၅) မိုင်မှ (၄၄)မိုင် (၃)ဖာလုံအထိ စုစုပေါင်း (၂၈) မိုင် (၃)ဖာလုံကို ပြင်ဦးလွင်ခရိုင်က လည်းကောင်း၊ မိုင်တိုင် (၁၉)ကနေပြီးတော့ (၃၅)မိုင်ထိ မိုင်တိုင် (၄၄)မိုင် (၃)ဖာလုံမှ (၆၀) မိုင်၊ (၃)ဖာလုံထိ စုစုပေါင်း (၃၂) မိုင်ကို အဆောက်အဦ ဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၆) ကလည်းကောင်း ဆောင်ရွက်နေပါ တယ်။ ဒါ့အပြင် တံတားတည်ဆောက်ရေး လုပ်ငန်းများ၊ တံတားဆောက်လုပ်ရေး လုပ်ငန်းများ အတွက် တံတားအထူးအဖွဲ့ (၁၄)ကနေပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နောက်ပြီးတော့ ၎င်းအဖွဲ့(၄)ဖွဲ့ကနေပြီးတော့ လုပ်ငန်းဆောင်ရွက်တဲ့ နေရာမှာ ကျောက်လမ်းအဖြစ် (၈)မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းရေးက (၇)မိုင်နဲ့ (၅)ဖာလုံ၊ တံတားအသစ် တည်ဆောက်ခြင်းက (၆)စင်း၊ တံတားများပြုပြင်ခြင်းက (၂၄)စင်း လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြ င် ကချင်ပြည်နယ်အပိုင်းကို ပြောရမယ်ဆိုရင် လမ်းပေါ်မှာ ဆိုးရွား စွာပျက်စီးနေသော အရှည် (၂၀)ပေမှ (၁၁၀)ပေအတွင်းမှာရှိတဲ့ တံတား (၆)စင်းကို အထူးစီမံကိန်းအဖွဲ့ (၂)ကနေပြီး၊

၎င်း၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံ ငွေဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါအပြင် ဗန်းမော်ခရိုင် အဖွဲ့ကနေပြီးတော့ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေနဲ့ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို တင်ပြရရင် ကတ္တရာလမ်းပြုပြင်ခြင်းက (၂၀)မိုင်နဲ့ (၃)ဖာလုံ၊ ကျောက်လမ်းပြုပြင်ခြင်းက (၁၇)မိုင်၊ ကျောက်ကြမ်းလမ်း၊ ကျောက်ချောလမ်း အပြည့်ခင်းခြင်းက (၃)မိုင်နဲ့ (၅)ဖာလုံ ၊ ဘေလီလမ်း ဘေလီတံတားခင်းခြင်းက (၂)စင်း ၊ သစ်သားတံတားများ ပြုပြင်ခြင်းက (၂)စင်း၊ (၁၂)ပေx(၂၈)ပေ ကွန်ကရစ်ရေပြွန်များ အသစ်တည်ဆောက်ခြင်းက (၇)စင်း၊ ရေစားချောက်စုစုပေါင်း(၂၇၅)ပေ အရှည် (၄၅)ပေ အနက်ကိုပြင်ဆင်ခြင်းက (၃) ခု ၊ ဘေလီသစ်သားတံတားများပြုပြင်ခြင်းနှင့် တံတားအမှတ် ၄/၁၃၅ ငါးဘတ်ကြီးတံတားနှင့် တံတားအမှတ် ၁/၁၂ စက္ကလာတံတားတို့ ပျက်စီး မှုတို့ကို ပြန်လည်ပြင်ဆင် ခြင်းက(၄)စင်း ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် တတိယလမ်း ဖြစ်တဲ့ လမ်းကြောင်းအပိုင်းကို ဆက်လက်ပြီး တင်ပြသွားမှာဖြစ်ပါတယ်။ ၎င်းတတိယလမ်းကတော့ မန္တလေး -ရွှေဘို-မြစ်ကြီးနား ကားလမ်းမှာ ဖြစ်ပါတယ်၊ မန္တလေးမြို့ကနေ မိုင်တိုင်(၀၀) မှ စပြီး မြစ်ကြီးနားအထိ(၃၅၉) မိုင် ရှည်လျားပါတယ်။ ၃၁.၅.၂၀၁၁ ရက်နေ့ လမ်းအခြေအနေ ကတော့ ကတ္တရာလမ်းဟာ (၃၂၁) မိုင်နဲ့ (၂) ဖာလုံ၊ ကျောက်လမ်းဟာ (၃၆)မိုင်၊ (၃)ဖာလုံ၊ အမာခံလမ်းဟာ (၁)မိုင်နဲ့(၃)ဖာလုံ စုစုပေါင်း (၃၅၉) မိုင်ဆောင်ရွက်လျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ (၁၂)မိုင်၊ (၃)ဖာလုံ ကနေပြီးတော့ (၂၃၈)မိုင်အထိ (၂၂၅)မိုင်ပါဝင်ပြီး (၁၄၀)မိုင်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ရွှေဘိုခရိုင်၊ ကသာခရိုင်၊ လမ်းတည်ဆောက်ရေးအဖွဲ့များအပြင် တိုင်းရင်း သား ကုမ္ပဏီများ ဖြစ်ကြတဲ့ တိုက်ဆင် ၊ စိန်နှင့်သောင်း၊ ဟိန်း အောင်ထက်၊ တိုးနေ၊ အားမာန်ရှင် ၊ ချမ်းသာရွှေမြေ၊ Smooth life၊ Promise၊ မြန်မာမိုး နိုင်၊ အောင်ချမ်း မြေ့၊ Paclink စတဲ့ ကုမ္ပဏီ(၁၁)ခုဖြင့် လုပ်ငန်းများဆောင်ရွက် လျ က်ရှိပါတယ်။ ၎င်းဆောင်ရွက်တဲ့နေရာမှာ (၁၂)ပေ၊ ကတ္တရာလမ်း (၅)မိုင်(၄၀)ပေ၊ မြေသားလမ်း တာ ဘောင်ချဲ့ခြင်းက (၆၂)မိုင်နဲ့ (၂)ဖာလုံ၊ မြေသားလမ်းဝဲယာရှင်းခြင်းက (၆၂)မိုင်(၂)ဖာလုံ လမ်ဘေးရေနုတ်မြောင်းများ တူးဖော်ခြင်းက (၃၆)မိုင် (၇)ဖာလုံ တို့ကို ဆောင်ရွက်လျက်ရှိပါတယ် ။ လမ်းတံတားများ အဆင့်မြင့်တင် တည်ဆောက်ရန် B.O.T စနစ်နဲ့ မိုင်တိုင် (၁၂)မိုင်ကနေပြီးတော့ (၇၀)မိုင်ထိ ရွှေတောင်ကုမ္ပဏီကနေ ဆောင်ရွက်လျက်ရှိပါတယ် ။ (၂၁၀)မိုင် ကနေပြီးတော့ (၂၃၈)မိုင်ထိ (၂၈)မိုင်ကိုလည်း ဆုထူးပန်ကနေ ဆောင်ရွ က်လျက်ရှိပါတယ်။ ၎င်းအပြင် ကချင် ပြည်နယ်

အပိုင်းဖြစ်တဲ့ (၂၃၈)မိုင် ကနေပြီးတော့ (၃၅၉)ထိ မိုင်တိုင် (၁၂၁)မိုင်ရှိပါတယ်။ ၎င်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ မိုးညှင်းခရိုင်ကနေ အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျောက်ချောလမ်းခင်းခြင်းက(၅၃)မိုင်(၃)ဖာလုံ၊ ကတ္တရာလမ်းပေါက်ဖာခြင်းက (၉)မိုင်၊ကတ္တရာထပ်ပိုးလွှာခင်းခြင်းက (၈)မိုင်နဲ့ (၇)ဖာလုံ၊ လမ်းသား အကျယ် (၂၅)ပေမှ (၄၀)ပေချဲ့ခြင်းက (၃၀)မိုင်၊ အမာခံလမ်းခင်းခြင်းက (၃၀)မိုင်၊ သစ်သားတံတား၊ ဘေလီတံတား တည်ဆောက်ခြင်းက (၅၄) စင်း၊ ကွန်ကရစ်တံတား တည်ဆောက်ခြင်းက (၇) စင်း၊ ကွန်ကရစ်ရေပြွန်တည်ဆောက်ခြင်းက (၉) စင်း၊ တံတား အမှတ် ၃/၂၁၅ ချဉ်းကပ်ကျောက်ခင်းလမ်းနှင့် တံတားအပေါ်ထည် ကတ္တရာလမ်းခင်းခြင်းက လုပ်ငန်း ထဲကတစ်ရပ်၊ တံတားအမှတ် ၆/၁၈၉ မိုးညှင်းတံတားနှင့် (၆၀)ပေ ယာယီဘေလီတံတားနှင့် ၎င်းအပြင်မှ (၆၀)ပေ ရှိတဲ့ သံ ကူကွန်ကရစ်တံတားနှင့် တပြိုင်နက် ဆောက်ခြင်းက (၁)စင်း၊ တံ တားအမှတ် ၁/၁၉၄ ဘီလူးတံတား ရေတိုက်စား၍ နိမ် ့ကျမှုအား ပြင်ဆင်ခြင်း၊ ရေလည်တိုင် အသစ်တည်ဆောက်ခြင်း၊ ကြမ်းခင်းသစ်ခင်း များနှင့် ၎င်းတံတား (၁၂၀)ပေအရှည်ကို သံကူကွန်ကရစ်အဖြစ် တည်ဆောက်ခြင်းက (၁)စင်း၊ တံတားအမှတ် ၂/၂၅၂ နွယ်နီတံတားအား သစ်မာကမ်းကပ်ခုံ (၂)ခုနှင့် ရေလ ည်တိုင် (၁)ခု တည်ဆောက်ခြင်း၊ ၎င်းတံတား ပေ (၆၀)ရှိတဲ့ သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ရန် အတွက် (၁)စင်း၊ တံတားအမှတ် ၂/၂၅၅ ရဟန္တာတံတားအား (၆၀)ပေယာယီဘေလီတံတား တည်ဆောက်ခြင်းနှင့် ၎င်း တံတားအား (၅၀)ပေအရှည် သံကူကွန်ကရစ် တည်ဆောက်ခြင်းက (၁)စင်းတို့ဖြစ်ပါတယ်။ ၎င်းအပြင် လမ်း တံတား အဆင့်မြှင့်တင်ခြင်း တည်ဆောက်ရန် B.O.T ကုမ္ပဏီ (၂)ခုဖြစ်တဲ့ ခိုင်မာသောပန်းတိုင် ဆောက်လုပ် ရေးကုမ္ပဏီလီမိတက်က (၈၉)မိုင်၊ လီဒိုဟိုင်းဝေးကုမ္ပဏီကနေ (၃၂)မိုင်တို့နဲ့ B.O.T စနစ်နဲ့ ဆောင်ရွက်လျက် ရှိပါတယ်။ လမ်းများနှင့် ပ တ်သက်၍ မြေသားလမ်းမှ အမာခံလမ်း အဆင့်သို့လည်းကောင်း၊ အမာခံလမ်းမှ ကျောက်လမ်းအဆင့်သို့ လည်းကောင်း၊ ကျောက်လမ်းမှ ကတ္တရာ လမ်းအဆင့်သို့လည်းကောင်း၊ အဆင့် မြှင့်တင်ဆောင်ရွက်လျက် ရှိပါတယ်။ တံတားနဲ့ပတ်သက်ပြီး ပထမအဆင့်အနေနဲ့ ပေ (၅၀)အောက်တံတားများ၊ ဒုတိယအဆင့်အနေနဲ့ ပေ (၅၀)နှင့် ပေ (၁၀၀)အောက်တံတားများ၊ တတိယအဆင့်က ပေ(၁၀၀)နှင့် ပေ (၁၈၀)ကြား ၊ စတုတ္ထအဆင့်က ပေ (၁၈၀)တံတားများကို အဆင့်ဆင့် သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်သွား လျက်ရှိပါတယ်။ တိုင်းရင်းသား ပုဂ္ဂလိက

လုပ်ငန်းရှင်များ B.O.T စနစ်ဖြင့် လမ်းတံတား တည်ဆောက်ခြင်း လုပ်ငန်းများကို လုပ်ကိုင်စေတဲ့ အခါမှာ မြန်မာနိုင်ငံတ စ်နိုင်ငံလုံးမှာ ဆောက် လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ပြုပြင် ထိန်းသိမ်းခဲ့တဲ့လမ်းမိုင်ပေါင်းဟာ (၂၃၄၇၈) မိုင် (၆) ဖာလုံ ရှိပါတယ်။ အဲဒီ (၂၃၄၇၈)မိုင် (၆)ဖာလုံအနက်မှ မိုင်ပေါင်း(၅၁၁၆)မိုင်နဲ့ (၄)ဖာလုံက B.O.T အဖွဲ့ (၁၆)ဖွဲ့ကို ပေးခဲ့တဲ့လမ်းများ ဖြစ်ပါတယ်။ အမျိုးသာလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် အတွင်းမှာ ရှိတဲ့ ဆက်သွယ်သွားလာနေသော မူလရှိပြီးသောလမ်းများ ပြုပြင်ထိန်း သိမ်းခြင်း လုပ်ငန်းများ ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခရိုင်အဖွဲ့များ၊ လမ်းတံတားဆောက်လုပ်ရေးနဲ့ အထူးစီမံကိန်း အဖွဲ့များ တာဝန်ယူထိန်းသိမ်းသ လို ကချင်ပြည်နယ်နဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အကြားမှာ ဆက်သွယ်နေတဲ့ အဓိကလမ်းမကြီး (၃) လမ်းကိုလည်း အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ခရိုင်အဖွဲ့များဆောက်လုပ်ရေး လမ်းတံတား အထူးအဖွဲ့များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ B.O.T လုပ်ငန်း ရှင်များနဲ့ ဆက်လက်ပြီးတော့ ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ ဆက်လက်ပြီး ဒီလမ်း (၃)လမ်း တိုးတက် ကောင်းမွန်နိုင်ရေးအတွက်လည်း အကြံပြုချက်အတိုင်းပဲ ဆက်လက်ဆောင် ရွက်နိုင်ရေး စီစဉ် နိုင်ရန်အတွက် အဆင့်ဆင့် တင်ပြပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)၏ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နဘုလယ်ရွာ၌ ထား ဝယ်ရေနက်ဆိပ်ကမ်းပြုလုပ်ရာတွင် သမိုင်းဝင်နေရာများကို မပျက်စီးမထိခိုက်ရန် ထိန်းသိမ်း၍ စနစ်တကျသတ် မှတ်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းက ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့်အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေ တင်သွင်း ထားတဲ့ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နဘုလယ်ရွာ၌ ထားဝယ် ရေနက်ဆိပ်ကမ်း ပြုလုပ်ရာတွင် သမိုင်းဝင်နေရာများကို မပျက်စီး မထိခိုက်ရန် ထိန်းသိမ်း၍ စန စ်တကျ သတ်မှတ်ပေးရန်

ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၆) ဦးက အမည်စာရင်း တင်သွင်း ထားပါတယ်။ ပထ မဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၁။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ်၊မဲဆန္ဒနယ် အမှတ်(၇)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့နှုတ်ခွန်း ဆက်သ ဂါရဝပြုလိုက်ပါတယ်။ ကျွ န်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ရေးမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်အား စာဖတ်ပြီး တင်ပြခွင့်နဲ့ လိုအပ်တဲ့ နေရာမှာ အင်္ဂလိပ်စကားတ စ်ချို့သုံးစွဲခွင့် ပြုဖို့တင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၇)။** ။ ဦးသန်းဆွေ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ တနင်္သာရီတိုင်း ဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ် နဘုလယ်ရွာ၌ ရေနက်ဆိပ်ကမ်းပြုလုပ်ရာတွင် သမိုင်းဝင် နေရာများကို မပျက်စီး၊ မထိခိုက်ရန်ထိန်းသိမ်း၍ စနစ်တကျသတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို ထောက်ခံ ဆွေးနွေးသွားပါမယ်။ ဦးသန်းဆွေ ရဲ့ တင်ပြချက်အရ ဂဝံကျော က် ယဉ်ကျေးမှုဟာ ကျွန်တော်ဖတ်ဖူး သလောက် သု ဝဏ္ဏဘူမိ မြို့ဟောင်း၊ သုဓမ္မ ဝတီ နေရာတွင် တစ်နေရာ၊ ပါဒနိုင်ငံမြို့ဟောင်း သံလျင်ကျောက်တန်းဘက်ဒေသမှာ တစ်နေရာ တွေ့ခဲ့ရပါတယ်။ ယခုထားဝယ် နဘုလယ်ရွာမှာတွေ့ရှိရတယ်ဆိုတော့ အလွန်တန်ဖိုးကြီးပါတယ်။ အဲဒီယဉ်ကျေးမှုဟာ အေဒီလေးရာစုမတိုင်မီကာလက ယဉ်ကျေးမှုဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံကလူတွေဟာ အဲဒီအချိန်ကတည်းက ယဉ်ကျေးမှုရှိပြီး မြို့ပြနှင့် နိုင်ငံနှင့် ရှိနေကြပြီဆိုတာ ဂုဏ်ယူစရာ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ဒေသမှာ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မြင့်နဲ့ ထိုခေတ်ကတည်း က ထွ န်းကား ခဲ့ပြီဆိုတာ ဂုဏ်ယူစရာ ဖြစ်ပါတယ်။ သမိုင်းဝင်စာပေမှာ တနင်္သာရီ၊ မြိတ်နဲ့ ကျွ န်းတစ်ကျွန်းမှာလည်း မြို့ဟောင်း ရှိတယ်လို့ ဆိုထားပါတယ်။ မွန်ပြည်နယ်၊

ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် နှင့် အခြားတိုင်းဒေသကြီး တို့မှာလည်းပဲ မြို့ဟောင်းများရှိတယ်လို့ တွေ့ရပါတယ်။ သေသေချာချာ မတူးဖော်ရသေးလျှ င် မပျက်စီး မပျော က်ပျက်သွားရန် ထိန်းသိမ်းဖို့အတွက် အလွန်အရေးကြီးပါတယ်။ သမိုင်းပညာရှင်တို့က စာပေမပေါ်ခင် စာပေရှိတဲ့ အထောက်အထားမတွေ့ခင်ကာလကတည်းက မြို့ပြ ရှိနေပြီး ဖြစ်တဲ့ခေတ်ကို အေ ဒီလေးရာစုလောက်အထိကို Pre History သည် သမိုင်းအကြိုကာလလို့ ခေါ် ပါတယ်။ အဲဒီခေတ်မှာ မွန်ဘာသာအားဖြင့် မြို့ငါးမြို့ မြို့ပြနိုင်ငံ ငါး မြို့ဟာ အ နောက်ဖက်မှာ တနင်္သာရီကမ်း မြောင်ဒေသနှင့် အရှေ့ဘက်မှာ ထိုင်းနိုင်ငံ၊ ကန်ချနာဘူရီမှ၊ တောင်ဘက်ကမ်းမြောင်ဒေသတို့ ပါဝင်တယ်လို့ ခန့်မှန်း ကြတယ်။ ထားဝယ်၊ မြိတ်၊ တနင်္သာရီ တို့ဟာ အဲဒီ နယ်ပယ်မှာ ပါကြပါတယ်။ ထို ဒေသမှာ ရှေးဟောင်းယဉ်ကျေးမှုအမွေ အနှစ်များ ရှိကြပါတယ်။ အဲဒီယဉ်ကျေးမှုဟာ ပျူယဉ်ကျေးမှုပဲဖြစ်ဖြစ်၊ ဗမာ၊ မွန်တို့ရဲ့ ယဉ်ကျေးမှုပဲဖြစ်ဖြစ် ထား ဝယ်ဒေသမှာရှိတဲ့အတွက်ကြောင့် ထားဝယ်ဒေသယဉ်ကျေးမှု၊ ထားဝယ်လူမျိုးတို့ရဲ့ ယဉ်ကျေးမှုပဲဖြစ်မယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ယဉ်ကျေးမှုပဲဖြစ်မယ်။ ဦးသ န်းဆွေ တင်ပြသလို သစ်တော၊ သစ်ပင်တို့ကို ခုတ်ပြီးလျှင် ပြန်စိုက်လို့ရပါတယ်။ ရှေးဟော င်းအမွေအနှစ် လက်ရာများ ပျက်စီး ပျောက်ပျက်သွားလျှင်၊ ပြန်အစားထိုး လို့ မရ တော့ဘူး။ ရှေးဟောင်းမြို့ရိုးအဆောက်အအုံ၊ အရိုးအိုး၊ အလောင်း ၊ လူသုံးကုန်ပစ္စည်း စသည်တို့ ကိုတွေ့လျှင် သမိုင်းသုတေသီများတို့က သိပ္ပံနည်းကျကျ လေ့လာပြီး အဖြေထုတ်နိုင် တယ်။ Pre History ကာလကလား၊ Proto Hisrtory ကာလကလား စတဲ့ ခေတ်ကာလကိုလည်း သိရှိ နိုင်ပါတယ်။ ထားဝယ်မြို့ ရွှေသာလျောင်းဘုရားမှာ ရှေးဟော င်း ပြတိုက်ရှိတယ်။ ပုဂံခေတ် ကျန်စစ်သားမင်းကို ရည်ညွှန်းတဲ့ ကျောက်စာ၊ အုတ် ခွက်စာ ရှိတယ်။ ထား ဝယ်အနီး မုတ္တီးမြို့ဟောင်း ရှိရှင်မုတ္တီးဘုရားမှာ ဟံသာဝတီ ဘုရင့် နောင်မင်းတရားကြီးရဲ့ ခေတ်ကာလက လှူဒါန်းထားတဲ့ ခေါင်းလောင်းစာပါတဲ့ ခေါင်းလောင်းရှိတယ်။ မွန်ပြည်နယ်မှာ ခရုံဂူ၊ ကရင်ပြည်နယ်မှာ ကော့ကွန်းဂူ၊ ဖားကပ်ဂူ၊ ဆဒ္ဒါန်ဂူ တို့မှာ ရှေးဟောင်း ပစ္စည်းလက်ရာ အများအပြားရှိတယ်။ ပြုပြင်မွမ်းမံပြီး သာသနာ့ အဆောက်အဦလို့ ဖြစ်သွားတော့ မွမ်းမံတဲ့အတွက် ပျောက်ပျက်နိုင်တယ်။ လူငယ်များ အပျော်ခရီးထွက်တဲ့ နေရာလိုဖြစ်တော့လည်း ရှေး ဟောင်းအမွေအနှစ် ထိန်းသိမ်းရေးရှု့ထောင့်နဲ့ကြည့်လျှင် အလွန် အန္တရာယ်ကြီးတယ်။ မော်လမြိုင်မြို့ ကျိုက်သလ္လံ

ဘုရားမှာ မွန်ဘု ရင်ခေါင်းလောင်းနဲ့ မြန်မာ ဘုရင် ခေါင်းလောင်းကို ပြုပြင်တဲ့ကိစ္စကို ကျွန်တော်နည်းနည်းတင်ပြလိုပါတယ်။ အဲဒီခေါင်းလောင်း (၂)လုံးကိုလွန်ခဲ့တဲ့ (၂) နှစ်လောက်က ကျွန်တော်သွားကြည့်တော့ မွန်ဘုရင်လှူတဲ့ ခေါင်းလောင်းမှာ မွန်စာ၊ ဗမာဘုရင်လှူထားတဲ့ ခေါင်းလောင်းမှာ ဗမာစာ ရှိပါတယ်။ လွန်ခဲ့တဲ့ ၁နှစ်မှာ ကျွန်တော် တစ်ခေါက် ပြန်ရောက်တဲ့အခါ ဘုရားပေါ်တက်လို့ ပြန်ကြည့်တဲ့အခါကြ တော့ အဲဒီခေါင်းလောင်း (၂)လုံး ကို ဆေးသုတ်ထားတယ်။ ခဲရောင်ဆေးကို သုတ်ထားတဲ့အခါကြတော့ စာလုံးတစ်လုံးမှ မပေါ် တော့ဘူး။ ခေါင်းလောင်း(၂)လုံးစလုံးမှာ ဒါပေမဲ့ဆိုင်းဘုတ်ကတော့ မွန်ဘုရင် လှူဒါန်းထားသော ခေါင်းလောင်း၊တစ်လုံးကမြန်မာဘုရင်လှူဒါန်းထားသောခေါင်းလောင်း၊ ဒါမေယ့် ဒီခေါင်းလောင်း (၂)လုံးရဲ့ ပုံကို ကြည့်တော့လည်း ဒီ ဆိုင်းဘုတ်နဲ့ သိပ်ပြီးတော့ အံဝင်ခွင်ကျမဖြစ် ဘူး။ ဘယ်လိုပဲဖြစ်ဖြစ်ဒါဟာ ဂေါပက အဖွဲ့က လုပ်ဆောင်တဲ့လုပ်ဆောင်ချက်မို့လို့ ကျွန်တော်တို့ ဘာမှလည်းမပြောဘူး၊ ဘာမှလည်းမတင်ပြပါ။ ဒီပထမ အကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးပြီးတဲ့အခါကျရင် ကျွန်တော် မော်လမြိုင်မှာ ဘုရားတစ် ခေါက် ကျိုက်သလ္လံ ဘုရားကို ဝင်ရောက်ဖူး မြော်တဲ့အချိန်မှာ ကျွန်တော် ပြန် ကြည့် တယ်။ အဲဒီမှာ ခေါင်းလောင်းရဲ့ ပုံစံကိုလည်း ချိ န်ဆပြီးတော့ ကြည့်တယ်။ ဆိုင်းဘုတ် ကိုလည်း ကြည့်တယ်။ နောက်ပြီးတော့ စာလုံးနေရာကို သေသေချာချာ ပြန်ကြည့်တဲ့အခါကျတော့ ကံအားလျော်စွာ အချို့ စာလုံးဟာ ခေါင်းလောင်းမှာထွင်းထားတာ ချိုင့်နေတဲ့အတွက်ကြောင့် အဲဒီချိုင့် ပေါ်လာတဲ့ အခါကျ တော့ ဗမာဘုရင်ခေါင်းလောင်းနေရာမှာ မွန်ဘုရင်ခေါင်းလောင်း ရောက်နေတယ်။ မွန်ဘုရင် ခေါင်းလောင်းဆိုင်းဘုတ်အောက်မှာ ဗမာဘုရ င်ခေါင်းလောင်း ရောက်နေတာကိုတွေ့ရတယ်။ ဒါဟာဘာလဲဆိုတော့ ပြုပြင်မွမ်းမံတဲ့နေရာမှာ လွဲချော်လို့ မှားမှားယွင်းယွင်းဖြစ်တာကို တွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံကို ရောက်တဲ့ ပထမဦးဆုံး နယ်ချဲ့ဟာ ပေါ်တူဂီဖြစ်ပါတယ်။ ပထမဦးဆုံး အဲဒီနယ်ချဲ့ကို တိုက်တာဟာ ဗညားဒလနဲ့ သူ့ သမက် ဗိုလ်ချုပ်ဗညားလော ဦးဆောင်တဲ့ မွန်တပ်ဖွဲ့ဖြစ်တယ်။ ပေါ်တူဂီရေးသားတဲ့ စာအုပ်အရ သိရပါတယ်။ ပေါ်တူဂီတို့ က ဓမ္မစေတီခေါင်းလောင်းကို ရွှေတိ ဂုံဘုရားမှ သံလျ င်ကိုသယ်လာတဲ့အချိန်မှာ မြစ်ထဲ မှာ လွတ်ကျမြုပ်နေပါတယ်။ ဒါကို ထုတ်ဖော် နိုင်ရင် ကမ္ဘာမှာ အကြီးဆုံးခေါင်းလောင်းဟာ ကျွန်တော်တို့ တိုင်း ပြည်မှာရှိပါတယ်။ ဟံသာဝတီခေတ်က Technology ဘယ်အဆင့် ရောက်နေပြီးလည်းဆိုတာကို လည်း ဂုဏ်ယူစရာဖြစ်မှာ၊ ယခု မော်လမြိုင်မြို့ နယ်၊ ကော့နှပ်ရွာ၊

ဦးနာအောက်ရဲ့ အလှူလက်ရာများဟာ လွန်ခဲ့တဲ့ အနှစ် (၁၅၀) လောက်က ဖြစ်ပါတယ်။ ဦးနာအောက် ဟာ အင်္ဂလိပ်နယ်ချဲ့ဖြစ်တဲ့ အရှေ့ အိန္ဒိယကုမ္ပဏီ East India Company နဲ့ စီးပွားရေးအရ ယှ ဉ်ပြိုင်တိုက်ခိုက်သူဖြစ်တဲ့ မျိုးချစ်မွန်သူဌေး တစ်ယောက် ဖြစ်ပါတယ်။ သူလှူဒါန်းထားတဲ့ ဝတ်ဘုရားများဟာ ပါတော်မူခေတ် မတိုင်ခင်က မန္တလေး မြန်မာလက်ရာ များ ဖြစ်ပါတယ်။ ရပ်ရွာက ထိန်းသိမ်းလျက်နဲ့ တန် ဖိုးမဖြတ်နိုင်တဲ့ ပန်းပုလက်ရာပါ ဆင်စွယ် နှစ်ချောင်း အခိုးခံရလို့ ပျောက်ဆုံးသွားပါပြီ ယခု ယိုယွင်းနေပြီဆိုတဲ့ သူရဲ့အဆောက်အဦများ ကိုလည်း ပြင် ဆင်ရန် လိုအပ်နေပါတယ်။ ယခင်တိုင် တစ်လုံး အိမ်ကြီးဟာ ၁၉၈၈ မတိုင်ခင် ခေတ်ကကာလမှာ ဖြိုဖျက်လိုက်တဲ့ အတွက်ကြောင့် ပြန်မရတော့ပါ။ ဥက္ကဋ္ဌကြီးခင်ဗျာ။ ဦးသန်းဆွေ တန ်သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)၏ အဆိုကို ထောက်ခံရင်းနဲ့ ကျွန်တော်တို့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ဒေသ ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ အတိုင်း တစ်နိုင်ငံလုံးကိုယဉ်ကျေး မှုရဲ့ အမွေအနှစ်များကို အလေး အနက်ထား ကာကွယ် ထိန်းသိမ်းရန်လည်း အကြံပြုလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက် လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်စိန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၀။**

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ရေဖြူမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးမောင်စိန် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဦးသန်းဆွေ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နဘုလယ်ရွာ၌ ထားဝယ် ရေနက်ဆိပ်ကမ်း ပြုလုပ်ရာတွင် သမိုင်းဝင်နေရာများကို မပျက် စီး မထိခိုက်ရန် ထိန်းသိမ်း၍ စနစ်တကျ သတ်မှတ်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို

ထောက်ခံဆွေးနွေးသွားမှာ ဖြ စ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ ဆွေးနွေးချက်ကို ဖတ်ကြားခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထားဝယ်ရေ နက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန် စီမံကိန်းဟာ ထားဝယ်ဒေသကို အကျိုး ပြုရုံသာမက မြန်မာပြည်ကိုပါ အကျိုးပြုတဲ့စီမံကိန်းကြီး ဖြစ်တဲ့အတွက် လှိုက်လှဲစွာ ကြိုဆိုအပ်ပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်မြေဖြစ်တဲ့ ရေဖြူမြို့နယ်အတွင်း ထားဝယ်ရေနက်ဆိပ်ကမ်း အထူးစီပွားရေးဇုန် စီမံကိန်း သတ်မှတ်ထားတဲ့ ကျေးရွာအုပ်စု ၁၁ခု၊ ကျေးရွာပေါင်း (၁၇) ရွာ၊ မြေဧရိယာ (၅၀၅၃၅.၀၂)ဧကမှာပါရှိနေတဲ့ နဘုလယ်ဒေသ သမိုင်းဝင်နေရာများ ပျက်စီးထိခိုက်မှာစိုးရိ မ်မိတဲ့အတွက် ဦးသန်းဆွေရဲ့ အဆို ကို ထောက် ခံခြင်း ဖြစ်ပါတယ်။ နဘုလယ်ဒေသဆိုတာ ထိန်ကြီး၊ မရင်းကြီး၊ လဲရှောင်နှင့် ပရတိုက် ကျေးရွာလေးရွာပေါင်းစပ်ထားတာကို ခေါ်ခြင်းဖြစ်ပါတယ်။ နဘုလယ်မှာ ထားဝယ်သမို င်းဝင် ခြေတော်ရာဘုရားနဲ့ ကျွဲမင်းကုန်းဘုရား နှစ်ဆူအထင်အရှား ရှိပါတယ်။ ရေနက်ဆိပ်က မ်း စက်မှုဇုန်အတွင်း ကျရောက်နေပေမယ့် ဘုရားများ၊ သာသနိက အဆောက်အဦများကို မထိခိုက်ပါလို့ ဆိုသော်လည်းပဲ ပရဝုဏ်နေရာများကိုတော့ ထိခိုက်နိုင်တာကိုတော့ စိုးရိမ် မိပါတယ်။ ထားဝယ် ရေနက် ဆိပ်ကမ်း အထူးစီးပွားရေးဇုန် စီမံကိန်းသက်မှတ်ထားတဲ့နေရာ၌ သာဂရမြို့ဟောင်းဟာ ဦးသန်းဆွေ တင်ပြသွားသကဲ့သို့ (၁)မိုင်လောက်သာ ကျန်ရှိပါတယ်။ ဒေသခံလူထု ဟာ သူတို့ရဲ့ အချို့သမိုင်းဝင်နေရာများ ထိခိုက်မယ့်စိုးရိမ် မှုကို ခံစားနေကြရပါတယ်။ ဒါကြောင့် လူထုရဲ့ စိုး ရိမ်မှုမှ ကင်းဝေးစေဖို့ ဦးသန်းဆွေ တင်ပြ သွားသလို ရေနက်ဆိပ်ကမ်း စက်မှုဇုန် ပြုလုပ်ရာမှာ သမိုင်းဝင်နေရာများ မပျက်စီး၊ မထိ ခိုက်ရန် ထိန်းသိမ်းပြီး စနစ်တကျ သတ်မှတ်ပေးရန်အတွက် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း ဦးသန်းဆွေ ၏ တင်သွင်းခြင်းအဆိုကို အလေးအနက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၄။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ မြောက်ဦး မဲဆန္ဒနယ်မှ ဖြစ်ပါတယ်။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းဆွေ ရဲ့ အဆိုဖြစ်တဲ့ ထားဝယ်ရေနက်ဆိပ်က မ်း ပြုလုပ်ရာတွင် သမိုင်းဝင် နေရာများကို မပျက်မစီး၊ မထိခိုက်ရန် ထိန်းသိမ်း၍ စနစ်တကျသတ်မှတ်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော်က ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်၏ ဆွေးနွေးချက်ကို ဖတ်ကြားခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဒီအခု ဆွေးနွေးမယ့်ဟာက သမိုင်းကျွမ်းကျင်လို့ သမိုင်းပညာရှင်တစ်ယောက် ရှုထောင့်မှမဟုတ်ဘဲ ရှေးဟောင်းသုတေသန ယဥ်ကျေး မှုနေရာမှာ နေတဲ့ ပြည်သူတစ်ယောက်ရဲ့ အမြင်နဲ့ ပဲ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးမှာ တိုင်းရင်းသားလူမျိုးစုတွေဟာ ရှေး နှစ်ပေါင်းထောင်ချီ ရှည်လျားစွာကပင်အခြေချ နေထိုင်လာကြသူများ ဖြစ်ပါတယ်။ တိုင်းရင်းသား လူမျိုးစုများကို အကျဉ်းအားဖြင့် ဖော်ပြရလို့ရှိရင် ရှမ်း၊ ချင်း၊ ကချင်၊ ကယား၊ မွန်၊ ဗမာ၊ ရခိုင်တို့ ဖြစ်ကြပါတယ်။ အကျဉ်းအားဖြင့် ပြောရမယ်ဆိုရင်တော့ နိုင်ငံတော်အစိုး ရက ထုတ်ပြန်ထားတဲ့ အတိုင်း တိုင်းရင်းသား မျိုးနွယ်စုပေါင်း (၁၃၅)မျိုး ဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ- ၃တွင် နိုင် ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင် ကြသော နိုင်ငံဖြစ်သည်ဟု ဖော် ပြထားပါတယ်။ ပြီးတော့ ပုဒ်မ ၈ တွင်လည်း နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက် သည်ဟု ပြဋ္ဌာန်းထားရခြင်း ဖြစ်ပါ တယ်။ ဒီတိုင်းရင်းသားများရဲ့ သမိုင်းအစဥ်အလာဟာလည်း တော်တော်ကြီးမားခဲ့ကြပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဖော်ပြပါ တိုင်းရင်းသားကြီးများတို့ နေထို င်ခဲ့ရာဒေသတွေမှာ သမိုင်းဝင် ရှေးဟောင်း

ယဉ်ကျေးမှုအမွေအနှစ်တွေ ပေါ်များကြွယ်ဝ ခဲ့ကြပါတယ်။ ပျူ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းကြီး၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ တောင်ငူ၊ ပဲ ခူး၊ ဟံသာဝတီ၊ ထားဝယ်၊ နောက် ကျွန်တော်တို့ ရခိုင်ဘက်မှာဆိုရင်လည်း ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ လောင်းကျ က်၊ မြောက်ဦး စတဲ့ နေရာဒေသများဟာ သမိုင်းဝ င်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေ ကျန်နေ ခဲ့ကြတဲ့ နေရာများ ဖြစ်ကြပါတယ်။ ဒါ နမူနာလောက် ပြောတာပါ။ တခြားနေရာတွေလည်း ကျန်နေ ပါ သေးတယ်။ ဒီတိုင်းရင်းသားများ အားလုံးဟာ မိမိတို့ရဲ့ ရိုးရာဓလေ့ ထုံးတမ်း ၊ ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ၊ ဘာသာစကား၊ စာပေအနုပညာတို့ကို မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်လိုစိတ်ရှိကြပါတယ်။ ဒါကို နိုင်ငံတော် ကလည်း အသိအမှတ်ပြုပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၂ (က)တွင် နိုင် ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူ ညီဆောင်ရွက်မည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒ့ါအပြင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၉၆ (ဇယား-၁)မှာ နောက်ပြီးတော့ ပုဒ်မ ၁၁၈(ဇယား-၂)မှာလည်း ရှေး ဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးနှင့် ပတ်သက်လို့ အကာအကွယ်ပေးထားပြီး ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားစွာ တည်ငြိမ်ခန့်ညားစွာ တည်ရှိနေဖို့ ဆိုတာဟာလည်း စီးပွားရေးဖွံ့ဖြိုးမှု တစ်ခု ရှိရုံမျှနဲ့ မလုံလောက်သေးပါဘူး။ ထို နိုင်ငံရဲ့ သမိုင်းအစဉ်အလာကြီးမားမှု၊ ရှေးယခင်ကပင် ယဉ်ကျေးမှု အဆင့်အတန်းမြင့်မား ခဲ့မှုတို့လည်း အကျုံးဝင်တယ်ဆိုတာ အများလက်ခံ ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ကုလသမဂ္ဂ UNESCO အဖွဲ့ကလည်း ကမ္ဘာ့ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များကို အသိအမှတ်ပြုကာ ထိန်း သိမ်းစောင့်ရှောက်ပေးလျက်ရှိတယ် ဆိုတာလည်း သိရှိကြပြီး ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ နိုင်ငံတိုင်း ၊ နိုင်ငံတိုင်းမှာလည်း မိမိတို့ သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်များတည်ရှိရာ နေရာဒေသများတွင် ဥပဒေ ပြဋ္ဌာန်းပြီး ထိန်းသိမ်းစောင့်ရှောက်ထားကြပါတယ်။ ဒီအဆိုကို တင် သွင်းထားတဲ့ ဦးသန်းဆွေ ဟာ တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်ရေနက်ဆိ ပ်ကမ်း ပြုလုပ်ပေးတဲ့အတွက် ဒီဒေသ မှာ အလုပ်အကိုင်ရရှိဖို့ အခွင့်အလမ်း ရှိလာမယ်။ စီးပွားရေးဖွံ့ဖြိုးမှု ရှိလာမယ်။ ဒီလို ကြီးမားတဲ့ အကျိုးကျေးဇူးတွေ ရှိ လာနိုင်ကြတဲ့အတွက် ဝမ်းမြောက်စွာ ကြိုဆိုကြောင်းကို သူက ဖော်ပြခဲ့ ပါတယ်။ ဒါပေမဲ့ တခြားတစ်ဖက်ကလည်း သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်များကို မပျက်မစီး စေချင်ဘူးဆိုပြီး သူက ဆွေးနွေးထားပါတယ်။ ဟုတ်ပါတယ်။ ဒီ အနေအထားဟာ ကျွန်တော်တို့နဲ့

ခပ်ဆင်ဆင် တူနေတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ နိုင်ငံတော်က မီးရထားလမ်း ဖောက်လုပ်ပေးထားပါတယ်။ မီးရထားမရှိသေးတဲ့ ရခိုင်ဒေသ မှာ အခုတော့ မီးရထားလမ်း ရှိလာတယ်ဆိုပြီး ဝမ်းသာအားရ ကျေနပ်ကြပါတယ်။ သို့သော် မီးရထားလမ်း ဖြတ်သွားရာ ရှေးဟောင်းယဉ်ကျေးမှု အမွေအ နှစ် ထွန်းကားခဲ့တဲ့ မြောက်ဦးဒေသ မှာရှိတဲ့ မြို့ရိုး၊ ကျုံး၊ တံတိုင်း၊ ပစ္စင်၊ ရင်တား၊ ဘုရား၊ ပုထိုး၊ စေတီများနဲ့ လွတ်ကင်းတဲ့ နေရာများမှာ ဖောက်လုပ်ပေးစေချင်တဲ့ ဆန္ဒရှိကြပါတယ်။ ဘာဖြ စ်လို့လဲဆိုတော့ ဒီသမိုင်းဝင်ပစ္စည်းတွေ ဟာ ပျက်စီးသွားရင် အစားထိုး လို့ရတဲ့ ပစ္စည်းတွေမဟုတ်ပါဘူး။ အသစ်ဖန်တီးပေးရင်လည်း ဒါအသစ်ပဲ ဖြစ်နေပါမယ်။ ဒါရှေးဟောင်းမဟုတ်ပါဘူး။ ဒါကိုလည်း ကမ္ဘာ့လှည့်ခရီးသည်တွေက အများကြီး လက်ခံကြပါတယ်။ ဒီဆန္ဒဟာ သဘာဝလ ည်းကျပါတယ်။ ကျွန်တော်တို့ ဒေသ ရဲ့ဆန္ဒတွေဟာ သဘာဝလည်းကျပါတယ်။ ဒီနေ ရာမှာ ကျွန်တော်တို့က ဘယ်လိုဖြစ် စေချင်သလဲဆိုရင် သုဝဏ္ဏသာမဇာတ်တော်ထဲကလို သားရွှေအိုးထမ်းလာတာကိုမြင်ချင်ပါတယ်ဆိုတဲ့ အနေအထားမျိုး ပါပဲ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြူ နီ၊ ညို၊ ပြာ ရောင်စုံပန်းတွေ လှပနေတဲ့ ပန်းဥယျာဉ်တစ်ခုမှာ အဖြူရောင် ပန်းတစ်ခိုင်လျော့ သွားရင် အဲဒီပန်းဥယျာဉ်ရဲ့ အလှ ဟာလည်း လျော့သွားပါ မယ်။ ထို့အတူပါပဲ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်မျိုးစုံနဲ့ လှပနေတဲ့ ဝင်းထိန် တင့်တယ်နေတဲ့ ပြည်မြန်မာဟာ သမိုင်း ဝင်ယဉ်ကျေးမှု အမွေအနှစ် တစ်ခုခု လျော့နည်းသွားရင် မြန်မာပြည်ရဲ့အလှဟာလည်း လျော့မသွားနိုင်ဘူးလားလို့ ပြောကြားရင်း တနင်္သာရီတိုင်း ဒေသကြီးမှ ဦးသန်းဆွေ ရဲ့ ထားဝယ်ရေနက် ဆိပ်ကမ်း ပြုလုပ် ရာတွင် သမိုင်းဝင် နေရာများကို မပျက်စီးမထိခိုက်ရန် ထိန်းသိမ်း၍ စနစ်တကျ သတ်မှတ်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ၊** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာအေးမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၀။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်သော ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိ တ်နှစ်ဖြာ ကျန်းမာ ၊ ချမ်းသာကြပါစေရန် မေတ္တာပို့သ ဆုတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ သမိုင်းဆိုင်ရာ အချက်အလက်တွေပါလို့ စာကို ကြည့်ပြီး ဖတ်ခွင့်ပြုပါရန် မေတ္တာရပ်ခံပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ဥက္ကဋ္ဌကြီးခင်ဗျား။ ထားဝယ်ရေနက်ဆိပ်ကမ်းဇုန် နဘု လယ်ဒေသမှာ ရှေးဟောင်းသမိုင်းဝင်ဘုရားများနဲ့ ရေနက် ဆိပ်ကမ်းဇုန်နှင့် (၁)မိုင်ခန့်သာ ဝေးတော့တဲ့ သာဂရမြို့ဟောင်းမှ အဖိုးတန်သမိုင်းဝ င် နေရာများ ဆုံး ရှုံးခြင်းမရောက် ရစေရန် စနစ်တကျ ကြပ် မတ်ထိန်းသိမ်းရေး ဆိုတဲ့ ဆရာဦးသန်း ဆွေ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂)ရဲ့ အဆိုကို ထောက်ခံဆွေးနွေးပါမယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)က ဒေါက်တာအေးမော င်ပါ။ ခုန လွှတ်တော် ကိုယ်စားလှယ်တွေ တင်ပြခဲ့သလိုပါပဲ။ ကျွန်တော်ဟာ သမိုင်းပညာရှင် မဟုတ်ပါဘူး။ သို့သော်လည်း ဒီဆရာ ဦးသန်းဆွေ ရဲ့ အဆိုနဲ့ ပတ်သက်လို့ ကျွန်တော်ဆွေးနွေးချင်တဲ့ အပိုင်း(၂)ခု ရှိပါတယ်။ ဆရာညွှန်း ဆိုခဲ့တဲ့ သမိုင်းရဲ့ ရှေးဟောင်းအမွေအနှစ်ဆိုတာ ဆုံးရှုံးသွားရင် သစ်ပင်စိုက်သလို ပြန် စိုက်လို့မရတဲ့ ထာဝရဆုံးရှုံးမှု ဖြစ်တယ်ဆိုတဲ့ ဥပမာရယ်၊ နောက်တစ်ခုက စက်မှုဇုန်သတ်မှတ်တဲ့ ဧရိ ယာ Master Plan ရှိရဲ့သားနဲ့ လိုရင်လိုသလို ဧရိယာချဲ့ထွင်နေတဲ့ စက်မှု ဇုန်ကြီးကြပ်ရေးအဖွဲ့ရဲ့ကဏ္ဍတွေ၊ ဖွံ့ဖြိုးမှုစီမံကိန်းနဲ့ အမြဲဆန့်ကျင်မှု ဖြစ်မြဲဖြစ်တဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကဏ္ဍ တွေကို စိတ်ဝင်စားလို့ ကျွန်တော် ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်အနေနဲ့ (၂)ပိုင်း ဆွေးနွေးချင်ပါတယ်။ ပထမတစ်ပိုင်းက သမိုင်းရဲ့ အမွေအနှစ် ရှေးဟောင်းပစ္စည်းတွေ ဘာကြောင့် ကျွန်တော်တို့ ထိန်းသိမ်းဖို့ လိုသလဲဆိုတာပါ။ လူမျိုးတစ်မျိုးရဲ့ သမိုင်းဇာတိ ဇာ စ်မြစ် မပျောက်ပျက်သွားဖို့ ၊ လူမျိုးမပျောက်သွားဖို့၊ ထာဝရရှင်သန် ရပ်တည်နိုင်ဖို့ လူမျိုးတိုင်းမှာ တာဝန်ရှိကြ ပါတယ်။ ရှာဖွေဖော်ထုတ် ထိန်းသိမ်းသွားကြရမယ့် တာဝန်ရှိကြပါတယ်။ မိမိတို့ရဲ့ ဘာသာစကား၊ စာပေယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာ ဓလေ့ထုံးတမ်းအစဉ်အလာတွေ မပျောက် ပျက်ဖို့၊

ဖျောက်ဖျက်မခံရဖို့ မိမိတို့ ရဲ့သမိုင်းကို သိဖို့လိုပါတယ်။ သမိုင်းပျောက်ရင် လူမျိုးပျောက်သွားပါမယ်။ ဒါ ကြောင့် မိမိတို့ရဲ့ သမိုင်းကို မိမိတို့ လွတ်လပ်စွာ ဖော်ထုတ်ထိန်းသိမ်းကာကွယ်ခွင့် လူမျိုးတိုင်းမှာ ရှိရပါမယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ ပုဒ်မ ၃၅၄(ဃ)မှာဖြင့် လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ပေးထားပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက မိမိတို့ရဲ့ဘိုးဘွားတွေရဲ့ ရှေးဟောင်းပစ္စည်းတွေဖြစ် တဲ့ အမွေအနှစ်တွေ ရုပ်ကြွင်း၊ ကမ္ပည်း ၊ ကျောက်စာ၊ မော်ကွန်း၊ သချိုင်းဂူ၊ သချိုင်းရာ၊ ရေကန်၊ မြို့ရိုး၊ တံတိုင်း၊ ကျုံး၊ ခံတပ်၊ နန်း မြို့ရိုး၊ စေတီပု ထိုး၊ ဘုန်းကြီးကျောင်း၊ လူနေ အဆောက်အအုံတွေဟာ ကျွန်တော်တို့ ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ဂုဏ်ယူရမယ့် အမွေအနှစ်တွေပါ။ မြတ်နိုးဂုဏ်ယူစွာ အမျိုးသားရေးအမြင်နဲ့ ထိန်းသိမ်းကာကွယ်ရပါမယ်။ လူမျိုးတစ်မျိုးဟာ အတိတ်ကာလမှာ ဂုဏ်ယူမှတ်သားဖွယ်သမိုင်းနဲ့ ကိုယ့်ထီးကိုယ့်နန်းနဲ့ ခေတ်ပြိုင်နိုင်ငံကြီး အဖြစ်နဲ့ စာပေယဉ်ကျေးမ ှု ဓလေ့ရိုးရာစကား၊ ကိုးကွယ်ယုံကြည်မှုတွေနဲ့ တည်တည်တံ့တံ့ ရှိခဲ့ရင်ရှိခဲ့မယ်။ ကျွန်တော်တို့ ဖော်ထုတ်ပေးဖို့ လိုပါတယ်။ မဖော်ထုတ်ပေးတဲ့အပြင် ပျောက်ကွယ်သွားစေတာမျိုး ၊ လူမျိုးစုကြီးတစ်ခုရဲ့ အောက်မှာ သွေးနှောပျောက်ကွယ်သွားအောင် ဖန်တီးမိတာမျိုး မဖြစ်ဖို့လည်း လိုအပ်ပါတယ်။ လူမျိုးတစ်မျိုးရဲ့ အတိတ်ကဂုဏ်ကို ပြောင်မြောက်စွာ ဖော်ထုတ်ပေးနိုင်ပါ က သူတို့ရဲ့ ရှေးဟောင်းအမွေအနှစ်တွေ မြေပေါ်မြေအောက်ရောက်နေတဲ့ ဒီတန်ဖိုးမဖြတ်နိုင် တဲ့ ရတနာတွေကို ထိန်းသိမ်းကာကွယ် ဖို့ ရှေးဟောင်းသမိုင်းသုတေသန ဦးစီးဌာနတို့၊ ယဉ်ကျေးမှုဦးစီးဌာနတို့တွေဟာ သိပ်ကို အရေးကြီးပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ပြဋ္ဌာန်းထားတဲ့ဥပဒေ၊ နည်းဥပဒေတွေဟာ အသက်ဝင်ဖို့ လိုအပ်ပါတယ်။

ပြီးခဲ့တဲ့ ပထမအကြိမ် လွှတ်တော်ပုံမှန် အစည်းအဝေးကြီးမှာ ရခိုင်ပြည်နယ်၊ မြောက်ဦးကိုယ်စားလှယ်တော်က UNESCO ရဲ့ ထိန်းသိမ်းစောင့်ရှောက်ခံစာရင်းမှာ ဒေသဖြစ်ဖို့ တင်ပြခဲ့တဲ့ မြောက်ဦးမြို့ကိစ္စနဲ့ ပတ်သက်လို့ တန်းစီဇယားအရ ဟန်လင်း၊ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ စသည်ဖြင့် ရှေ့ နောက်စီထားတဲ့ အကြောင်းကို သိရှိ ခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ရခိုင် မှာ မင်းဆက်ပေါင်း (၂၀)ဆက် အုပ်စိုးခဲ့တဲ့ အေဒီ ၄၀၀ စုနဲ့ ၈၀၀ စုအကြားက ဝေသာလီမြို့ဟောင်း ကို တူးဖော်ခဲ့တဲ့ ကိစ္စနဲ့ အခုတူးဖော်နိုင်အောင် ထိန်းသိမ်းသင့်တဲ့ ကျွန်တော်မင်းဆက်(၃)ဆက် စိုးစံခဲ့တဲ့ အေဒီ ၈၀၀ စုက သာဂရမြို့ဟောင်းကို အတိတ်ကာလမှာ ကုန်စည်ကူးသန်းသွားလာမှု ဆက်ဆံမှုရှိခဲ့ကြမယ်ဆိုတဲ့ ကျွန်တော်ယူဆချက်နဲ့

သာဂရမြို့တော်ကို အုပ်စိုးခဲ့တဲ့ မင်းဆက် (၃)ဆက်အနက် နှစ်ပေါင်း(၁၄၇)နှစ်ကြာ အေဒီ ၇၅၁ ကနေ ၉၀၈ ထိ အုပ်စိုးခဲ့တဲ့ ပထမမင်းဆက် စတင်တည်ထောင်ခဲ့ပြီး ရခိုင်ဗိုလ်ချုပ်နဲ့ ထားဝယ်သူတို့ရဲ့သား သမ္မတရာဇာနဲ့ ရခိုင်ရဲ့ နောက်ဆုံးမင်းဖြစ်တဲ့ မဟာသမ္မတရာဇာ ၁၄၃၀ မှာ စတည်ထောင်ပြီးကာမှ မင်းဆ က်ပေါင်း (၃)ဆက်၊ မင်းပေါင်း (၄၉)ပါးနဲ့ (၃၅၄)နှစ်တိုင်တိုင် စိုးစံခဲ့တဲ့ မြောက်ဦးခေတ်ရဲ့ နောက်ဆုံးမင်းဖြစ်တဲ့ မဟာသမ္မတရာ ဇာတို့ရဲ့ အမည်ဟာ တိုက်ဆိုင်မှုရှိလို့ ကျွန်တော့် အနေနဲ့ တော်တော်စိတ်ဝင်စားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သာဂရမြို့ဟောင်း ဟာ လွန်ခဲ့တဲ့ ၈ ရာစု အေဒီ ၇၅၁ မှာ ရခိုင်-ထားဝယ်မျိုးဆက် သမ္မတရာဇာနဲ့ မင်းဆက်စပြီးကာမှ အေဒီ ၉၀၈ ထိ နှစ်ပေါင်း (၁၄၇)နှစ်ကြာ စိုးစံခဲ့တဲ့ ပထမမင်းဆက် ဖြစ်ပါတယ်။ အေဒီ ၉၉၅ က မွန်မျိုးဆက် ဗညား ဦးနဲ့ စပြီးကာမှ အေဒီ ၁၇၀၀ -၁၀၇၆ ထိကို (၇၂)နှစ်ထိကြာ စိုးစံခဲ့တဲ့ ဒုတိယ မင်းဆက်ဖြစ်ပါတယ်။ အေဒီ ၁၅၆၀ နှစ်မှာ ထိုင်းမျိုးဆက် ဗျတ်ဇသမိန်၊ ဇလွန်မင်းနဲ့ စပြီးကာမှ အေဒီ ၁၇၄၃ ခုနှစ်မှာ (၁၈၁) နှစ်တိုင်တိုင် စိုးစံခဲ့တဲ့ တတိယမင်းဆက်တို့ရဲ့ သာဂရမြို့ ဖြစ်ပါတယ်။

ပထမနဲ့ ဒုတိယ မင်းဆက်(၂)ခုကြားဟာ (၈၇)နှစ်ဟာ ပြတ်တောက်နေပါတယ်။ အဲဒီလိုပဲ ဒုတိယမင်းဆက်နဲ့ တတိယမင်း ဆက်ကြားက (၄၆၂)နှစ်ကြာဟာ မင်းဆက် ပြတ်တောက်နေတာကို တွေ့ရှိရပါတယ်။ အဲ ဒီတော့ သာဂရရဲ့ ပျူ (၁၂)ပြည်ထောင်မှာ ပါဝင်တဲ့ ရှေးဟောင်းပျူမြို့ ကျုံး၊ မြို့ရိုး၊ နန်းရာတွေကို အထင်အရှားရှိပါလျက်နဲ့ ဘာကြောင့် ဖော်ထုတ်ဖို့ မေ့ပျောက်နေကြသလဲဆိုတဲ့ ဥစ္စာလေးဟာ ကျွန်တော်တို့ တော် တော်စိတ်ဝင်စားဖို့ ကောင်းပါတယ်။ အဲ ဒီတော့ ရှေးဟောင်း သမိုင်းသုတေသနဦးစီးဌာနက ၁၉၈၀ ပြည့်နှစ်မှာ စတင်တူးဖော်ခဲ့တဲ့ ဝေသာလီမြို့ဟောင်းနဲ့ ပတ်သက်လို့ ပုဂံခေတ်မတိုင်မီ နှစ်ပေါင်း (၆၀၀) စောပြီးကာမှ အိန္ဒိယပြည် ၊ မြန်မာပြည်အလယ်ပိုင်းရဲ့ တကယ့်အချက်အခြာကျတဲ့နေရာမှာ တည်ရှိခဲ့တဲ့ ကျွန်တော်တို့ရဲ့ ဝေသာလီမြို့ဟောင်း ကျောက်လှေကားမြို့နဲ့ ပတ်သက်လို့ ကျွန်တော်နည်းနည်း တင် ပြချင်ပါတယ်။ အိန္ဒိယပြည်ရဲ့ ဂုပ္ပတား ခေတ်၊ သရေခေတ္တရာ ခေတ်တို့နဲ့ ခေတ်ပြိုင်မြို့ဟောင်းကြီး တစ်ခုပါ။ အဲ ဒီတော့ ကျွန်တော်တို့ရဲ့ ဝေသာလီကို တူးတဲ့အခါမှာ ဝေသာလီ မှာ အေဒီ ၃၂၇ ခုမှာ မဟာသူရိယ စန္ဒရမင်းနဲ့ မိဖုရားခေါင်ကြီးတို့ သုပတာဒေဝီတို့ တည်ထားခဲ့တဲ့ ဘုရားကြီးရှိပါတယ်။ အခုထိ တည်ရှိနေဆဲပါ။ အဲဒီလိုပဲ အေဒီ ၆၃၈ ခုနှစ်မှာ သီရိဓမ္မဝိဇယမင်း၊ သီဟိုဠ် က ရဟန်းတစ်ထောင်၊ ရခိုင်က ရဟန်းတစ်ထောင်နဲ့

သင်္ဂါယနာတင်ပွဲသဘင် ကျင်းပ ခဲ့ရာ ကျွန်တော်တို့ ဝေသာလီဘုရားကြီးရဲ့ ရှေ့ပေ (၇၀) အမြင့်မှာရှိတဲ့ သင်္ဂါယနာကုန်းတော်ကြီးဟာလည်း ယခုအထိ ရှိနေပါသေးတယ်။

အေဒီ ၈ ရာစုလောက်က ရေးထိုးခဲ့တဲ့ အနန္တစန္ဒရားမင်းကျောက်စာဟာလည်းပဲ ယခုအထိ ရှစ်သောင်းပု ထိုးတော်ကြီးရဲ့ ရှေ့မှာ တည်ရှိ နေပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ ဂုဏ်ယူသင့်တဲ့ ဂုဏ်ယူ ရမယ့် ရခိုင်တွေရဲ့ အမွေအနှစ်တွေ ပါ။ ကျွန်တော်တို့ ဒါကို မေ့ပျောက်ပစ်လို့မရပါဘူး။ ဝေသာလီမြို့ဟောင်းကို ကျွန်တော် တို့ တူးတဲ့အခါမှာ ကုန်းအမှတ် (၁)ကနေ (၅)ထိကို တူးခဲ့ ပါတယ်။ ကုန်းအမှတ် (၁)မှာ သာသနာ ရေးဆိုင်ရာအဆောက်အဦတွေကို တွေ့ရှိပါတယ်။ ကုန်း အမှတ်(၂)မှာ အလျားပေ (၇၀)၊ အနံပေ (၅၀)ရှိတဲ့ အဆောက်အအုံပျက် တစ်ခုကို တွေ့ရပါတယ်။ အမှတ် (၃)မှာတော့ဖြင့် ဝပ်နေတဲ့ နွားရုပ်တင်ပ ဆုံရိုးလေးကို တွေ့ပါတယ်။ တင်ပဆုံ နဲ့ သဏ္ဍာန်ပြုလုပ်ထားတဲ့ကျောက်ကို တွေ့ ပါတယ်။ အဲဒီတော့ အမှတ် (၄)မှာ မြို့ရိုးတစ်စိတ်တဒေသနဲ့ သက္ကတဘာသာနဲ့ ရေးထိုးထားတဲ့ ကျောက်စာတစ်ချပ်ကို တွေ့ပါတယ်။ ကုန်းအမှတ်(၅)မှာ အလျား(၇၄)ပေ၊ အနံ(၅၀)ပေရှိတဲ့ အဆောက်အအုံအတွင်းခန်း သိမ်သမုတ်ခံ ကျောက်ပြားပါတဲ့ သိမ်အဆောက်အအုံတစ်ခုကို တွေ့ပါတယ်။ ရှေးအကျဆုံး ကျွန်တော်တို့ သိမ်လက်ရာတစ်ခု ဖြစ်ပါတယ်။ အဲ ဒီတော့ ဗုဒ္ဓဘာသာ စတင်ပြန့်ပွားခဲ့တဲ့ ပုဂံခေတ်ထက် နှစ်ပေါင်း(၆၀၀)ကျော် စောခဲ့တဲ့ ဝေသာလီမြို့ ရဲ့ အနေအထားကို ပုံဖော်လို့ တွေ့ရှိကြမှာ ဖြစ်ပါတယ်။ အဲ ဒီတော့ ဝေသာလီခေတ်မှာ ကုန်စည်ကူးသန်းရောင်းဝယ်ဖို့အတွက် ကျွန် တော်တို့ဟာ ဒင်္ဂါး(၅)မျိုးကို ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေနဲ့ ပုံစံ ထုတ်ပြီးကာမှ ကုန်စည်ကူးသန်းဖို့အတွက် သုံးစွဲခဲ့ပါတယ်။ ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီရဲ့ ကျွန်တော် တို့ သုံးနေတဲ့ တံဆိပ် သီရိဝစ္စ တံဆိပ်ဟာ ဝေသာလီဒင်္ဂါး ပြားတွေကို ပုံဖော်ထားတဲ့ ၈ ရာစုခေတ် မတိုင်ခင်က လက်ရာဟောင်းဖြစ်ပါတယ်။ အဲဒီတော့ အဲဒီကာလမှာ ရခိုင်ပြ ည်နယ် ဝေသာလီခေတ်ရဲ့ အဓိကအားဟာ ရေတပ်ဖြစ်ပါတယ်။ အဲဒီတော့ ရေလမ်းကြောင်းကူးသန်းသွားလာမှုမှာ ရခိုင်တွေဟာ ကျွမ်းကျင်ခဲ့တာ မို့လို့ ၈ ရာစုခေတ်က ဝေသာလီနဲ့ ကျွန်တော်တို့ထားဝယ်ရဲ့ သာဂရမြို့ဟောင်းဟာ ဆက်သွယ်မှု ရှိကောင်းရှိလာနိုင်ပါတယ်။ ထားဝယ်သမိုင်း၊ ထားဝယ်စကားမှာ ကျွန်တော်တို့ ပုဂံသားကို ဂန်သားလို့ ခေါ်ပါတယ်။ အဲ ဒီတော့ ဂန်သားမဟုတ်တော့တဲ့ တည်တည်တံ့တံ့ လူမျိုးတစ်မျိုးဟာ ထားဝယ်ဒေသမှာ ရှိခဲ့ပါလိမ့်မယ်။ မျိုးရိုးဇစ်မြစ်အတွက် ကျွန်တော်တို့ဟာ တူးဖော်တူးဆွဖို့ဟာ တာဝန်၊ ကျွန်တော်တို့မှာ ရှိလာပါပြီ။ မင်းဆက် (၃)ဆက်

အလိုက် ရခိုင် ၊ မွန်၊ ထိုင်းတို့နဲ့ ယဉ်ကျေးမှု ဆက်နွယ်နေတဲ့ ပျူတို့ရဲ့ အရိုးအိုးတွေ ၊ စာပေယဉ်ကျေးမှုလေ့ရှိရာ ဘာသာကိုးကွယ်မှုတွေ ဝေသာလီခေတ်သို့သော ဒဂ်ါးရိုက်နှိပ်မှုတွေ ကျွန်တော်တို့ ၈ ရာစု သာဂရမှာ မရှိဘူးလို့ ကျွန်တော်တို့ မပြောနိုင်ပါဘူး။ အဲဒါကြောင့်မို့လို့ ကျွန်တော် တို့ရဲ့ ယဉ်ကျေးမှု အမွေအနှစ်ဒေသအဖြစ် သတ်မှတ်ပြီးကာမှ မြန်မာနဲ့ထိုင်း ယဉ်ကျေးမှုဆက်နွယ်တဲ့ဒေသ ခရီးသွားလာမှုမြှင့်တင်ဖို့အတွက် ကျွန်တော်တို့ဟာ သမိုင်းသုတေသန ဦးစီးဌာနနဲ့ သင့်လျော်ပြီးကာမှ ကျွန်တော်တို့ မပျောက်ပျက်အောင် ထိန်းသိမ်းဖို့၊ တူးဖော်ဖို့ ကျွန်တော်တို့မှာ လိုအပ်ပါမယ်။ ကျွန်တော်တို့ရဲ့ ထိန်းသိမ်းမယ့် အစီအမံများဟာလည်း ခိုင်ခိုင်မာမာရှိဖို့ လိုပါ တယ်။ ဒီနေရာမှာ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့က ပြဋ္ဌာန်းခဲ့တဲ့ ယဉ်ကျေးမှုအမွေ အနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေရည် ရွယ်ချက် (၆)ချက်အနက်က အမှတ်စဉ် (၂)မှာပါတဲ့ဟာကို တင်ပြချင်ပါတယ်။ သဘာဝဘေးကြောင့် ၊ လူတို့ကြောင့် ယဉ်ကျေးမှုအမွေ အနှစ်ဒေသများအနက် ယဉ်ကျေးမှုအမွေအနှစ်များ ယိုယွင်း ပျက်စီးခြင်းမရှိစေရေး ကာကွယ် ရန်၊ အမှတ်စဉ် (၃)မှာတော့ ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ၏ဂုဏ်၊ လူမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်ပြီး မျိုးချစ်စိတ်ဓါတ်ရှင်သန်ရန်ဆိုတဲ့ အချက် (၂)ချက်တင် သာဂရမြို့ဟောင်းကို ရှေးဟောင်းနေရာအဖြစ် သတ်မှတ်ပြီး ဝေသာလီမြို့ဟောင်း ကဲ့သို့ တူးဖော်ရန် သင့်မည် ဖြစ်ပါတယ်။ ဒါ့ကြောင့် ၈ ရာစုမှ သာဂရမြို့ဟောင်းကို ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအဖြစ် သတ်မှတ်ပြီး ဥပဒေအရ ကာကွယ်မှုပေးကြပါ။ နှစ်နိုင်ငံပြည်သူများ လာရောက်ပြီး ဂုဏ်ယူစွာ လေ့လာလည်ပတ်နိုင်တဲ့ ရှေးဟောင်းခရီးသွား ဒေသအဖြစ် ဖန်တီးတည်ဆောက်ပေးနိုင်အောင် ကြိုးစားပေးကြပါ။ သာဂရမြို့ဟော င်းကို ဖော်ထုတ်တူးဖော်ပြီးနောက် မိုးရေချိန်လက်မ(၂၀၀)ကျော်နဲ့ ရခိုင်မိုးအောက်က ဝေသာလီမြို့တော် ဟောင်းလို အမိုးအကာမဲ့ ပစ်ထားတာမျိုး မဖြစ်စေဖို့ ထိန်းသိမ်းသင့်တဲ့အပိုင်းကို လူမျိုးစွဲဒေသစွဲ ကင်းစွာနဲ့ လူမျိုးနွယ်စုတစ်စုရဲ့ တန်ဖိုးရှိလှတဲ့ အဖိုးမဖြတ်နိုင်တဲ့ ရတနာအဖြစ် သတ်မှတ်ဂုဏ်ပြု ပေးကြပါလို့ တိုက်တွန်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအပိုင်းအနေနဲ့ စက်မှုဇုန်တိုးချဲ့ တည်ဆောက်ခြင်းနဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အန္တရာယ်တွေကို ကျွန်တော် တင်ပြချင် ပါတယ်။ ဖွံ့ဖြိုးတိုး တက်ချင်တဲ့ Developer နဲ့ သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းလိုတဲ့ Enviromentalist တွေဟာ အမြဲတမ်း ဆန့်ကျင်ဘက်ဖြစ်တယ်ဆိုတာ ကျွန်တော်ကြားဖူးပါတယ်။ အဲဒီတော့ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနဲ့ ကျွန်တော်တို့ဟာ ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ထဲကို

ရောက်အောင်ယူနိုင်ရလိမ့်မယ်။ ကျွန်တော်တို့ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု၊ လူ မှုစီးပွား ထိခိုက်မှုတွေကို မျက်ကွယ်ပြုလို့မရတော့ဘူး။ ကျွန်တော်တို့ရဲ့ ဧရာဝတီနှင့်မြစ်ဆုံရေကာတာကိစ္စ ကျွန်တော်တို့ရဲ့ ကိုလိုနီလက်သစ်တွေရဲ့ ပထဝီ နိုင်ငံရေးအရ Geo-politic အရ စီးပွားရေးအရ နယ်ချဲ့မှုကို သတိမူဖို့ လိုအပ်လှတဲ့ ကာလရောက်နေပါပြီ။

နယ်မြေချင်းဆက်စပ်တဲ့ နိုင်ငံကြီးတွေရဲ့ ဒေသလွှမ်းခြုံ စီးပွားရေးလက်ဝါးကြီး အုပ်မှုဟာ ခပ်ဝေးဝေးနိုင်ငံကြီးထက် နယ်ချဲ့အန္တရာယ်ပိုရှိတယ်ဆိုတာ ကို သတိပြုမိဖို့ ကျွန်တော်တို့ သတိပြုရ မှာ ဖြစ်ပါတယ်။ မြန်မာတို့ရဲ့ အသက်သွေးကြော မြစ်မင်းဧရာဝတီနဲ့ မြစ်ဆုံရေကာတာ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝါဒီတွေ ပြောပြော နေကြတဲ့ EIA (Enviromental Impact Assissment) နဲ့ Social Impact Assessment တို့ဆိုရင် Report တွေဟာ ကျွန်တော်တို့ သတိထားရမှာဖြစ် ပါတယ်။ ဧရာဝတီမြစ်ကို ဖြတ်ကူးတဲ့ တံတားတွေ ကြောင့်ဖြစ်ဖြစ်၊ မြစ်ကြောင်းရှင်းလင်း မှုကဏ္ဍမှာ ကျွန်တော်တို့ ရဲ့ လစ်ဟင်း မှုကြောင့်ဖြစ်ဖြစ်၊ စက်ကိရိယာဘတ်ဂျက်၊ လူအင်အား၊ ပစ္စည်းအင်အား ချို့တဲ့လို့ပဲဖြစ်ဖြစ်၊ ကျွန်တော်တို့ရဲ့ ရေကြောင်းထိန်းသိမ်းမှုလုပ်ငန်းဟာ မလုံလောက်တဲ့ ကဏ္ဍတွေ ကျွန်တော်တို့က ဖျက်ဆီးပစ်ဖို့ လိုအပ်နေပါတယ်။ နောင်အနာဂတ်ရဲ့ စီမံကိန်းကြီး တွေ Mega projet တွေကို တစ်ဦးတစ်ဖွဲ့ရဲ့ ဆန္ဒတစ်ခုတည်းနဲ့ မဆုံး ဖြတ်စေသင့်တော့ပါဘူး၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၂၂၀ အရ အစိုးရအဖွဲ့ရဲ့ စီမံကိန်းတိုင်းကို လွှတ်တော်သို့ တင်ပြဆုံးဖြတ် ခံယူသင့်ပြီဖြစ်ပါတယ်။ တည်ဆောက်ဆဲ စီမံကိန်းတိုင်းကိုလည်း လွှတ်တော်မှ တင်ပြအပြန်အလှန်သုံးသပ်ပြီးမှ ဆက်လုပ် သင့်/မသင့် ဆုံးဖြတ် ပေးကြရမှာပါ။ ကျွန်တော်တို့ မြစ်ဆုံရေကာတာစီမံကိန်းကို အပြန်အလှန် သုံးသပ်ခါတားဆီးဖို့ဖြင့် လိုအပ်လာပြီထင်ပါတယ် ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုဇုန် တွေနဲ့ ဆက်စပ်ပြီး နယ်မြေချဲ့ထွင်နေကြလို့ ထားဝယ်ဇုန် မှာ မူလသတ်မှတ်ထားတဲ့ ဧကက ၅၀၀၀ လို့ သိရပါတယ်။ အခု (၅၀၁၃၂၂.၀၂)ထိ ၅ဆ ကျော် တိုးချဲ့နေကြတာကို ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ရွှေဂက်(စ်)၊ ရခိုင်ပြည်နယ်၊ ကျောက်ဖြူဒေသစီမံကိန်း စ က်မှုဇုန်ကိစ္စကို အကျဉ်းတင်ပြ ချင်ပါတယ်။ ကျောက်ဖြူ -ယူနန်ကီလိုမီတာ ၁၈၀၀ ကျော် မိုင်ပေါင်း ၁၂၀၀ ကျော်ရှည်တဲ့ ကျွန်တော်တို့ Gas and Oil ပိုက်လိုင်းဟာ မြန်မာနိုင်ငံတွင်း မှာကီလိုမီတာ ၉၉၀ ကျော် ဖြတ်သန်းသွားမှာပါ။ ယူနန်တလျှောက်ကို နန်နန်းဆိုတဲ့ နေရာအထိ ဖြတ်သန်းသွား မှာ ဖြစ်ပါတယ်။ မြန် မာပြည်တွင်းမှာ ဖြတ်တဲ့ ပိုက်လိုင်းနဲ့ဝေးရာ ပေ ၁၀၀ ပတ်ပတ်လည်က

နေပြီးတော့ မိုင်တ စ်လျှောက်လုံးမှာ စီမံကိန်းသွားရာလမ်းကြောင်းပါတဲ့ ဥယျာဉ်ခြံမြေတွေ၊ လယ်တွေ၊ မြေလွတ် ၊ မြေရိုင်းတွေ ၊ တောတောင်တွေ အကုန်လုံးဟာ ရှင်းပေးရပါမယ်။ ပိုင်ရှင်တစ်ဦးချင်းအနေနဲ့တော့ဖြင့် သတ်မှတ် တဲ့လျော်ကြေးရတယ်လို့ ကြားပါတယ်။ သို့သော် လည်းပဲ နိုင်ငံတကာ စံမှီနစ်နာကြေးတွေ ဖြစ်ဖို့ နိုင် ငံသားတစ်ဦးရဲ့ မူလရပိုင်ခွင့် အခြေခံမှ သုံးသပ်ပေးဖို့ ကျွန်တော်တို့လိုအပ်ပါတယ်။ စီမံကိန်း ရဲ့ဧရိယာ အကျယ် အဝန်း အတိအကျကို ကြိုသိလို့မြေလွတ်၊ မြေရိုင်း၊ တောင်တွေပါ မချန်ရယူ ပိုင်ဆိုင်သွားကြတဲ့ ဒေသခံမဟုတ်တဲ့ အာဏာပိုင်အချို့ရဲ့ အမည်ပေါက် ပိုင်ဆိုင်မှုစာရင်းကိုဖြင့် နောင်လာမယ့်လွှတ်တော်မှာ စာရင်းနဲ့ တစ်ကွ ဧရိယာအတိ အကျတင်ပြဆွေးနွေးမှာပါ။ စက်မှုဇုန် ရဲ့ မြေယာချဲ့ထွင်မှု အန္တရာယ်ဟာ ဒေသခံတွေ အလွန်ထိခိုက်စေပါတယ်။ ပိုက်လိုင်း တစ်လျှောက် ပင်လယ်ပြင်ရဲ့ ရေပေါ် ရေအောက် သယံဇာတဘယ်လောက် အထိ ထိခိုက်သွားပြီးပြီလည်းဆိုတာ ပညာရှင်တွေရဲ့ တိတိကျကျ တွက်ချက်စစ်ဆေးထားတဲ့ အစီရင်ခံစာ ကို ကျွန်တော်တို့ ဖတ်ချင်ပါတယ်။ မြေပေါ်၊ မြေအောက်ပိုက်လိုင်းတစ်လျှောက် လယ်မြေခြံမြေတွေရဲ့ ထွက်ကုန်ထိခိုက်မှု၊ သစ်တော သယံဇာတထိခိုက်မှုရဲ့ အခြေအနေမှန်ကို ပညာရှင်တွေ ပြုစုအစီရင်ခံဖို့ လိုပါမယ်။ ရေနံတင်သင်္ဘောတွေနဲ့ ပင်လယ်ပြင်တွင်းကို ယိုဖိတ်လာတော့မယ့် ရေနံဓာတုအဆိပ် သင့်မှုတွေ၊ ပင်လယ်ပြင်ညစ်ညမ်းမှုတွေ၊ လေထုညစ်ညမ်းမှုတွေရဲ့အန္တရာယ်ကို ကျွန်တော်တို့ ဒေသခံတွေက မကြာခင်ခံစားရတော့မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တ စ်ဆက်တစ်စပ်တည်း ရွှေ ဂက်(စ်) အကြောင်းကို အနည်းငယ်တင်ပြလိုပါတယ်၊ A-1၊ A-3 လုပ်ကွက်နှစ်ခုက ခန့်မှန်းသဘာဝဓါတ်ငွေ့ ထရီလီယံကုဗပေ (၅.၄)နဲ့ (၉.၁)T.F.C ထွက်မှာပါ။ ဒီအထဲက (၄.၅)ကနေ (၇.၇) T.F.C ထရီလီယံကုဗပေထိကို တရုတ်ကို ပို့ မှာပါ။ ပိုင်ဆိုင်မှုကိုကြည့်တဲ့အခါကျတော့ Daewoo က (၅၁)ရာခိုင်နှုန်း ONGC (၁၇.၅) ရာခိုင်နှုန်း ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ MOGE က (၁၅) ရာခိုင်နှုန်း ဖြစ်ပါတယ်။ ကိုရီးယား Gas က (၈.၅)ရာခိုင်နှုန်း ၊ GAIL အိန္ဒိယက (၈.၅)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ကျောက်ဖြူကနေ ၆ ကီလိုမီတာ ဝေးတဲ့ မဒေးကျွန်းမှာ အဲဒီဥစ္စာနဲ့ ပတ်သက်လို့ Gas station ကို ဆောင်ရွက်မှာပါ ၊ အခု ဆောက်နေပါပြီ။ အနာဂတ်ကျောက်ဖြူကို ဟောင်ကောင်ပုံစံနဲ့ ရေးဆွဲထားတဲ့ ဗွီဒီယို အခွေလေး ကို ကျွန်တော်တို့ကြည့်ခဲ့ရပါတယ်။ အဲဒီမှာ Master plan ရှိပါတယ်။ Processing Plan တွေ အများကြီးပါ။ နိုင်ငံတကာ လေယာဉ်ကွင်းတွေ၊ စက်ရုံကြီးတွေ ကုန် တင်သင်္ဘောကြီးတွေနဲ့ မီးခိုးမြူ ဆိုင်းနေတဲ့

ကျွန်တော်တို့ရဲ့ ပေါင်ကောင်ပုံစံ ကျောက်ဖြူမြို့ကြီးကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ရဲ့ ဘင်္ဂလားပင်လယ်အော်မှာ၊ အိန္ဒိယသမုဒ္ဒရာမှာ၊ ရေနံတင်သင်္ဘောကြီးတွေကို စောင့်ရှောက်လိုက်ပါလာမယ့် တရုတ်ရဲ့ ရေတပ်မတော်ကြီးကိုလည်း အ မှတ်(၇) အမေရိကန်ရဲ့ ရေတပ်မတော်ကြီးတွေ၊ အိန္ဒိယရဲ့ရေတပ်မတော်ကြီး တွေဟာ ပြည့်ညှပ်လာပြီးကာမှ အင်အား ပြိုင်ဆိုင်မှုဟာ ကျွန်တော်တို့ အိန္ဒိယသမုဒ္ဒရာ မှာ ရှိလာမှာပါ။ ပင်လယ်ပြင် ညစ်ညမ်းမှုဒဏ်၊ လေထုညစ်ညမ်းမှုဒဏ်ကို ကျွန်တော်တို့ရဲ့ဒေသခံတွေဟာ မကြာမီခံစားလာကြရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာပြည်ရဲ့ အနောက်ခြမ်း ကျောက်ဖြူ ရေနက်ဆိပ်ကမ်းကနေ အရှေ့မြောက်ခြမ်း ကို နာရီပို င်းဖြတ်ကျော်နိုင်တဲ့ အမြန်နှုန်းမြင့်တဲ့ ကျွန်တော်တို့ရဲ့ ရထား ကွန်ရက်ဟာလည်း ရှိလာပါတော့မယ်။ ယူနန်အတွက် လိုအပ်မယ့် လျှပ်စစ်စွမ်း အားကို အမြဲမပြတ်ရစေ နိုင်မယ့် မြစ်ဆုံရေကာတာ စီမံကိန်းကြီးဟာလည်း ရှိလာ ပါတော့မယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းကြီးတို့ဟာလည်း ပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်။ မြန်မာပြည်ရဲ့ ကျောပေါ်ခွစီးထားမယ့် တကယ်တွက်ချက်ထားပြီးသား ရေရှည်စီမံကိန်း မဖြစ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော် တို့ သတိတရားရှိဖို့ လိုပါ့မယ်။ ကျွန်တော်တို့ဟာ နိုင်ငံကြီးတစ်ခုရဲ့ ပြဋ္ဌာန်းခံ ပြည်နယ်လေးတစ်ခု မြန်မာပြည်ရဲ့ ရေနက်၊ ရခိုင်၊ မွန်၊ ကယား တို့လို ပြည်နယ်လေးတစ်ခု မဖြစ်သွားဖို့ လိုပါတယ်။ သတိပြုဆင်ခြင်ဖို့ အန္တ ရာယ် တွေဟာ စီမံကိန်းကြီးတွေရဲ့ နောက်မှာ ရှိနေတယ်ဆိုတာ သတိပြုမိဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား နိဂုံးချုပ်အနေနဲ့ ကျွန်တော် ကောက်ချက် (၂)ချက်ကို တင်ပြချင်ပါတယ်။ စက်မှုဇုန်၊ ရေနက်ဆိပ်ကမ်းဇုန် တွေမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုပြီးသား Master Plan ရှိပါတယ်။ ရှိရမှာ ပါ။ အဲဒီ Planကို ဒေသဆိုင်ရာအစိုးရက သိရပါမယ်။ သဘောတူရပါမယ်။ တ စ်နည်း ဒေသလူထုကသဘောတူ ရပါမယ်။ ပြည်သူ့ကိုယ်စားလှယ်တွေရဲ့ လွှတ်တော် တွေကသိရ၊ သဘောတူအတည်ပြုရပါမယ်။ မတူရင် ပြင်ဆင်၊ ပြင်ဆင်ဖို့မသင့်ရင် တော့ဖြင့် နိုင်ငံတော်ရဲ့ ရေရှည် အကျိုးအတွက် ဖျက်သိမ်းသင့်ရင် ဖျက်သိမ်းပစ်ရဲရပါမယ်။ နောက်တ စ်ခုက စက်မှုဇုန်တွေ ရေနက်ဆိပ်ကမ်းဇုန် တွေရဲ့ သဘာဝ ပတ်ဝန်းကျင် မညစ်ညမ်းရအောင် အကောင်းဆုံးဖြင့် လုပ်ပေးနိုင်မယ့် အစီအစဉ် တွေ ကျွမ်းကျင်သူရဲ့ စိစစ်အတည်ပြုချက်နဲ့ အတူ ကြိုတင်ဆောင်ရွက်ထားပြီး သား ကျွန်တော်တို့ရဲ့ Treatment လုပ်မယ့်အစီအစဉ်က ကြိုတင်ရှိပြီးသား ဖြစ်ရပါမယ်။ အဲဒီတော့ဖွံ့ဖြိုးတိုးတက်မှုနဲ့

သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မျှချေဖို့ ကျွန်တော်တို့ ဟာ ကြိုးစားရှာဖွေပေးကြရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး နဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အထက်ပါ ကျွန်တော် တင်ပြခဲ့တဲ့ ကောက်ချက် များဟာ ကိုယ်စားလှယ်တော်ကြီးများ မှ သုံးသပ်နိုင်ရန် တင်ပြရင်း ကျွန်တော်ရဲ့ လေ့လာတွေ့ ရှိချက်အချို့နဲ့ ပူပေါင်း တင်ပြခြင်းဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဆရာဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)က အဆိုတင်ပြပေးခဲ့တဲ့ ကျွန်တော်တို့ နဘုလယ်ဒေသ၊ ရေနက်ဆိပ်ကမ်းနှင့် သာဂရမြို့ဟောင်းတစ်မိုင်လိုတော့တဲ့ ကာလလေးမှာ ထိန်းသိမ်းပြုပြင်ဖို့ ကဏ္ဍလေးနဲ့အတူ ဆွေးနွေးတင်ပြချက်အဆိုကို လေးလေး နက်နက် ထောက်ခံ ဆွေးနွေးကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအေးမောင် ဆွေးနွေး တဲ့ အထဲက အသုံးအနှု န်းမှာ ဧရာဝတီမြစ်ပေါ်မှာ စိတ်ကူးရသလို တံတားတွေ ထိုးချင်သလို ထိုးတယ်ဆိုတဲ့ အသုံးအနှုန်းဟာ လွှတ်တော်နဲ့ တိုက်ဆိုင်မှုမရှိတဲ့အတွက် ကောက်နုတ်ပယ်ဖျက်ဖို့ ညွှန်ကြားပါတယ်။

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လိုက်နာပါ့မယ်။

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဝင်းမောင် ဆွေးနွေးနိုင်ပါတယ်။

**အချိန်၊ ၁၁း၅၉။**

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါ သော အမျိုး သားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွ န်တော်က မ န္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်ခင်ဗျား။ ဆရာဦးသန်းဆွေ တင်ပြခဲ့တဲ့ တနင်္သာရီ တိုင်းဒေသကြီး၊ ထားဝယ်ခရိုင်(ရေဖြူမြို့နယ်)က နဘုလယ်ရွာမှာ ထားဝယ်ရေနက်ဆိပ်ကမ်းပြုလုပ်တဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ အဲဒီပတ်ဝန်း ကျင် မှာရှိနေတဲ့ ရှေးဟောင်း အဆောက်အဦတွေ မထိပါးစေချင်တဲ့ စေတနာနဲ့ တင်ပြခဲ့တဲ့ အဆိုကို ကျွန်တော်ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က မန္တလေးသား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မန္တလေးမှာလဲပဲ မြန်မာ့ရှေးဟော င်းအမွေအနှစ်တွေ ရှိနေတာကို

ကျွန်တော်တို့ သိရှိရပါတယ်။ လေ့လာရပါတယ်။ မန္တလေးမှာ ဆိုရင်လဲ ယနေ့တိုင်ပဲ ပဉ္စမသင်္ဂါယနာတင်မင်းတုန်းမင်းတရားကြီး လက်ထက်က တူးဖော်ခဲ့တဲ့ ကျုံး၊ တည်ဆောက်ခဲ့ တဲ့ မြို့ရိုး၊ ပ စွင်၊ ရင်တား၊ သရဲခို ၊ သရဲပြေးတွေကို ဒီနေ့ထိအောင် ကျွန်တော်တို့ တွေ့ ရှိခဲ့ရပါတယ်။ အလားတူပါပဲ ပျက်စီးလို့ပြင်ဆင်ထားတဲ့ မြနန်း စံကျော် ရွှေနန်းတော်ကြီးလည်း ပဲ ကျွန်တော်တို့ ယခင်မူအတိုင်းပဲ တွေ့ရှိရပါတယ်။ အလားတူပါပဲ မြောက်ဘက်ကျုံးမှာဆိုရင် သုဓမ္မာဇရပ်တန်း တွေရှိပါတယ်။ ဒါဟာ ရှေးဟောင်းအဆောက်အဦတွေ ဖြစ်ပါတယ်။ အဲဒီနောက် ကျွန်တော်တို့ အရှေ့ဘက်ကိုဆက်သွားရင် မ င်းတုန်းမင်းတရားကြီး စံမြန်းခဲ့တဲ့ စံနန်းတော်၊ သားတော် သီပေါမင်း နန်းတက်တဲ့အခါမှာ နန်းတော်ကနေ ရွှေ့ပြီးတော့မှ ခမည်းတော် စံမြန်းခဲ့တဲ့ နန်းတော်အိမ်ကို ဘုန်းကြီးကျောင်းအဖြစ် ပြောင်းလဲပြီးတော့ ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ ဒီနေ့ ကျွန်တော်တို့ ရွှေ နန်းတော်ကျောင်းလို့ ခေါ်တွင် ပါတယ်။ အဲဒီမှာလည်း ပဲ မြန်မာ့ အနုပညာလက်ရာတွေကို တွေ့ရှိရပါတယ်။ အလားတူပါပဲ။ ရွှေနန်းတော်နဲ့ တ စ်ဆက်တည်းပါပဲ။ အတုမရှိကျောင်းတော်ကြီးလို့ခေါ်တဲ့ အတုလဝေယံဘုံသာ ကျောင်းတော်ကြီးလည်း ရှိပါတယ်။ ပုံးကျလို့ ပျက်စီးခဲ့လို့ ပြန်လည်ပြီးတော့ ပြုပြင်မွမ်းမံထား ပါတယ်။ ဒါတွေဟာ ရှေးဟောင်း အမွေအနှစ်တွေကို ဆက်လက်ပြီးတော့ ထိန်းသိမ်းခဲ့တဲ့ မြန်မာ့ယဥ်ကျေးမှု အမွေအနှစ်တွေကို စောင့်ရှောက်ခဲ့တဲ့ အစဥ်အလာလို့ ကျွန်တော်တို့ နားလည်ပါတယ်။ အလားတူပါပဲ ဆက်သွားမယ်ဆိုရင် အမရပူရမြို့မှာ ဗားကရာကျောင်းတိုက် ရှိပါတယ်။ ကျွန်တော်တို့ ရှေးခေတ်တုန်းက ဗားကိုးဗား ဆိုပြီးတော့မှ ဗား မဲ့၊ ဗားတမော့ အစရှိတဲ့ ဆရာတော်ကြီးများ ကျော်ကြားခဲ့ပါတယ်။ အဲဒီဆရာတော်ကြီးတွေဟာ အမရပူရမှာလည်း ဗားကရာကျော င်းလို့ ရှိပါတယ်။ အဲဒီ ရှေးဟောင်းကျောင်းကြီးတွေကို ဒီနေ့ထိအောင် ကျွန်တော်တို့ ပြန်လည် မွမ်းမံထားပါတယ်။ ကျောင်းတိုက်ထဲမှာ နောက်ထပ်တိုက်တာ အဆောက် အဦတွေ တိုးပြီးတော့မှ ယနေ့ခေတ် ခေတ်မီတဲ့ ပုံပန်းသဏ္ဍာန်တွေဆောက်သော်လည်းပဲ ရှေးမူဖြစ်တဲ့ ဗားကရာကျောင်း၊ သစ်သားကျောင်းကြီးကိုတော့ မပျောက်မပျက်ရအောင်၊ မပျက်မစီး ရအောင် ယဥ်ကျေးမှုဌာန၊ ရှေးဟောင်းဌာနက ထိန်းသိမ်းလျက်ရှိပါတယ်။

ကျွန်တော်တို့ အင်းဝကို ဆက်သွားမယ်ဆိုရင် အင်းဝမှာ လည်းပဲ ယနေ့ထိအောင်ပါပဲ။ သစ်သားကျောင်းကြီးဗားကရာကျောင်းကြီး ရှိနေပါတယ်။ ဒါတွေကိုလည်းပဲ ဆက်လက်ပြီးတော့ ထိန်းသိမ်းလျက် ရှိပါတယ်။ မန္တလေးကနေ ကျောက်ဆည်ကို သွားမ ယ်ဆိုရင် မက္ခရာမြို့ဟောင်း၊

မြင်စိုင်းမြို့ဟောင်းမှာ ရှေး ဟောင်းဘုရားတွေ ရှိပါတယ်။ အဲဒါတွေကို ဒီနေ့ နိုင်ငံတော်က နေပြီးတော့မှလည်း ပြန်လည်မွမ်းမံပြီးတော့ ပြင်ဆင်လျက်ရှိပါတယ်။ ကျောက်ဆည်မြို့နယ်မှာ ပါပဲခင်ဗျား။ အဲဒီမှာ ရွှေဂူကြီးဘုရား ဆိုတာ ကျွန်တော် တို့ တွေ့ရှိရပါတယ်။ အဲဒီဘုရား ကို လေ့လာတဲ့အခါကျတော့ပုဂံခေတ်က လက်ရာဖြစ် လိမ့်မယ်လို့ပညာရှင်များကသတ်မှတ်ပါတယ်။ အဲဒီရွှေဂူကြီးဘုရားဟာ ဘုရားစေတီ အဖြစ်ရှိခဲ့ရာကနေပြီးတော့မှ နှစ် ကာလကြာမြင့်တဲ့အခါမှာ မြေတွေအပေါ်ကနေမံပြီးတော့မှ တောင်ကုန်း လေးသဖွယ် ဖြစ်သွားပါတယ်။ ဘုရားစေတီပုံ ပျောက်သွားပါတယ်။ တောင်ကုန်းကြီးဖြစ်သွားပါတယ်။ တော်ကြာတော့မှ လူတွေ တက်ကျပြုကျ၊ နွားတွေသွားကြလာကြနဲ့ သစ်ပင်တွေ တူးကြခုတ်ကြ၊ နွားတွေလည်းပဲ နွားစားကျက်အဖြစ်နဲ့ မြက်တွေစားကြနဲ့ တဖြည်းဖြည်းနဲ့ အဲဒီအပေါ်မှာ အုတ်ခဲတွေ တွေ့လာတယ်။ အု တ်ကျိုးတွေ တွေ့လာပါတယ်။ အဲဒါကို တူးရင်းတူးရင်းနဲ့မှ ရွှေဂူကြီး ဘုရားကြီး ပေါ်လာပါတယ်ခင်ဗျား။ မြေကြီးထဲမှာ မြုပ်ပြီးနေတဲ့ ရွှေဂူကြီးဘုရားကြီး ပေါ်လာပါတယ်။ အဲဒီ ဘုရားကြီးရဲ့ ထူးခြားချက်ကတော့ ဆင်းတုတော်ရှိပါတယ်။ အဲဒီ ဆင်းတုတော်ရဲ့ အတွင်း ထဲမှာ ကျောက်ဆင်း တုတစ်ဆူ ရှိပါတယ်။ ပြီးတော့မှ သူ့အပေါ်က ဘုရားတစ်ဆူ၊ ဆင်းတုတစ်ဆူ မွမ်းမံတည် ထားပါတယ်။ အဲဒါကို တူးဖော်လို့ တွေ့တဲ့အခါကျတော့ ဒီနေ့ လွန်ခဲ့သော လေးငါးလက သွားတဲ့အခါမှာ ဘာတွေ့ရလည်းဆိုတော့ အပေါ်က ဘုရားရဲ့ ရင်ဘတ်တော်မှာ ဝိုင်းပြီးတော့ ဖောက်ပေးထားပါ တယ်။ အတွင်း ထဲမှာရှိတဲ့ ဘုရားရဲ့ပုံတော်ကို ဖူး ရပါတယ်။ ဒါဟာ ထူးခြားတဲ့ အသွင် အပြင် ဖြစ်ပါတယ်။ မြန်မာတွေရဲ့ ထူးခြားတဲ့ လက်ရာတွေပဲ ဖြစ်ပါတယ်။ အဲဒီလို ထူးခြားတဲ့ ရွှေဂူကြီးဘုရားကြီးဟာ မြေတွေနဲ့ငုံပြီး တည်ရှိနေရာက ဒီနေ့ ကျွန်တော်တို့ ဖူးခွင့်ရလာပါတယ်။ အဲဒီဘုရားကြီးကို ပြန်လည် မွ မ်းမံနေပါတယ်။ ခေတ်မီနည်းစနစ်တွေနဲ့ ပြုပြင် ပြီးတော့ နေပါတယ်။ ဒါပေမယ့် ဆရာဦးသန်းဆွေ စိုးရိမ်သလိုပဲ ကျွန်တော်လည်းပဲ ဆရာဦးသန်းဆွေနဲ့ ထပ်တူစိုးရိမ်မိတာက ရွှေဂူကြီးဘုရားနားမှာ မီးရထားလမ်း ရှိပါတယ်။ အဲဒီ ရွှေဂူကြီးဘုရားကို နောက်ထပ်မပျက်မစီးအောင် ကျွန်တော်တို့အပေါ်ကနေပြီးတော့ အုပ်ဆောင်းကြီးတစ်ခုနဲ့ အုပ်ထားပြီးတော့ ထိန်းသိမ်းဖို့အတွက် သက်ဆိုင်ရာက စီစဥ်နေ ပါတယ်။ အုပ်ဆောင်းကြီးပုံနဲ့ ဘုရားစေတီပုံကိုလည်း ဓါတ်ပုံရိုက်ပြီးတော့ အဲဒီဘုရားမှာ ထားရှိတာကို တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဆရာဦးသန်းဆွေလိုဘဲ စိုးရိမ်မိတဲ့အချက်ကတော့ အဲဒီဘုရားနားမှာ မီးရထားသံလမ်း ရှိပါတယ်။ မီးရထား ဖြတ်သွားနေပါတယ်။ မီးရထားမောင်းနေတဲ့

တုန်ခါမှုကြောင့်များ တစ်နေ့တစ်ချိန်မှာ ကျွန်တော်တို့ ရွှေဂူကြီးဘုရားနဲ့ အုပ်ထားတဲ့ အုပ်ဆောင်းကြီးများ ထိခိုက်နိုင်မလားလို့ ကျွန်တော် စိုးရိမ်မိပါတယ်။ အဲဒီအခါ ကျွန်တော် စိုးရိမ်ခဲ့တဲ့အတွက်လည်းပဲ ယခု ဆရာဦးသန်းဆွေက သူစိုးရိမ်နေခဲ့တဲ့ သာဂရမြို့ဟောင်းကြီးဟာ ရေနက်ဆိပ်ကမ်းစက်မှုဇုန်နဲ့ နီးကပ်တာကြောင့် အကယ်၍များ သမိုင်း ဝင်နေရာများ ပျက်စီးမှာလားလို့ ဦးသန်းဆွေစိုးရိမ်တာဟာ ကျွန်တော် ခံစားရတာနဲ့လည်းပဲ တူပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တနင်္သာ ရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းဆွေရဲ့ အဆိုဖြစ်တဲ့ သာဂရမြို့ဟောင်း ရေနက်ဆိပ်ကမ်းလုပ်ရာမှာ စက်မှုဇုန်နဲ့ နီးကပ်တာကြောင့် သမိုင်းဝင်နေရာများကို မပျက်စီး စေချင်ကြောင်း ပြည်ထောင်စု အစိုးရအား တင်ပြတဲ့အဆိုကို ကျွန်တော် လေးလေးနက်နက် ထောက်ခံပါတယ်ခင်ဗျား။

(သြဘာသံများ)

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေး ခေတ္တရပ်နားပါမယ်။ နေ့လယ် ၁၃း၃၀ အချိန်မှာ ပြန်လည်ကျင်းပပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၂း၀၆ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၃၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၃း၃၀။**

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည် . စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး** ။ အားလုံးထိုင်နိုင်ကြပါပြီ။

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးရဲမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၀။**

**ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နဘုလယ်ရွာ၊ ရေနက်ဆိပ်ကမ်း ပြုလုပ်ရာတွင် သမိုင်းဝင်နေရာများကို မပျက်စီး မထိခိုက်ရန် ထိန်းသိမ်း၍ စနစ်တကျ သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံပြီး တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခ င်ဗျား။ ကျွန်တော့်ရဲ့ တင်ပြမယ့်ကဏ္ဍကို တစ်ကဏ္ဍကို (၂)မိနစ်နှုန်းနဲ့ (၃)ကဏ္ဍ ကျွန်တော်တင်ပြလိုပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ကိစ္စတွေမှာ လျှော့ပြီးတွက်လို့ မရနိုင်ပါဘူး။ ယဉ်ကျေးမှုဟာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးမှာ ခွန်အားကိုပေးတဲ့ အဓိက အရာကြီး ဖြ စ်ပါတယ်။ အခုခေတ်မှာ ပိုမိုထင်ရှားပါတယ်။ ယဉ်ကျေးမှုကို အခြေခံတဲ့ ကမ္ဘာ့အနေအထား သစ်တစ်ရပ်အသွင်ကို ဆောင်လာနေလို့ပဲ ဖြစ်ပါတယ်။ နိုင်ငံ အများဟာ ယဉ်ကျေးမှုကို မဏ္ဍိုင်ပြုပြီး အုပ်စုဖွဲ့လာနေပါတယ်။ ဥရောပသမဂ္ဂ၊ အရှေ့တောင်အာရှနိုင်ငံများအသင်း ၊ အာရပ်အဖွဲ့ချုပ်၊ အာဖရိ ကနိုင်ငံများ အုပ်စုတို့ဟာ ထင်ရှားတဲ့ သာဓကတွေပါ ။ အခုခေတ်မှာ ပေါ်ပေါက်လာတဲ့ ကမ္ဘာ့အနေအထား ထက် နိုင်ငံရေးစကားလုံးတွေမှာ အင်္ဂလိပ်လို အနည်းငယ်ပါရင် ခွင့်ပြုပေးပါခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။အခုခေတ်မှာ ပေါ်ပေါက်လာတဲ့ ကမ္ဘာ့အနေအထားသစ် The New World Order ဟာ အနောက်ယဉ်ကျေးမှု ကို

ကမ္ဘာလွှမ်းအောင်ပြုလုပ်ရာက အစ္စလာမ် လူ့အဖွဲ့အစည်း၊ ကွန်ဖြူးရှပ်ဝါဒ လက်ခံကျင့်သုံးသော လူ့အဖွဲ့အစည်းတို့နဲ့ အထင်အရှား ထိပ်တိုက်တွေ့လာရတဲ့ အနေအထားသစ်တစ်ရပ် ဖြစ်ပါတယ်။ အတွေးအခေါ်ကို အခြေခံတဲ့ Ideolo gical Culture ဟာ အရေးကြီးဆုံးပါပဲ။ ဒါကို မူတည်ပြီး ပညာရှင်တွေဟာ ယဉ်ကျေးမှု၊ ပထဝီ ပညာရပ်ကနေ အခြေခံပြီးတော့ ပထဝီ နိုင်ငံရေးအဖြစ် ခေတ်ချဲ့ထွင် စဥ်းစားလာကြတာ ဖြစ်ပါတယ်။ မနုဿဗေဒပညာရှင်တွေက ယဥ်ကျေးမှုကို အပိုင်း (၃)ပိုင်းခွဲပြီးတော့ လေ့လာပါတယ်။ (၁) ရုပ်ပိုင်း ယဥ်ကျေးမှု Material Culture ၊ (၂) လူမှုဆက်ဆံရေးယဥ်ကျေးမှု Social Culture နဲ့ အတွေးအခေါ် ယဥ်ကျေးမှု Ideolo gical Culture ဆိုပြီးတော့ (၃)ပိုင်းခွဲခြားပါတယ်။ အချုပ်အားဖြင့် တော့ ဒီကမ္ဘာကြီးမှာ အနောက်ဖက်ယဥ်ကျေးမှုနဲ့ အနောက်မဟုတ်သော ယဥ်ကျေးမှု လူ့အဖွဲ့အစည်းတို့ ထိပ်တိုက် တွေ့ပြီး ပြဿနာမျိုးစုံ ပေါ်ပေါက်လာရတာ ဖြစ်ပါတယ်။ တနည်းအားဖြင့် အနောက်ဖက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဥ်ကျေးမှု စံနှုန်းတွေကို တစ်ကမ္ဘာလုံးကိုလိုက်နာဖို့ ဆောင်ရွက် ရာကနေ ကမ္ဘာ့နိုင်ငံငယ်တွေဟာ လူ့အဖွဲ့အစည်းတွေ ပြိုကွဲပျက်စီးနေတဲ့ ဖြစ်စဥ်ကြီး တစ်ရပ် ဖြစ်ပေါ်နေပါတယ်။ အထူးသဖြင့် ဟားဗတ် နိုင်ငံရေးသိပ္ပံပါမောက္ခ ဆင်မြူရယ် ဟန်တင်တန်က ပထဝီယဥ်ကျေးမှုခြင်း ထိပ်တိုက်တိုးမြှင့်နေကြတာလို့ တောင်းဆိုပါတယ်။ ဘာပဲပြောပြော ယဥ်ကျေးမှုဟာ နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်အပေါ်မှာ လွှမ်းမိုးသြဇာသက်ရောက်မှု အလွန်ကြီးမားလာတာကို တွေ့ နေရပါတယ်။ စင်းလုံးချော၀ ါဒ Idealism လစ်ဘရယ်ဝါဒ Liberalism ၊ လစ်ဘရယ်ဝါဒသစ် New Liberals ၊ မာ့စ်ဝါဒ Marxism တို့မှာလည်း ယဥ်ကျေးမှုက အကြီးအကျယ်သြဇာ လွှမ်းမိုးထားတာကို တွေ့ရပါတယ်။ နောက်ဆုံး Globalization ကိုတောင် Americanization လို့ ခေါ်တွင်ခဲ့ကြတဲ့ အထိပါပဲ။ ဒါကြောင့် ယဥ်ကျေးမှုကို အပေါ်ယံဘက်ဆွဲသုံးသပ်ရင် လူမျိုး စုဗဟိုပြုဝါဒ Ethnicsm ဖြစ်လာပြီး အလွန်အန္တရာယ်များတဲ့ အကြောင်းအရာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်တွေက ထားဝယ် ယဥ်ကျေးမှုဟောင်းနယ်မြေကို အကာအကွယ်ပေးဖို့ဆိုတာ လိုလားထောက်ခံသင့်တဲ့အချက်ပါ။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါပေမဲ့အဆိုတင်သွင်းသွားသူက ဒီလိုနေရာမှာ တရားဝင်ပြောသွားတဲ့အတွက် ပြန်လည်သုံးသပ်ဖို့ ခုလို တရားဝင်တင်ပြရတာ ဖြစ်ပါတယ်။ ထားဝယ်မင်းများ ဘယ်အချိန်က တည်ထောင်ခဲ့ပြီး ပုဂံခေတ်ထက် စောပါ တယ်ဆိုတဲ့ အချက်ရယ်၊ ထားဝယ် ဟာ လူမျိုးတစ် မျိုးပါဆိုတဲ့ အချက်ရယ် ကတော့ ကျွန်တော်တို့ ပြန်လည်

ဆန်းစစ်သင့်တဲ့ အချက်ပါခင်ဗျား။ ဒီကိစ္စ ဟာ အဓိကကျပါတယ်။ အမှန်တော့ ပုဂံခေတ်မှာ အလယ်ပိုင်းရဲ့ အစောဆုံးကျောက်စာတစ်ချပ်ဖြစ်တဲ့ မြစေတီကျောက်စာတောင် သက္ကရာဇ် ၄၇၄ ခုနှစ်မှာ စိုက်ထူခဲ့တာဖြစ်ပါတယ်။ ဒီနောက်ပိုင်းမှာတော့ သူ့ထက်စောတဲ့ ကျောက်စာတွေ အများကြီးတွေ့လာပါပြီ။ ဒါ့ကြောင့် ပုဂံထက်စောတဲ့ ယဉ်ကျေးမှု နယ်မြေလို့ ဆိုလို့မရ နိုင်ပါဘူး။ ဒါကိုလည်း ကျွန်တော် ကျောက်စာသမိုင်း စာအုပ် အထောက်အထား နဲ့ တင်ပြပါ့ မယ်။ နောက်တစ်ချက်ဖြစ်တဲ့ထားဝယ်သားတွေဟာ သီးခြားလူမျိုးတစ်မျိုးဖြစ်တယ်ဆိုတဲ့အချက်ဟာလည်း အကောက်အယူလွဲနေတယ်လို့ ယူဆပါတယ်။ ယခင် ဝန်ကြီးချုပ်ဟော င်း ဦးစိန်ဝင်း ရှိစဉ်က ထားဝယ်သားတွေဟာ ပုဂံသားတွေဖြစ်ကြောင်း၊ အခု ထားဝယ်စကားတွေဟာ ပုဂံခေတ်က စကားတွေကို အဲဒီတုန်းကအတိုင်း ကျယ်ကျယ်ပြန့်ပြန့် ပြောနေကြပါတယ်လို့ ရှင်းလင်းပြောကြား တာကို သူကိုယ်တိုင် လေ့လာနေပါတယ်ဆိုတာကို မှတ်သားနာယူခဲ့ရဖူးပါတယ်။ သူပြောတဲ့ အတိုင်း ပုဂံခေတ်ကျောက်စာတွေကို ပြန်လည်လေ့လာတဲ့အခါမှာ မှန်ကန်ကြောင်းကိုလည်း တွေ့ရပါတယ်။ ဒီတော့ ထားဝယ်ဒေသမှာ ပုဂံခေတ်စကားကို မပြောပလောက်ရုံ၊ အခုခေတ် စကားအနည်းငယ် ပါလာတာကလွဲရင် ပုဂံခေတ်အတိုင်း ပြောနေကြတာ ဖြစ်ပါတယ်။ အထူးသဖြင့် နဘုလယ်ဆိုတဲ့ဒေသကို ဝန်ကြီးချုပ်ဟောင်း ဦးစိန်ဝင်းက အထူးပြုပြီး ပြောကြားသွားတာကို တွေ့ရပါတယ်။ ကျွန်တော် ကျောက်စာတွေမှာ ပြန်လည်လေ့လာတဲ့ အခါမှာလဲ အခု ထားဝယ်မှာပြောနေတဲ့ 'တို့' ကို 'နို့' ၊ 'ကျောင်း' ကို 'ကွန်း'၊ 'ချောင်း' ကို 'ခရောင်း'၊ 'မုဆိုး' ကို 'သားလာ'၊ 'ထမီ' ကို 'ဖီ'၊ 'ထမင်း' ကို 'မန်း'၊ 'လျှောက်လည်သည်' ကို 'ပတ်စိမ္မွေ'သည် စတာတွေဟာ ပုဂံခေတ် အသုံးအနှုန်းတွေပါ။ ဒါကို ကျောက်စာတွေမှာ ပြန်လည်ကြည့်ရင် တွေ့နိုင်ပါတယ်။ ဇနီးကိုလည်း ပုဂံခေတ်က မင်းမိဖုရားကိုတောင် မင်းမယား ဆိုတဲ့ အသုံးအနှုန်းနဲ့ ခေါ်ထားတာ တွေ့ခဲ့ရပါတယ်။ ထားဝယ်မှာ ဇနီးဆိုတဲ့ အသုံးအနှုန်း အလွန်တွေ့ရခဲပါတယ်။ မယားလို့ပဲ ခေါ်ပါတယ်။ 'မှောင်တယ်' ဆိုရင်လည်း 'မိုက်တယ်'၊ ရရစ်ရပင့်သံကို ဖျောက်ပြီးတော့ လသံထွက်ပါတယ်။ လုံးကြီးတင်တစ်ချောင်းထောက် သံရဲ့ နောက်မှာ 'ဂ' သတ်အသံထွက်တာလည်း ထားဝယ်သားတွေဟာ ပုဂံအတိုင်းပါပဲ။ ပုဂံခေတ်က အတိုင်းပါပဲ။ ဥပမာ - သက္ကရာဇ် ၆၂၈ ခုနှစ်၊ အာမနာကျောင်းကျောက်စာ၊ သီဃသူ့သမီး ကျောက်စာလို့လည်း အမည်တွင်ပါတယ်။ အဲဒီမှာ အခုလို ရေးထိုးထားတာကို တွေ့ရပါတယ်။

မထီးလိုမြေး မင်းမယား၊ သီဃသူသမီး၊ ဖလစ်သောဆင်းရဲ လူဖြစ်ရတဲ့ ဆင်းရဲကို ဆိုလိုတာပါ။ အိုမင်းသောဆင်းရဲ၊ အိုမင်းရခြင်းဆင်းရဲကို ဆိုလိုတာပါဆိုတော့ ဒါက ဒီကျောက်စာကို ကျွန်တော် ညွှန်းရခြင်းက ဒီကျောက်စာထဲမှာ နှစ်မျိုးသုံးမျိုးထားဝယ်နဲ့ အသံတူတာတွေကို စကားလုံး အသုံးအနှုန်းတူ တာတွေကိုပါလို့ ဖြစ်ပါတယ်။ အခြားကျောက်စာတွေမှာလည်း ကျွန်တော်တို့ တွေ့ရှိရမှာဖြစ်ပါတယ် စသည်ဖြင့် အသံထွက်သလို ရေးထားတာဟာ အခုခေတ် ထားဝယ် စကားတွေ၊ ထားဝယ်သားတွေ အသံထွက်တာနဲ့ ချွတ်စွတ်ပါပဲ။ ဥပမာ - တံတားပေါ်မှာ တို့ရှိတယ်ဟေ့ ဆိုတာကို ထားဝယ်မှာ ခါးထက်မှာ နို့ရှိတယ်ဝေ့လို့ ပြောပါတယ်။ ဒါဟာ ပုဂံစကားပါ။ ပုဂံခေတ်မှာ ‘တို့’ ကို ‘အတို့’၊ တို့ရဲ့နောက်မှာ ဝသတ်သံ ထွက်ပါတယ်။ အနို့၊ နို့ရဲ့နောက်မှာ ဝသတ်သံထွက်ပါတယ်။ တံတားကိုလည်း ခါးလို့ ခေါ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ထားဝယ်သားတွေဟာ လူမျိုးတစ်မျိုး ဖြစ်ပါတယ်လို့ အတင်းအဓမ္မ မသတ်မှတ်သင့်ပါဘူး။ မသတ်မှတ်သင့်ပါဘူးခင်ဗျား။ ဒီကိစ္စဟာ လွတ်လပ်ရေးခေတ်ကလည်း အငြင်းမထွက်ခဲ့။ ဖဆပလခေတ်၊ ဆိုရှယ်လစ်ခေတ်၊ နဝတခေတ်၊ နယကခေတ်တွေမှာလည်း ထားဝယ်သား တွေဟာ လူမျိုးတစ်မျိုးဖြစ်ပါတယ်လို့ အငြင်းမထွက်ခဲ့တာဟာ သက်သေပါ။ အခု ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးတဲ့ခေတ်ကြကာမှ အငြင်းထွက်သက်သေတစ်ခု တင်လာတာကို ကျွန်တော်တို့ ယူကျုံးမရ ဝမ်းနည်းရပါတယ်ခင်ဗျား။ နောက်တစ်ချက်က ပဲခူးသမိုင်းကို အကောက်အယူ လွဲတာဟာလည်း ယဉ်ကျေးမှု အကောက်အယူလွဲတာပါပဲ။ ကျွန်တော်တို့ အခုပဲခူးမြို့ တည်ရှိရာ ဟင်္သာကျွန်းကလေးပေါ်မှာ မဇ္ဈိမတိုင်းသားတွေက အဝေးကြီးကနေ နောက်ကျမှ ရောက်လာပြီး သူတို့ပိုင်တယ်ဆိုပြီး သက်သေပြရာက ကျွန်တော်တို့နဲ့ ပြဿနာ စတာပါ။ ပါလာတဲ့ ရိက္ခာ ကုလားပဲ(၉)တင်းကို မြေအောက်မြှုပ်ပြီး သက်သေထူပါတယ်။ အစဉ်အဆက်ပဲ ပဲစိုက်ချိန်တန်လာစိုက် ခူးချိန်တန်လာခူးတဲ့ ဇေယျဝုပုန တိုင်းသားတွေက သူတို့အကြောင်းကို ဒီကုလားတွေ လူလည်ကျနေပြီဆိုတာသိနေတယ်။ ဇေယျဝုပုန တိုင်းသားတွေ ဆိုတာကတော့ အခုတော့ တောင်ငူဒေသ ကျွန်တော်တို့ တောင်ငူ ဒီဘက် ညောင်လေးပင်၊ ဒိုက်ဦး၊ ဘုရားကြီးတို့ ပါဝင်ပါတယ်။ အဲဒီတုန်းက ဒီဟင်္သာကျွန်းလို့ခေါ်တဲ့ အခု ပဲခူးတည်နေရာ ကျွန်းကလေးမှာ လာပြီးတော့ စိုက်ကြပျိုးကြတာ ဖြစ်ပါတယ်။ ဒါနဲ့ပဲ ဒီ ဇေယျဝုပုန တိုင်းသားတွေက တစ်ညနောက်ဆုတ်လိုက်ပြီးတော့ မနက်ဖြန်ကြည့်မယ်လို့ အကြောင်းပြန်လိုက်

ပါတယ်။ နောက်နေ့ဖော်ကြည့်တော့ အဲဒီပဲ(၉)တင်း မတွေ့ရတော့ပါဘူး။ အဲဒီ ပဲ(၉)တင်း ပျောက်သွားပါတယ်။

ဒီတော့ မဖျို့မတိုင်းသူကြီးတို့က တစ်ခါတည်းစွာလန်ကြဲပြီးတော့ ဖိုးတယ်လို့ မပီကလာ ပီကလာ ပြောရာကနေ ပဲခိုးကို ပဲခူးဆိုပြီးတော့ သူတို့ပြောကြားခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ ဇေယျဝုပုန တိုင်းသားတွေကတော့ ငါတို့ ပဲလာခူးတဲ့နေရာမို့လို့ ပဲခူးကျွန်းလို့ သတ်မှတ်ပါတယ်။ လူ့သဘာဝအရ စကားမပီကလာ ပီကလာပြောတာကို နောက်ပြောင်ချင်တဲ့သဘောနဲ့ ကုလားမကြီးကို ပြောတာကို အပြောင်အပျက်ပြောရာကနေပြီးအခုလိုဖြစ်သလား၊ ဒါမှမဟုတ် စကားမပီတဲ့သူပြောတာကို နားမကောင်းတဲ့သူက ကြားပြီး အတည်ဖြစ်သွားသလားတော့ မပြောတတ်ပါဘူး။ မြန်မာအဘိဓာန်ကျမ်းမှာလည်း 'ပဲခူး' ကို 'ပဂိုး' လို့ ဖတ်ရမယ်လို့ သတ်မှတ်ပြဋ္ဌာန်းထားတာ မတွေ့ရသလို ဟိုတစ်ချိန်ကလည်း 'ပဲ' ဟာ 'ပဲ' ပါပဲ။ အခုလည်း 'ပဲ' ကို 'ပဲ' ပဲခေါ်ပါတယ်။ ဘာလို့လဲဆိုတော့ 'ပဲတောင့်ရှည်' ကို 'ပတောင့်ရှည်' လို့ မခေါ်လို့ပါပဲ။ ကျွန်တော်တို့ ယဉ်ကျေးမှုဟောင်းနယ်မြေတစ်ခုပေါ်လာရင် အုတ်ခွက်စာကြောင်းတစ်ကြောင်း နှစ်ကြောင်းလောက်နဲ့ သက်သေထူလို့ မရနိုင်ပါဘူး။ အနည်းဆုံး ကျောက်စာသမိုင်း ဇမ္ဗူဒီပအုပ်ဆောင်းကျမ်းလောက်နဲ့တော့ တိုက်ဆိုင်စစ်ဆေးသင့်ပါတယ်လို့ တင်ပြလိုပါတယ်။ ဇမ္ဗူဒီပအုပ်ဆော င်းကျမ်းဆိုတာ ကတော့ သတိုးသီရိ သုဓမ္မ ဒေါက်တာ JS ဖာနီဘာလ်နဲ့ ဒေါက်တာဦးဖေမောင်တင် တို့ တည်းဖြတ်ထားတဲ့စာအုပ်လည်း ဖြစ်ပါတယ်ခင်ဗျား။ ဒါ့ကြောင့် ယဉ်ကျေးမှုကို အကောက်အယူမလွဲသင့်ပါကြောင်း၊ ဒီမိုကရေစီနည်းလမ်းကျကျ ထောက်ခံသင့်တာကို ထောက်ခံရင်း ငြင်းပယ်သင့်တာကိုလည်း ငြင်းပယ်တင်ပြလိုက်ရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၁။**

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့ စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေရှင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၁။**

**ဦးတင်နိုင်သိန်း၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊** ။လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ တင်သွင်းတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နဘုလယ်ရွာ၌ ထားဝယ်ရေနက်ဆိပ်ကမ်း ပြုလုပ်ရာမှာ သမိုင်းဝင်နေရာများ မပျက်စီးမထိခိုက်ရန် ထိန်းသိမ်း၍ စနစ်တကျသတ်မှတ်ပေးနိုင်ရန်အတွက်ပြည်ထောင်စုအစိုးရအား တိုက်တွန်းပါကြောင်း အဆိုနဲ့ပတ်သက်ပြီး ကျွန်တော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

တနင်္သာရီတိုင်း၊ ထားဝယ်ဒေသမှာ ကျောက်ခေတ်ယဥ်ကျေးမှု အထောက်အထားများ၊ ကြေးခေတ်ယဥ်ကျေးမှုအထောက်အထားများ၊ ရှေးမြို့ဟောင်း(၁၀)မြို့နဲ့ မြို့ပြယဥ်ကျေးမှု ရှေးဟောင်း အဆောက်အဦ အကြွင်းအကျန်များရှိနေကြောင်း လေ့လာသိရှိပြီးဖြစ်တဲ့အတွက် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ၁၉၉၆ ခုနှစ်နှင့် ၁၉၉၉ ခုနှစ်တို့မှာ ကွင်းဆင်းလေ့လာခြင်း၊ ၂၀၀၀ ပြည့်နှစ်နဲ့ ၂၀၀၁ ခုနှစ်များမှာ ကွင်းဆင်းပြီးတော့ တူးဖော်သုတေသနပြုခြင်းများ ဆောင်ရွက်ခဲ့ပြီး သာဂရမြို့ဟောင်း မြို့ရိုး မြို့ဝင် ပေါက်နှင့် နန်းတော်ရာနေရာများကို တူးဖော်သုတေသနပြု တွေ့ရှိပြီးဖြစ်ကြောင်း ယဥ်ကျေးမှုဝန်ကြီး ဌာနမှ သိရှိရပါတယ်။ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်မှာ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်နိုင်ရေးအတွက် ထားဝယ်အထူးစီးပွားရေးဇုန်နယ်နိမိတ် Demarcation တိုင်းတာခဲ့ပြီး မြေပြင်ကွင်းဆင်းတိုင်း တာမှုများအရ အဆိုပါ အထူးစီးပွား ရေးဇုန် နယ်နိမိတ် အတွင်းတွင် သာဂရမြို့ဟောင်း နေရာပါဝင်ခြင်းမရှိဘဲ ၎င်းမြို့ဟောင်း သည် အထူးစီးပွားရေး ဇုန်၏ တောင်ဖက်(၁)မိုင်ခန့်အကွာမှာ တည်ရှိနေကြောင်းသိရှိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်၍ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်နေ့တွင် ကျင်းပသည့် မြန်မာ့ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ယဥ်ကျေးမှုဝန်ကြီးဌာနက ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းနယ်နိမိတ်ပြင်ပတွင် ကားလမ်း၊ ရထားလမ်းများ ဖောက်လုပ်ခြင်းအပါအဝင် မြေတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် လည်းကောင်း၊ မြို့ပြတည်ဆောက်မှုလုပ်ငန်းများ တည်ဆောက်ခြင်းကြောင့်လည်းကောင်း၊ မြေအောက်၌ တည်ရှိနေသော ရှေးဟောင်းယဥ်ကျေးမှု အထောက်အထားများနှင့် နယ်ပ ယ်တို့ကို ထိခိုက်ပျက်စီးမှု

မဖြစ်ရေး ကြိုတင်ညှိနှိုင်းရန် လိုအပ်ပါကြော င်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး မှ ဆွေးနွေးတင်ပြခဲ့ပါတယ်။ ယင်းသို့ ဆွေးနွေးတင်ပြချက်အရ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ထားဝယ်အထူးစီးပွားရေးဇုန်အထောက်အကူပြုလုပ်ငန်းအဖွဲ့နှင့် ထားဝယ်အထူး စီးပွားရေးဇုန်ကို တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကုမ္ပဏီကတာဝန်ရှိသူများ၊ ရှေးဟောင်း သုတေသန တာဝန်ရှိသူများ ပူးပေါင်းကွင်းဆင်း တိုင်းတာညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ယဉ်ကျေးမှု ဝန်ကြီးဌာနမှ စုံစမ်းသိရှိချက်အရ သဝရမြို့ဟောင်းရဲ့ ပတ်ဝန်းကျင်မှာရှေးဟောင်းနေရာဒေသများ၊ အရိုးအိုးကုန်းများ၊ ရှေးဟောင်းအဆောက်အအုံများကို ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်မှု ကြောင့် မထိခိုက်စေရန် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ဇုန်သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းရေးအတွက် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ တတိယပတ်အတွင်းက ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ အဖွဲ့တစ်ဖွဲ့စေလွှတ်ပြီး အကြိုရှေ့ပြေးကွင်းဆင်းစစ်ဆေးမှုများ ဆောင် ရွက်ထားပြီးကြောင်း သိရှိရပါတယ်။ ထို့အပြင် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလမှာ ပြဋ္ဌာန်းခဲ့ သော ထားဝယ် အထူးစီးပွားရေးဇုန် ဥပဒေပုဒ်မ ၃၅(က) အရ ယနေ့ တည်ဆောက်သူ Developer သို့မဟုတ် ရင်းနှီးမြှု ပ်နှံသူ Invester သည် ထားဝယ်အထူးစီးပွားရေးဇုန်တွင် မိမိငှားရမ်း ခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိသော မြေပေါ်မြေအောက်၌ ခွင့်ပြုသည့် လုပ်ငန်းနှင့်မသက်ဆိုင်သည့် မူလစာချုပ်တွင် မပါဝင်သော သဘာဝသယံဇာတတွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ယဉ်ကျေးမှုဝတ္ထုပစ္စည်းကိုဖြစ်စေ တွေ့ရှိလျှင် စီမံခန့်ခွဲမှုကော်မတီသို့ ချက်ခြ င်းအကြောင်းကြားရမည်။ စီမံခန့်ခွဲမှုကော် မတီက ခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်သည်။ ခွင့်ပြုချက် မရရှိလျှင် အစားထိုးစီစဉ်ပေးသည့် နေရာသို့ ပြောင်းရွှေ့ဆောင်ရွ က်ရမည်ဟု ထည့်သွင်းပြဋ္ဌာန်းထားပြီး ဖြစ်သည့်အတွက် အထူးစီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်းကြောင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ရှေးဟောင်း ဝတ္ထုပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မရှိစေရန် ဥပဒေအရလည်း အကာအကွယ်ပေးထားပြီး ဖြစ်သည့်အတွက် သမိုင်းဝင်နေရာပြင်ပဇုန်နယ်မြေအတွင်းမှာ အလားတူထပ်မံတွေ့ရှိလျှင်လည်း ရပ်ဆိုင်းနိုင်ပါတယ်။ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်လည်း နိုင်ငံနှင့် ဒေသစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် ရင်းနှီးမြှုပ် နှံမှုများ လက်ခံဆောင်ရွက်ရာမှာ အမျိုးသားအကျိုးစီးပွား မထိခိုက်စေရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားမ ထိခိုက်စေရေး၊ သဘာဝပတ်ဝန်းကျင် မထိခိုက်ရေး၊ ရှေးဟောင်းအမွေအနှစ်နှင့် အဖိုးတန်သယံဇာတများ မဆုံးရှုံးစေရေး အလေးထား

လမ်းညွှန်မှုနှင့်အညီ ယဉ်ကျေးမှုဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာဌာန အသီးသီးနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရတာဝန်ရှိ သူများ၊ ရင်းနှီးမြှုပ်နှံသည့်ကု မ္ပဏီမှတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ ကြိမ်ဖန်များစွာ ကွင်းဆင်းညှိနှိုင်းခဲ့ပြီး ယခု လည်း ဆက်လက်ညှိနှိုင်း ဆွေးနွေးဆောင်ရွက်ဆဲဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ တင်သွင်းတဲ့ အဆိုရော၊ ထောက်ခံဆွေးနွေး တင်ပြသွားကြတဲ့ အမျိုး သားလွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ဆွေးနွေးချက်များဟာ များစွာသင့်မြတ်လျော်ကန်ပါကြောင်းနှင့် ပြည်ထောင်စုအစိုးရာန်ကြီးဌာန များကလည်း အထူး အလေးထား ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြ အပ်ပါ တယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၈။**

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့ပတ်သက်ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက ကြိုတင်ဆောင်ရွက်ချက်များကို ရှင်းလင်း တင်ပြပြီး ဆက်လက်ပြီးတော့လည်း လိုက်နာဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေရှင်းသွားပါ တယ်။ သို့သော် ဒီလုပ်ငန်းသည် ဆက်လက် ဆောင်ရွက်နေမယ့် လုပ်ငန်းဖြစ်တဲ့အတွက် ဤအဆိုနဲ့ အမြဲတမ်း သတိပေးနေဖို့ လိုအပ်တယ်လို့ ယူဆတဲ့အတွက် ဒီအဆိုကို လွှတ်တော်က ခွင့်ပြုရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းဆွေ တင်သွင်းတဲ့ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ် နဘုလယ်ရွာ၌ ထားဝယ်ရေနက် ဆိပ်ကမ်းပြုလုပ်ရာတွင် သမိုင်း ဝင်နေရာများကို မပျက်စီး ၊ မထိခိုက်ရန် ထိန်းသိမ်း၍ စနစ်တကျ သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို အတည်ပြုရန် သဘော တူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါ့မယ်။

ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ် (၃)အရ မတ်တတ် ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းနဲ့ လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ယခုအဆိုကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့ နေရာမှာ မတ်တတ်ရပ်ပြဖို့ဖြစ်ပါတယ်။ အားလုံးထိုင်နိုင်ပါပြီ။

**အချိန်၊ ၁၃း၄၉။**

**ဥက္ကဋ္ဌ။** ။ မတ်တတ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦး ရေဟာ (၄၀) ဦးနဲ့ အထက်ရှိတဲ့အတွက် ဦးသန်းဆွေ ရဲ့အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

(သြဘာသံများ)

**ဒေါက်တာစိုးထွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)၏ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ထမ်းများအား ကာကွယ် စောင့်ရှောက်ရေးအဖွဲ့ (Medical Protection Society / Medical Defences Union)တစ်ခု ဖွဲ့စည်းဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၄၉။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစိုးထွန်း က ကျန်းမာရေးစောင့် ရှောက်မှုဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (Medical Protection Society / Medical Defences Union) တစ်ခု ဖွဲ့စည်းဖော်ဆောင်ပေးရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ ထားပါတယ်။ ယခု ဒေါက်တာစိုးထွန်း အဆိုတင်သွင်းဖို့ဖြစ်ပါ တယ်။

**အချိန်၊ ၁၃း၄၉။**

**ဒေါက်တာစိုးထွန်း၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တော်ကြီးများ မင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ လေးလေးစားစားနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ သင့်တော်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများအား ကာကွယ်စောင့်ရှော က်ရေးအဖွဲ့ (Medical Protection Society ဒါမှမဟုတ် Medical Defences Union ) တစ်ခု ဖွဲ့စည်းဖော်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်း

သွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ဒီအဆိုကို တင်သွင်းရတဲ့ အကြောင်းကတော့ နိုင်ငံတကာမှာ အခုလူနာနဲ့ ကျန်းမာရေးစောင့်ရှောက်မှုဝ န်ထမ်းများကြားမှာ ပြဿနာများ အများကြီး ဖြစ်ပေါ်နေပါတယ်။ ဒီလိုဖြစ်ပေါ်နေတဲ့ကိစ္စများဟာလည်း မြန်မာနိုင်ငံမှာလည်း တဖြည်းဖြည်းနဲ့ ပိုမိုများပြား လာတဲ့အကြောင်း အများကပဲ သိပြီးဖြစ်ပါတယ်။ တခြားနိုင်ငံမှာ ဒီလိုပြဿနာများပေါ်လို့ရှိရင် ဓမ္မ ဓိဋ္ဌာန်ကျကျ မျှမျှတတမှန်မှ န်ကန်ကန် ဖြေရှင်းပေးနိုင်တဲ့ အဖွဲ့များ မားမားမတ်မတ်ရှိ နေပါတယ်။ ဥပမာ - ကျွန်တော် ခု နကတင်ပြတဲ့ (Medical Protection Society / Medical Defences Union ) ဒါ အင်္ဂလန်မှာ ရှိပါတယ်။ မြန်မာပြည်မှာ ဒီ လိုပြဿနာများ ဖြစ်ပေါ်တဲ့အခါကျရင် ပီပီပြင်ပြင် ဖြေရှင်းပေးတဲ့ အဖွဲ့ အစည်း မရှိတဲ့အတွက်ကြောင့် အခက်အခဲများစွာ တွေ့ရပြီး တော့ မနစ်နာသင့်တဲ့လူနာများလည်း နစ်နာ တယ်။ မနစ် နာသင့်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ထမ်းများလည်း နစ်နာတဲ့အတွက်ကြောင့် တင်သွင်းရခြင်းပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆရာဝန်တစ်ယောက်ဖြစ်တဲ့အတွက်ကြောင့်လည်း လူနာအသိုင်းအဝိုင်းနဲ့လည်း ထိတွေ့မှု ရှိတဲ့အပြင် ကျန်းမာရေး စောင့်ရှောက်မှုဝန်ထမ်းများနဲ့ လည်း ကျွန်တော် ထိ တွေ့ရပါတယ်။ ဒါကြောင့် သူတို့ အသိုင်းအဝိုင်း(၂)ခုရဲ့ Comment ဆန္ဒကတော့ ဘာလဲ ဆိုရင် ဒီမြန်မာပြည်မှာ တခြားနိုင်ငံများလိုပဲ လူနာနဲ့ ကျန်းမာရေး စောင့်ရှောက်မှုဝန်ထမ်းများ ပြဿနာပေါ်တဲ့အခါမှာ မှန်မှန်ကန်ကန် ဓမ္မဓိဋ္ဌာန်ကျကျ ဖြေရှင်းဖို့ကို အဖွဲ့အစည်းတစ်ခု လိုအပ်ကြောင်း ဆန္ဒရှိကြပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီပြည်သူ့ လွှတ်တော်ရဲ့ဆောင်ပုဒ်များဖြစ်တဲ့ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက် ဆိုတဲ့ ဒီဆောင်ပုဒ်အတိုင်းပဲ ကျွန်တော် ဒီမှာ တင်ပြရခြင်းပဲ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာလည်း ဒီ Medical Protection Society ဆိုတဲ့ အင်္ဂလန်မှာ သုံးတဲ့ အမည်နာမကိုပဲ ကျွန်တော် က ဆရာဝန်တစ်ယောက်အနေနဲ့ တတ်သိမှတ်သိသလောက်ပဲ ဒါဘာသာပြန်ထားတဲ့ ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်ရေး အဖွဲ့လို့ပဲ ကျွန်တော် ဒီမှာဘာသာပြန်ထားပါတယ်။ တကယ်တော့ ဒီနာမည်ကို ကြည့်လိုက် မယ်ဆိုရင်တော့ အပေါ်ယံအားဖြင့်ဆိုရင်တော့ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ထမ်းများကို ကာကွယ်စောင့်ရှောက်နေတဲ့ အသင်းလို့ပဲ ထင်ကောင်း ထင်ပါလိမ့်မယ်။ တကယ်တမ်းကြတော့ ဒီအသင်းဟာ သူများနိုင်ငံမှာ သမာသမတ်ကျကျပဲ တရားမျှတစွာ ဘက်မလိုက်ဘဲနဲ့ ကြားက

နေပြီးတော့ လူနာအကြား ဒီ ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းကြားမှာ မှန်မှန်က န်ကန် ဖြေရှင်းပေးတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ တကယ်လို့များ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒီအဖွဲ့အစည်းမျိုး ပေါ်လာခဲ့သော် အများလက်ခံနိုင်တဲ့ သင့်တော်တဲ့ အသုံးအနှုန်းတစ်ခု သုံးဖို့လည်း ကျွန်တော့် အနေနဲ့ အကြံပြုပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော့်အနေနဲ့ တင်သွင်းတဲ့ နေရာမှာ အင်္ဂလိပ်အသုံးအနှု န်းများ ပါရှိတဲ့အတွက်ကြောင့် အင်္ဂလိပ်အသုံးအနှုန်းများကို အသုံးပြုခွင့်ပြုပါရန်နှင့် ကျွန်တော့် ရဲ့ တင်ပြချက်ကိုလည်း ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါက်တာစိုးထွန်း၊ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးယခင်အဆက်ဆက်က ဆေးဆရာများ ၊ သမားတော်များဟာ ပညာဂုဏ်၊ သမားဂုဏ်၊ သိက္ခာဂုဏ်နှင့် ပြည့်စုံပြီး တော့ လူနာနှင့် ပြည်သူများကလည်း အားကိုးယုံကြည်လေးစားပြီး အသက်သခင် ကျေးဇူးရှင်နေရာမှာ အမြဲတစေ ဦးထိပ်ထားခဲ့ပါတယ်။ ခေတ်အဆက်ဆက် ပြောင်းလဲလာတဲ့အခါမှာ အကြောင်းအမျိုးမျိုးကြောင့် သမား၊ ဆေးဆရာအချို့သည် ပညာဂုဏ်၊ သ မားဂုဏ်၊ သိက္ခာဂုဏ်များလျော့ရဲ လာပါတယ်။ လျော့ရဲအားနည်းလာတဲ့အလျောက်ပဲ ရံဖန်ရံခါ နစ်နာတဲ့ လူနာနှင့် လူနာအသိုင်းအဝိုင်းများက ကျန်းမာရေးကုသစောင့်ရှောက်ပေးတဲ့ ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများကို မကျေနပ်မှုများ ဖြစ်ပေါ်ကာ အထက်သို့ တိုင်တန်းခြင်း၊ လျော်ကြေးတောင်းခံခြင်းများ၊ တရားစွဲဆိုခြင်းများ ပြုလုပ်လာခဲ့ပါတယ်။ ဤကဲ့သို့ လူနာနှင့် ကျန်းမာရေး စောင့်ရှောက်မှုဝန်ထမ်းများ စပ်ကြားမှာ ဖြစ်ပေါ်တဲ့ ပြဿနာမှာ ဆန်း စစ်လိုက်ရင်တော့ အဓိကအားဖြင့်တော့ ဆေးဝန်ထမ်းများဘက်က လူမှုရေး၊ ဆက်ဆံရေး၊ ကုသရေး၊ စေတနာထားရှိမှု၊ စာနာထောက်ထားမှု၊ ကျင့်ဝတ်သိက္ခာ လိုက်နာမှုစသည်များ အားနည်းချက်များကြောင့်လည်းကောင်း ၊ လူနာဘက်ကလည်းကြည့်လို့ ရှိရင် လူနာနဲ့ ၎င်းနဲ့သက်ဆိုင်တဲ့ ပုဂ္ဂိုလ်များ မှားယွ င်းသော အတွေးအခေါ်အယူအဆ ကောက်ချက်ချမှုကြောင့်လည်းကောင်း၊ အခြေအနေမှန်ကို မသိတဲ့ပတ်ဝန်းကျင် တိုက်တွန်းနှိုးဆော်မှုများကြောင့်လည်းကောင်း၊ အမြတ်အစွန်း အခွင့်အရေးလိုချင်သော ကြားလူပုဂ္ဂိုလ် အဖွဲ့အစည်းများမှ တိုက်တွန်းပြောဆိုမှုများကြောင့်လည်းကောင်း ယေဘူယျအားဖြင့် ဖြစ်ပေါ်

နေရပါတယ်။ အမှန်တကယ် သမားတော်တွေဖက်က လုပ်ငန်းကိုင်ငန်း ချို့ယွင်းမှုများဖြစ်ခဲ့သော် နစ်နာသော လူနာဖက်က လိုအပ်သလို အရေးယူဆောင်ရွက်ခြင်းသည် ဖြစ်သင့်ပါတယ်။ လျော်ကန်သင့်မြတ်သော နစ်နာကြေး များလည်း ရသင့်ပါတယ်။ သို့မှသာ သမားတော်များ၏ အားနည်းချက်များဟာ လည်း လျော့နည်းပပျောက်သွားနိုင်မှာဖြစ်ပြီး အဆင့်မြင့်မှန်ကန်တိကျတဲ့ ကျန်းမာရေး စောင့်ရှောက်မှုများလည်း ပိုမိုထွန်း ကားရှင်သန်နေမည်ဖြစ်ပါတယ်။ သို့သော် လူနာနဲ့ လူနာ အသိုင်းအဝိုင်းများက လွဲမှားတဲ့ ရှုမြင်မှု ဆေးပညာရပ်၏ နက်ရှိုင်းသိမ်မွေ့သော အကြောင်းခြင်းရာနှင့် ရောဂါ၏ အကြောင်းခြင်းရာများကို မှန်မှန်ကန်ကန်စေ့စေ့စပ်စပ် သိရှိ နားလည် သဘောပေါက်ရာတွင် အားနည်းမှုရှိခြင်း၊ ဘေးပယောဂများ၏ တိုက်တွန်းသွေး ထိုးမှု စသည်များကြောင့် ပြဿနာမပေါ်သင့်ဘဲ ပေါ်ခဲ့သောသာဓကများလည်း နိုင်ငံတကာမှာ တွေ့ရှိနေရပြီး မြန်မာနိုင်ငံမှာလည်း တစ်နေ့တစ်ခြား ဖြစ်ပေါ်လျက်ရှိပ ါတယ်။ ဤကဲ့သို့ အခြေအနေဖြစ်ပေါ်ရာမှာ ပြဿနာရှာသူနှင့် ပြဿနာဖြေရှင်းသူ နှစ်ဦးနှစ်ဖက်မှာ အခြေအနေ အရပ်ရပ်အပေါ် မူတည်ပြီး တော့ အပြန်အလှန် တစ်ဦးမဟုတ်တစ်ဦး နစ်နာဆုံးရှုံးခဲ့သည် လည်း တွေ့ရှိရပါတယ်။ ဆရာဝန်တစ်ဦး ဆေးရုံဆေးခန်းတစ်ခုအနေနဲ့သော်လည်းကောင်း၊ လူနာတစ်ဦး အနေနဲ့သော်လည်းကောင်း အတိုင်းမ သိ နစ်နာထိခိုက်သော သာဓကများလည်း နိုင်ငံအတော် များများတွင် ရှိနေပါတယ်။ ဤကိစ္စကြောင့် တ ချို့သိက္ခာရှိ ဆရာဝန်များဟာ စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်လာကာ ဆေးကုသမှုပေးခြင်း၊ တာဝန်ယူခြင်းကိုလည်း ပြုလုပ်လိုခြင်းဆန္ဒ လျော့ပါးလျက် ရှိပါတယ်။ တချို့မှာလည်း ဆေးကုသမယ့်ကိစ္စ များကို ကျော ခိုင်းစွန့်လွှတ်ပြီးတော့ အခြား လုပ်ငန်းများကိုလည်း ကူးပြောင်းလုပ်ကိုင်ခြင်း၊ မိမိနိုင်ငံကို စွန့်ခွာ၍ အခြားနိုင်ငံကို သွားရောက် အလုပ်လုပ်ကိုင်ခြင်းစတဲ့ သာဓကများလည်း နိုင်ငံတော်တော်များများတွင် တွေ့ရှိနေရပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လောကမှာ ပြဿနာ ဆိုတာ ဖြစ်မြဲ ဖြစ်ပါတယ်။ တရားမျှ တစွာ တိတိကျကျမှန်မှန်ကန်ကန် ဖြေရှင်းပေးရန်သာ လိုပါတယ်။ ဒါကြော င့် မနစ်နာသင့်တဲ့လူ၊ မနစ်နာစေရေးအတွက် ပြဿနာဖြေရှင်းပေးတဲ့ အဖွဲ့များ လိုအပ် တယ်ဆိုတာ ငြင်းစရာမရှိပါဘူး။ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုကတော့ လူနာနှင့်ကျန်းမာရေး စောင့်ရှောက်မှုဝန်ထမ်းများအကြားမှာ ပြဿနာဖြေရှင်းသောအဖွဲ့အစည်း များ၊ ဥပမာ UK မှာ (Medical Protection Society / Medical Defences Union) များ တွင်တွင် ကျယ်ကျယ် ရှိနေကြောင်းတွေ့ရပါတယ်။ မြန်မာပြည်မှာ လူ နာအများရဲ့အခွင့်အရေး

ကာကွယ်စောင့်ရှောက်တဲ့ အဖွဲ့များရှိသည်ကို မကြားသိရသလို ဆေးဝန်ထမ်းများ အား အကျိုးဆောင်စောင့်ရှောက်ပေးမယ့် အဖွဲ့အစည်းလည်း ပီပီပြင်ပြင်မရှိပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ လူတစ်ယောက်ဟာ တစ်သက်တာမှာ ကျန်းမာရေး အားနည်းမှုများဖြစ်ပေါ်လာပါက ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်မှာ တစ်သက်လုံး ဆရာဝန်တွေ ပြဿနာဖြစ်ခဲ့ပါတယ်။ အကယ်၍ မလွှဲမရှောင်သာဖြစ်ပေါ်လာပါက လူနာကိုယ်တိုင်ကပင် အကျိုးဆောင်များကို ခေါ်ယူစေပြီးတော့ ပြဿနာများကို ဖြေရှင်းစေပါတယ်။ ဒါကြောင့်လည်း လူနာအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအသင်းအဖွဲ့များ တွင်တွင်ကျယ်ကျယ် နိုင်ငံတကာမှာ မရှိကြောင်း ဖြစ်နိုင်ပါတယ်။ ဆေးဝန်ထမ်းများမှာ လူနာပေါင်းစုံ၊ ပုဂ္ဂိုလ်ပေါင်းစုံ၊ ရောဂါပေါင်းစုံ၊ ကုသမှုပေါင်းစုံ၊ ပစ္စည်းပြည့်စုံမှု ၊ ပစ္စည်းမပြည့်စုံမှု ပေါင်းစုံပတ်ဝန်းကျင်မှာ နိစ္စ ဓူဝ ထိတွေ့ကုသမှုများ ဆောင်ရွက်နေရပါတယ်။ ဆေးဝန်ထမ်းများဟာ မိမိကို အားကိုးသော လူနာများကို ဘယ်သောအခါမှ ဒုက္ခရောက် အောင် ပြုမူဆောင်ရွက်ခြင်းမရှိပါ ။ စေတနာ စာနာမှုဖြင့် ဆောင်ရွက်ပေးခြင်းသာဖြစ်ပါတယ်။ ဓမ္မဓိဋ္ဌာန်ကျကျ တင်ပြရမယ်ဆိုရင် ဆေးကုသမှုဟာ ရေရာသောကိစ္စမဟုတ်ပါဘူး။ ကုသမှုရလဒ်သည် ရောဂါအမျိုးအစား၊ ရောဂါအတိုင်းအတာ၊ လူနာ၏ကိုယ်ခန္ဓာစွမ်းအား၊ အထောက်အကူပစ္စ ည်းကိရိယာများ လုံလောက် ၊ မလုံလောက်မှု၊ ဆေးဝါး၏အာနိသင်၊ ဆေးဝါးများ၏ဘေးထွက်ဆိုးကျိုး၊ လူနာတွင်ကိုယ်တွင်းပါရှိသော ရောဂါများ၊ ဆေးပညာ ကျွမ်းကျင်မှု၊ ဂရုစိုက်မှု၊ အာရုံစိုက်မှု၊ ယုတ်စွအဆုံး တရားသဘောနှင့်တင်ပြရင်လည်း ကုသိုလ်ကံများပေါ်လည်း မူတည်နေပါတယ်။ ဒါကြောင့် ကုသမှုရလဒ်ကို ကုသမှုမပြီးဆုံးခင် ကြိုတင်မှန်းဆရာ၌ ရာခိုင်နှုန်းအပြည့် မှန်ကန်နေခြင်း မရှိနိုင်ပါ။ ဆေးကုသ ရာမှာလည်း ကုထုံးအမျိုးမျိုးရှိနိုင်ပါတယ်။ တ ချို့ရောဂါများဟာ သောက်ဆေး၊ ထိုးဆေးနဲ့ပဲ ပျောက်သလို တစ်ချို့မှာလည်း ခွဲစိတ်ကုသရပါတယ်။ တ ချို့မှာ ဆေးဝါးရော ခွဲ စိတ်ကုသမှုရော နှ စ်မျိုးစလုံး အသုံးပြုပြီး ကုသရတာလည်း ရှိပါတယ်။ တ ချို့မှာ ဘေးထွက်ဆိုးကျိုးပြင်းထန်တဲ့ ကြီးမားသော ဆေးဝါးများနဲ့ ဆေးဝါးကိရိယာများ အသုံးပြုပြီး ကုသမှုရသည့်ရောဂါများလည်းရှိသလို စွန့်စွန့်စားစားခက်ခက်ခဲခဲ အန္တရာယ်ကြီးစွာ ခွဲစိတ် ရသော ရောဂါများလည်းရှိပါတယ်။ တ ချို့ ရောဂါများဟာလည်း အချိန်နှင့်တပြေးညီ အရေးပေါ်ကုသရသောရောဂါများလည်း ရှိပါတယ်။ ဒီလိုကုသတဲ့ အချိန်ကိုက်မှုတိုင်ပင်ဟာလည်း အင်မတန်အရေးကြီးလှကြောင်း အများအသိပဲ ဖြစ်ပါတယ်။ ကိရိယာစုံလင်မှု၊ မစုံ လင်မှုအပေါ်မှာလည်း မူတည်နေတဲ့ အတွက်ကြောင့်လည်း

အောင်မြင်မှု မအောင်မြင်မှုဟာ အဲဒီအပေါ်လည်း ထင်ဟပ်စေပါတယ်။ ဒါကြောင့် အခြေအနေ အမျိုးမျိုးအပေါ်မှာ မူတည်ပြီးတော့ ကုသမှုရလဒ် များဟာလည်း အမျိုး မျိုး ဖြစ်ပေါ်နိုင်ပါတယ်။ ဒါအပြင် အသုံးပြုရတဲ့ဆေး၊ အသုံး ပြုရတဲ့ဆေးကိရိယာများရဲ့ ဘေးထွက် ဆိုးကျိုး အန္တရာယ်များ ဟာလည်း လူနာအပေါ်ဆိုးကျိုးများ သက်ရော က်နိုင်ပါတယ်။ သို့ပါ သောကြောင့် ဆေးကုသမှု ဆောင်ရွက်ရာ၌ လူနာအတွက်ရော တာဝန်ယူကု သပေးတဲ့ ဆေးဝန်ထမ်းအတွက်ရော မရေ မရာ မသေချာသော စွန့်စားရတဲ့ခရီးကို သွားသကဲ့သို့ ဖြစ်ပါတယ်။ လူနာဖက်မှလည်း မိ မိအသက် မိမိကျန်းမာရေးကို ပုံအပ် ပြီး စွန့်စွန့်စား စား ဆေးကုသမှု ခံယူရသလို ဆေးဝန်ထမ်းများ ဖက်ကလည်း မိမိတတ်သိပညာနဲ့ အစွမ်းကုန်စွန့်စွန့်စားစားကုသ ပေးရပါတယ်။ လူနာဖက်က လည်းကောင်း၊ ဆေးဝန်ထမ်းဖက်ကလည်းကောင်း၊ လိုအပ်သည်များ ပြည့်ပြည့်စုံစုံပြင်ဆင်ပြီးမှ စိတ်ချရမှ ကုသမှုများကိုပေးရသလို လူနာအား ဆရာဝန်က ကုသမှု၏ ရ ည်ရွယ်ချက်များ၊ ရလဒ်များ၊ တွေ့ကြုံနိုင်သည့် ဘေးထွ က်ဆိုးကျိုးများနဲ့ အန္တရာယ်များ ကိုလည်း နားလည် သဘောပေါက်အောင် ရှင်းလင်းတင်ပြပြီးမှ လူနာကလက်ခံ ကုသရန် သဘောတူမှပဲ ကုသမှုများ ထုံးစံပြုလုပ်ရပါတယ်။ သို့တစေ ထိုစွန့်စားသော ခရီးလမ်းမှာ မမျှော်လင့်ဘဲ မမြင်စွမ်းနိုင် တဲ့ မတော်တဆဖြစ်ရပ်များလည်း ကြုံတွေ့နိုင်ပါတယ်။ ဒီလိုဆိုးကျိုး ဖြစ်ရပ်များကို အင်္ဂလိပ်လို Medical Accident ဒါမှမဟုတ်ရင် Medical miss ဒါမှမဟုတ်ရင် Medical misfortune လို့ခေါ်ပါတယ်။ မြန်မာလို တိုက်ရိုက်ပြန်ရင်တော့ ဆေးလောက ၏ မတော်တဆဖြစ်မှုများ၊ ဆေးလောက၏ ကံဆိုးမှုများလို့လည်း ပြောရမှာဖြစ်ပါတယ်။ ထို့ကြောင့် ထွက်ရှိလာသော ကုသမှုရလဒ်အပေါ်မှာ မူတည်ပြီး ဆေးဝန်ထမ်းများနဲ့ လူနာတစ်ဦးဦးနဲ့သော်လည်းကောင်း၊ မိသားစုတစ်စုနဲ့သော်လည်းကောင်း ပြဿနာများဖြစ်ပေါ် လာရန် အလားအလာ များနိုင်ပါတယ်။ ယခုအချိန်မှာ အမေရိကန် နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဗြိတိန်နိုင်ငံ များမှာ လူနာနဲ့ ဆရာဝ န်စပ်ကြားမှာ ပြဿနာများ ဖြစ်ပေါ် လာမှုကြောင့် လူနာက ဆရာဝန်များ၊ ဆေးရုံ များ၊ ဆေးခန်းများကို နစ်နာကြေးတောင်းခံခြင်း၊ တရားစွဲဆိုခြင်း ပြုလုပ်နေသကဲ့သို့ လူနာများကိုလည်း ဆရာဝန်၊ ဆေးရုံ၊ ဆေးခန်းများကလည်း အပြန်အလှန် တရားစွဲဆိုတဲ့ကိစ္စများ တော်တော်များများ ဖြစ်ပေါ်ကြောင်းတွေ့ရပါတယ်။ ဒီ ကိစ္စများကို ဖြေရှင်းရန် အတွက် ထိုနိုင်ငံများမှာ Medical Protection Society ခေါ်တဲ့ ကျန်းမာရေးဝန်ထမ်းများ၊ ကာကွယ်စောင့်ရှောက်သည့် အဖွဲ့များက အလုပ်များတာဝန်ပိနေတဲ့ ဆေးဝန်ထမ်းများဘက်က တရားမျှ တစွာ မှန်မှန်ကန်ကန်

ကိုင်တွယ် ဖြေရှ င်းတာဝန်ယူ ဆောင်ရွက်ပေးနေပါတယ်။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအချိန်မှာ မြန်မာနိုင်ငံမှာ ဒီလိုပြဿ နာများက တစ်နေ့တခြား စတင်ပေါ်ပေါက်နေပြီး ဖြစ်တာကိုအများသိပဲ ဖြစ်ပါတယ်။ စေတနာအပြည့်အဝနဲ့ ကျင့်ဝတ်သိက္ခာ ဘောင်အတွင်းမှာ တိတိကျကျ မှန်မှန်ကန်ကန် ဆောင်ရွက် ကုသပေးလျက်ရှိပါသော သိက္ခာရှိ ဆရာဝန်များရဲ့ နှလုံးသားထဲမှာ လည်း စိုးရိမ်ကြောင့်ကြမှုများ ရှိနေပြီးတော့ မိမိအလှည့် ဘယ်တော့ကျရောက်မယ်။ မိမိအပေါ် မည်သည့်အချိန်မှာ ပြဿနာပေါ်မလဲဆိုတဲ့ စိုးရိမ် ကြောင့်ကြမှုများကြောင့် ဆေးကုသရာမှာလည်း မချင့်မရဲ မဝံ့မရဲစိတ်ဖြင့် ကု သနေရကြောင်း ရင်ဖွင့်သံများကြားနေရပါတယ်။ လူနာနှင့်ဆေးဝန်ထမ်း ဆက်ကြားမှာ ဖြစ်ပေါ်နေတဲ့ ကိစ္စများကို မှန်မှန်ကန်ကန် တရား မျှတစွာ အကျိုးဆောင်ပေးမယ့် အဖွဲ့ အစည်းများကိုလည်း အလျှင်အမြန် ပေါ်ပေါက်ရန် မျှော်လင့်တမ်းတလျက်ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံမှာ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း စသည့်ဆေးဝန်ထမ်းများရဲ့ အဖွဲ့အစည်းများလည်းရှိသော်လည်း ထိုအသင်းများ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းစည်းကမ်းအရ အသင်းသားများ၏ ပညာရေး၊ လူမှုရေးနှင့် ကျင့်ဝတ် သိက္ခာစတဲ့ ကိစ္စ များကိုသာ အသင်းများက ကိုင်တွယ် ဆောင်ရွက် ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံဆေးကောင်စီမှာလည်း ဆေးဝန်ထမ်းများရဲ့တာဝန်ဝတ္တရားများ၊ ကျင့်ဝတ်သိက္ခာများကို ကြပ်မတ်ထိန်းကျောင်း အရေးယူခြင်းများကို အဓိကဆောင်ရွက်ရန်ဖြစ်ကြောင်း နားလည်ရ ပါတယ်။ နိုင်ငံခြားများမှာ ပြဿ နာကို ကိုင်တွယ်ဖြေရှင်းပေးတဲ့ အဖွဲ့အစည်းများ ရှိခြင်းကြောင့် သိက္ခာရှိဆရာဝန်များဟာ ကျန်းမာရေး စောင့်ရှောက်မှုပေးရာမှာ စိုးရိမ်ကြောင့်ကြမှု ကင်းပြီးတော့ မှန်မှန်ကန်ကန် အဆင့်မြင့်မြင့် ကျင့်ဝတ်သိက္ခာဘော င်အတွင်းမှာ ဆောင်ရွက်နိုင် ကြကြောင်း တွေ့ရပါတယ်။ လေးစားအပ်ပါတဲ့ အမျိုး သားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အများစုသော အခြားနိုင်ငံများမှာ ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့ ဆေးရုံများ၊ ဆေးခန်းများနဲ့အဖွဲ့အစည်းများဟာ ဆရာဝန်တစ်ဦးကို ခန့်အပ်တာဝန်ပေးတော့မယ်ဆိုရင် ၎င်းဆရာဝန်ဟာ ကျန်းမာရေးဝန်ထမ်းများ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ Medical protection Society တွင် တရားဝင်အသင်းဝင် မှတ်ပုံတင်ရှိ/မရှိ စိစစ်ပြီးမှတကယ်လို့ မရှိသေးက အလုပ်ခန့်အပ် ခြင်း တာဝန်ပေးခြင်း မရှိကြောင်း သိရပါတယ်။ အင်္ဂလန်နိုင်ငံမှာလည်း Medical Protection Society အသင်းကို

မှတ်ပုံတင်ထားခြင်းမရှိဘူး ဆိုရင် ဆရာဝန် တစ်ဦးကိုအစိုးရဆေးရုံများမှာ ဆေးကုသရန်အတွက် အင်္ဂလန်နိုင်ငံရဲ့ General Medical Council က ဆေးကုသခွင့်လိုင်စင်ကို ထုတ်မပေးကြောင်း သိရပါတယ်။ ဤကဲ့သို့ စည်းကမ်း စည်းမျဉ်း ချထားရခြင်းမှာလည်း ဆရာ ဝန်တစ်ဦးက လူနာ တစ်ဦးနှင့် ပြဿနာ ပေါ်ပေါက်ခဲ့လို့ရှိရင် ဖြေရှင်းပေးရန်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယူကေနိုင်ငံမှာရှိတဲ့ Medical Protection Society ရဲ့ ဆောင်ရွက်မှုကို တစေ့တစောင်း လေ့လာမယ်ဆိုလို့ ရှိရင်(၁)ဆေးဝန်ထမ်းများကို စွပ်စွဲပြောဆို တောင်းဆိုခြင်းများကို တရားမျှတစွာ မှန်မှန်ကန်ကန် ဖြေရှင်းညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ (၂) လိုအပ်ပါကလည်း ဥပဒေကြောင်းအရ ကိုင်တွယ် ဖြေရှင်းပေးခြင်း၊ (၃)သင့်လျော်မျှတသော နစ်နာ ကြေးများ လျော်ကြေးများ ပေး ဆောင်ပေးခြင်း၊ (၄)ဆေးဝန်ထမ်းများဥပဒေအကြောင်းအရသော်လည်းကောင်း၊ ကျင့်ဝတ်သိက္ခာ အကြောင်းအရ သော်လည်းကောင်း၊ အကြံပေးခြင်း၊ လမ်းညွှ န်မှုပေးခြင်း၊ ကြပ်မတ်ထိန်းကျောင်းပေးခြင်း များကို အဓိကဆောင်ရွက်ပေးပါတယ်။ အထက်ပါအဖွဲ့များရဲ့ တာဝန်များကို လေ့လာမယ်ဆိုရင် ဆေးဝန်ထမ်းများဘက်က တစ်ဖ က်စောင်းနင်း ရပ်တည်နေသော အသင်း အဖွဲ့မဟုတ်ဘဲ လူနာနှင့်ဆေးဝန်ထမ်းစပ်ကြား နှစ်ဦးနှစ်ဖက် ပြေလည်အောင်မျှမျှတတ ဆောင်ရွက်ပေးခြင်းပဲ ဖြစ်ပါတယ်။ ဆေးဝန်ထမ်းများ ကိုလည်း ကျင့်ဝတ်သိက္ခာပိုင်းတွင် လည်းကောင်း၊ ဥပဒေကြောင်း အချင်း အရာပိုင်းတွင်လည်းကောင်း၊ အကြံဉာဏ်များလမ်းညွှ န်ချက်များ ပေးခြင်းအားဖြင့် ဆေးဝန်ထမ်းများ၏ ဆောင်ရွက်မှုများမှာ မှားယွင်း ချွတ်ချော်မှုမရှိအောင် ကြိုတင်ကာကွယ် ဆောင်ရွက်နေကြောင်း ဖြေကြားပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သင့်တော်သော Medical Protection Society သို့မဟုတ် Medical Defence Union လိုအဖွဲ့မျိုးကို မြန်မာပြည်မှာ ဖော် ဆောင်ပေးခြင်းအားဖြင့် ဆေးဝန်ထမ်း များသည် ကျင့်ဝတ်သိက္ခာပိုင်း တွင်မှာလည်းကောင်း၊ ဥပဒေကြောင်း အချင်းအရာပိုင်းမှာသော် လည်းကောင်း၊ အကြံဉာဏ်များ လမ်းညွှ န်မှုပေးခြင်း၊ ကြပ်မတ် ထိန်းကျောင်းပေးခြင်းဖြင့် အဓိက ဆောင်ရွက်ပေးပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌လည်း အဆင့်မြင့်မြင့်၊ မှန်မှန်ကန်ကန်၊ တိတိကျကျ၊

ထိထိရောက်ရောက် ကျင့်ဝတ်သိက္ခာဘောင်အတွင်းမှာ စိုးရိမ်ကြောင့် ကြမှုမရှိဘဲ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ အကယ်၍ လူနာနှင့်ဆရာဝန်စပ်ကြားမှာ ပြဿနာပေါ်ပေါက်ခဲ့ရင်လည်း အားကိုးရမယ့်တရားမျှတစွာ ကိုင်တွယ် ဖြေရှင်းပေးမယ့်အဖွဲ့၊ မားမား မတ်မတ် ရှိနေမယ်ဆိုတာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင် ငံမှာသိက္ခာရှိဆရာဝန်များ စိုးရိမ် ကြောင့်ကြမှု ကင်းဝေးပြီး မှန်မှန်ကန်ကန် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ဆောင်နိုင်အောင် အခြားနိုင် ငံများမှာရှိတဲ့ အလားတူ သင့်လျော်သောအဖွဲ့အစည်းတစ်ခု အထူး လိုအပ်နေကြောင်းကို ဆေးဝန်ထမ်း အသိုင်းအဝိုင်းနှင့် လူနာအသိုင်းအဝိုင်းများမှ ပြင်းပြသော ဆ န္ဒများရှိနေကြောင်း သိရှိရပါတယ်။ သို့ပါသောကြောင့် ကျွန်တော့် အနေနဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်မှာ သင့်တော်တဲ့ အဖွဲ့အစည်းအမည်နာမနဲ့ သင့်တော်သည့် ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်ပေးတဲ့အဖွဲ့ (Medical Protection Society သို့မဟုတ် Medical Defence Union) တစ်ခု ဖွဲ့စည်းဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ အဆိုပြုတင်သွင်း အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၄း၀၇။**

**ဥက္ကဋ္ဌ။** ။ အဆိုရဲ့ စကားလုံးအသုံးအနှုန်းလေးများ ဆွေးနွေးချင်ပါတယ်။ အဆိုအရဆိုလျှင် ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ကျန်းမာရေး ဝန်ထမ်းတွေကိုစောင့်ရှောက်ဖို့ဆိုတဲ့ အဓိပ္ပါယ် သက်ရောက်ပါတယ်။ တင်ပြတဲ့ အနှစ်သာရမှာတော့ တဖက်သတ်မဟုတ်ဘဲနဲ့ တရားမျှတတဲ့ဆုံးဖြတ်ချက်ကိုပေးမယ့် ခုံအဖွဲ့ သဘောမျိုးတင်ပြထားတဲ့ အနှစ်သာရကို တွေ့ရှိရပါတယ်။ ဒီအမည်အတိုင်းဆိုရင် ပညတ်သွားရာ ဓာတ်သက်ပါ ဖြစ်တတ်တဲ့အတွက်ကို ကျွန်တော့် အနေနဲ့ ဒီလိုဆိုရင် ကောင်းမလား ဆိုတာ မျိုးလေး တစ်ခုစဉ်းစားမိတဲ့ နာ မည်က **ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အငြင်း ပွားမှုများ အပေါ်တရားမျှတစွာ ဖြေရှင်းဆုံးဖြတ် ရေးပညာရှင်အဖွဲ့** ဆိုရင် အမည်မှာကိုက အနှစ်သာရ ပေါ်လွင်သွားမယ်လို့ ယူဆပါတယ်။ အဆိုရှင်ရဲ့ သဘောထားလေး ပြောပြပါ။

**ဒေါက်တာစိုးထွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။မှန်ကန်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့တိုက်ရိုက်ပဲ ကျွန်တော် ဆိုလိုပါတယ်။ ဒါကြောင့်လည်းပဏာ မမှာ

ကျွန်တော် ဒီလိုပိုမိုသင့်တော်တဲ့ အမည်နာမ တစ်ခုသုံးသင့်ကြောင်းကိုလည်း ကျွန်တော်ဆွေးနွေး သွားပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးတင်ပြသွားတဲ့ အဆိုကိုကျွန်တော့် အနေနဲ့ လုံးဝထောက်ခံ ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဒေါက်တာစိုးထွန်းတင်သွင်းတဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာ အငြင်းပွားမှုများအပေါ် တရားမျှတစွာ ဖြေရှင်းဆုံးဖြတ်ရေး ပညာရှင်အဖွဲ့တ စ်ခု ဖေါ်ဆောင်ပေးရန်ဆိုတဲ့အဆိုနဲ့ ပတ်သက်ပြီး ထောက်ခံမယ့်သူရှိရင် ဆက်လက်ဆောင်ရွက်ပါမယ်။

**အချိန်၊ ၁၄း၀၈။**

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးထွန်း တင်သွင်း ခဲ့တဲ့ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုအ ပေါ်တရားမျှတစွာ ဖြေရှင်းသော ပညာရှင်များအဖွဲ့ဆိုတဲ့ အဆိုကို ကျွန်တော်လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၄း၁၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာစိုးထွန်း တင်သွင်းတဲ့ အဆို ကိုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆို မှာ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများအပေါ် တရားမျှတစွာဖြေရှင်းဆုံးဖြတ်ရေး ပညာရှင်အဖွဲ့တစ်ခု ဖေါ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒ ရယူပါ့မယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါသလား ခင်ဗျား။ အဆိုကိုလက်ခံ ဆွေးနွေးဖို့ သဘော မတူတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ဒေါက်တာစိုးထွန်းရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

ဒေါက်တာစိုးထွန်း တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဖွဲ့ စည်းခြင်းနှင့် အပြည်ပြည်ဆိုင်ရာ တမံကြီးများ ကော်မရှင် ICOLD သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တမံကြီးများ ဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင် ICOLD သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့် ရရှိရန်နှင့် ပတ်သက်ပြီး အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားကော်မတီ သို့ပေးပို့ထားပါတယ်။ ယခုဦးမျိုးမြင့် ကအဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၁။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ကျောက်ပန်းတောင်း မြို့နယ်နဲ့ တောင်သာမြို့နယ်များ ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုး မြင့် ဖြစ်ပါတယ်။ ယခုလို ကျွန်တော့် အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနဲ့ အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင် ICOLD အရှည်ကောက်ကတော့ International comission on Lar ge Dams သို့ အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ရရှိရေး အမျိုးသားလွှတ်တော် အစည်းအဝေး မှာဆွေးနွေးတင်ပြခွင့်ပြုတဲ့အတွက် အထူးပင်ကျေးဇူးတင် ရှိပါကြောင်း ပဏာမ တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြချက်များဟာပညာပိုင်းဆိုင်ရာ ဝေါဟာရများ

ပါဝင်နေပြီး ဘာသာရပ်အပေါ် သိနားလည်လွ ယ်နိုင်ရေးအတွက် ဖတ်ကြားခွင့်နဲ့ အင်္ဂလိပ်စကားလုံးများကိုပါ သုံးစွဲခွင့်ပြုရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးမျိုးမြင့်မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)**။ ။ ဒီနေ့ မြန်မာနိုင်ငံမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနတို့က စို က်ပျိုးရေရရှိရေး၊ ရေဘေးကာကွယ်ရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးတို့အတွက် အမြင့်ပေ (၂၀၀)အောက်ရှိ အသေးစား၊ အလတ်စားတမံများ၊ အမြင့်ပေ(၂၀၀) အထက်ရှိတမံကြီးများ Lar ge Dams ကို အကောင်အထည်ဖေါ် ဆောင်ရွက်ပြီး လည်ပတ်ထိန်းသိမ်းခြင်း Operation Maintainance ကိုပါ တာဝန်ယူဆောင်ရွက်လျက်ရှိသော အဓိကအဖွဲ့အစည်း(၂)ရပ် ဖြစ်ကြပါတယ်။ အဆိုပါ ပြည်ထောင်စုဝန်ကြီးဌာန(၂)ခုတို့မှ လက်ရှိ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲနဲ့ ဆောင်ရွက်မယ့် စီမံကိန်းများကို နောင် (၁၀)စုနှစ် နှ စ်ခုအတွင်းမှာ (က) မိမိနိုင်ငံရဲ့ ရင်းနှီးမြှု ပ်နှံမှုအစီအစဉ် (ခ) နိုင်ငံခြားကုမ္ပဏီအဖွဲ့အစည်းများနဲ့ အကျိုး တူ ပူး ပေါင်းပါဝင်မှု အစီအစဉ် JV ၊ BOT (ဂ) တိုင်းရင်းသားကုမ္ပဏီများရဲ့ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် B.O.T စသည်တို့ဖြင့် ဆောင်ရွက်တဲ့ အခါမှာ စီမံကိန်းရေးဆွဲသည်မှ ဘက်ပေါင်းစုံစူးစမ်းလေ့လာခြင်း ပမာဏအပြီးသတ်စီမံကိန်း ဖြစ်မြောက်နိုင်စွမ်းအစီအမံများကို ဒီဇိုင်းပုံစံအချက်အလက်များနှင့်အတူ ပြုစုခြင်း၊ တည်ဆောက်အကောင်အထည်ဖေါ်ခြင်း၊ အသုံးချလ ည်ပတ်မောင်းနှင်ထိန်းသိမ်းခြင်း စသည် တို့ပါဝင်လုပ်ဆောင်ကြပါတယ်။ အဆိုပါလုပ်ငန်း စ၊လယ်၊ဆုံးအတွ က် ဖြတ်သန်း ရမယ့် အဆင့်ဆင့်မှာ မြစ်ချောင်းတို့ရဲ့ ရေစီးရေလာအခြေအနေ၊ ဇလဗေဒဆိုင်ရာအချက်အလက်များ၊ ငလျ င်ဆိုင်ရာ ဒီဇိုင်းအချက်အလက်များ၊ အင်ဂျင်နီယာ ဘူမိဗေဒအခြေအနေ လျာထား တည်ဆောက်မယ့် နေရာနဲ့ လိုက်ဖက် အံဝင်ဂွင်ကျရှိမယ့် တမံအမျိုးအစားရွေးချယ်မှု ၊ တမံအရွယ်အစား သတ်မှတ်မှု၊ စီးပွားရေးရာအရ တွက်ခြေကိုက်မှု ရှိ /မရှိ စသည့်တို့ဟာ စီမံကိန်းတခုကိုမည်သည့် ရင်းနှီးမြှုပ်နှံမှုအောက်တွင် တည်ဆောက်သည် ဖြစ်စေ၊ နိုင်ငံတော်အတွက် အမှန်တကယ် လက်တွေ့ထိရောက် အကျိုးရှိမယ့် အာမခံချက်မျိုး ရရှိဖို့ အထူးလိုအပ်ပါတယ်။ ဤကဲ့သို့

အခြေအနေမျိုးမှာ မြန်မာနိုင်ငံအနေနဲ့ ဖေါ်ပြပါ ရင်းနှီးမြှုပ်နှံမှု အစီအစဉ် (၃)ရပ်နဲ့ ဆောင်ရွက်ရာမှာ ပညာ ရပ်ပိုင်းဆိုင်ရာ ပြဿနာအခက်အခဲများ Technical Problem Issue Technical Challenge တို့ကို အစဉ်တစိုက် ရင်ဆိုင်ဖြေရှင်းနေရမှာဖြစ်ပါတယ်။ သို့ ဖြစ်ရာ မြန်မာနိုင်ငံအနေနဲ့ ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ ဌာနချုပ် ရုံးစိုက် ဖွင့်လှစ်ထားတဲ့ အစိုးရများနဲ့ သက်ဆိုင်ခြင်းမရှိသော အဖွဲ့အစည်း Non Govermental International Organization ဖြစ်တဲ့ တမံကြီးများ၏ အပြည်ပြည်ဆိုင် ရာ ကော်မရှင် International Comission On Large Dams (ICOLD) သို့ အဖွဲ့ဝင်နိုင်ငံ Member Country အဖြစ်ပါဝင်ခြင်းဖြင့် နိုင်ငံ တကာနှင့် ဆက်သွယ်ဆောင်ရွက်မှုရရှိလျက် သက်ဆိုင်ရာပညာရပ်ပိုင်းမှာ ရင်ဘောင်တန်းလိုက်ပါနိုင်မယ်လို့ သုံးသပ်တင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ အမြင့်(၂၀၀)ပေနဲ့ အထက်ရှိရေလှောင်တမံကြီးများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနမှ (၄)ခု၊ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ (၁၉)ခု၊ ပြည်ထောင်စုဝန်ကြီး ဌာန(၂)ခုတို့မှ အတူပူးပေါင်းဆောင်ရွက်မှု(၈)ခု စုစုပေါင်း တည်ဆောက်ပြီး တည်ဆောက်ဆဲ၊ တည်ဆောက်မည့် ရေလှောင်တမံ (၃၁)ခုတို့ကို လက် ရှိတာဝန်ယူကြရန် ဖြစ်ပါတယ်။ တမံ ကြီး များ စာ ရင်းကိုကျွန်တော် ပြည်နယ်၊ တိုင်း အသီးသီးက ကိုယ်စားလှယ်တော်ကြီးများလည်းပါတဲ့ အတွက် ကျွန်တော် လိုရင်းအချက်ကိုပဲ ဖတ်ကြားခွင့်ပြုပါ။ (၁) ကင်းတားမန္တလေးတိုင်းမှာ ရှိပါတယ်။ လျှပ်စစ်တပ်ဆင်အင် အားနဲ့ တမံအမြင့်ကိုပဲ ကျွန်တော်ပြောပါမယ်၊ တပ်ဆင်စက် အင်အားကတော့ (၅၆)မဂ္ဂါဝပ် ရှိပါတယ်။ Dam Height က ၂၃၆ပေရှိပါတယ်။ ပေါင်းလောင်း၊ မန္တလေးတိုင်း မှာရှိပါတယ်။ စ က်တပ်ဆင်အင်အား(၂၈၀)မဂ္ဂါဝပ်၊ အမြင့် (၄၃၀)ပေရှိပါတယ်။ ဘူးရွာ၊ မကွေးတိုင်းမှာ ရှိပါတယ်။ (၆၀)မဂ္ဂါဝပ် (၂၄၃)ပေ မြင့်ပါတယ်။ အထက်ဘူးရွာ၊ မကွေးတိုင်းမှာ ရှိပါတယ်။ (၁၅၀) မဂ္ဂါဝပ် (၄၅၀)ပေမြင့်ပါတယ်။ မဏိပူရ ၊ စစ်ကိုင်းတိုင်းမှာ ဖြစ်ပါတယ်။ (၃၈၀)မဂ္ဂါဝပ်၊ (၅၂၇)ပေရှိပါတယ်။ ရဲရွာ၊ မန္တလေးတိုင်းမှာရှိပါတယ်။ (၇၉၀) မဂ္ဂါဝပ်ပါ၊ (၄၃၃) ပေမြင့်ပါတယ်။ အထက်သံလွင်၊ မိုင်းတုံ ၊ ရှမ်းတောင်မှာ ရှိပါတယ်။ တာဆန်းလို့လည်း အရင် တုန်းက ခေါ်ပါတယ်။ တပ်ဆင်စက်အင်အား (၇၁၁၀) မဂ္ဂါဝပ်၊ တမံအမြင့်ဟာ (၇၄၈) ပေထိအောင်မြင့်ပါတယ်။ ထ မံသီ၊ စစ်ကိုင်းတိုင်း (၁၂၀၀) မဂ္ဂါဝပ်(၂၆၃)ပေ၊ ဟတ်ကြီး၊ ကရင်ပြည်နယ် (၁၃၆၀)မဂ္ဂါဝပ် (၃၈၆)ပေ၊ မြစ်ဆုံ၊ ကချင်(၆၀၀၀)

မဂ္ဂါဝပ်(၄၅၈)ပေ၊ ချီဖွေ၊ ကချင် (၃၄၀၀)မဂ္ဂါဝပ် (၆၇၆)ပေ၊ ရိနန်၊ ကချင် (၁၂၀၀)မဂ္ဂါဝပ် (၅၂၂)ပေ၊ ခေါင်လန်ဖူး၊ ကချင်(၂၇၀၀) မဂ္ဂါဝပ် (၇၃၁)ပေ၊ ကီဆော်၊ ကချင် (၂၀၀၀)မဂ္ဂါဝပ် (၅၀၂)ပေ၊ ဝူစော က်၊ ကချင်(၁၈၀၀) မဂ္ဂါဝပ် (၄၆၂)ပေ၊ လာဆာ၊ ကချင် (၁၉၀၀)မဂ္ဂါဝပ် (၄၂၀)ပေ၊ အထက်သံလွင် ၊ ကွမ်းလုံ ဖြစ်ပါတယ်။ (၁၄၀၀)မဂ္ဂါဝပ် (၃၄၅)ပေ၊ တနသ်ာရီ (၆၀၀)မဂ္ဂါဝပ် (၄၇၆)ပေ၊ သူ ဋေး၊ရခိုင်(၁၁၁) မဂ္ဂါဝပ် (၂၉၈) ပေမြင့်ပါတယ်။ ရွှေလီ -၂၊ ရှမ်းမြောက် (၄၆၀)မဂ္ဂါဝပ်၊ (၄၈၉)ပေ၊ ရွှေလီ-၃၊ ရှမ်းမြောက်၊ မိုးမိတ်မြို့နယ်ထဲမှာ (၁၀၅၀) မဂ္ဂါဝပ် (၃၂၈)ပေ၊ လေးမြို့၊ ရခိုင် (၅၀၀)မဂ္ဂါဝပ် (၅၀၀)ပေ မြင့်ပါတယ်။ အထက်ပေါင်းလောင်း၊ မန္တလေးတိုင်း (၁၄၀)မဂ္ဂါဝပ် (၃၂၂)ပေ၊ ကွန်း ချောင်း၊ ပဲခူး (၆၀)မဂ္ဂါဝပ် (၂၄၀)ပေမြင့်ပါတယ်။ ဖြူးချောင်း၊ ပဲခူး(၄၀) မဂ္ဂါဝပ်၊ (၂၄၅)ပေ၊ မုန်းချောင်း၊ မကွေးတိုင်း(၇၅) မဂ္ဂါဝပ်၊(၂၀၀)ပေ၊ ခပေါင်း၊ ပဲခူးတိုင်း(၃၀) မဂ္ဂါဝပ်၊ (၂၀၀)ပေ၊ တာပိန် -၂၊ ကချင်(၁၄၀)မဂ္ဂါဝပ်၊ (၂၄၆)ပေ၊ အထက်ဆည်တော်ကြီး၊ မန္တလေးတိုင်း(၆၀) မဂ္ဂါဝပ် (၂၄၀)ပေ၊ မြို့ကြီး၊ မန္တလေးတိုင်း(၃၀) မဂ္ဂါဝပ် (၂၆၀)ပေ၊ မြစ်သာ၊ စစ်ကိုင်းတိုင်း(၄၀)မဂ္ဂါဝပ်၊ (၂၀၅)ပေမြင့်ပါတယ်။ (၃၁)ခု ရှိပါတယ်။ တမံကြီးစာရင်းပါ လက်ရှိဆောင်ရွက်ဆဲ အမြင့်ဆုံးရေလှောင်တမံကြီးများမှာဆိုရင် သံလွင်မြ စ် ပေါ်ရှိ အထက်သံလွင် ၊ မိုင်းတုံစီမံကိန်းဟာ (၇၄၈) ပေ၊ လျှပ်စစ် (၁)က တာဝန်ယူပြီးတော့ မေခမြစ်ပေါ်ရှိ ချီဖွေစီမံကိန်း (၆၇၆)ပေ လျှပ်စစ် (၁)ပါ၊ မဏိပူရမြစ်ပေါ်ရှိ မဏိပူရစီမံကိန်း (၅၂၇)ပေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် လျှပ်စစ်(၁) ပေါင်းပြီးတော့ ဧရာဝတီမြစ်ပေါ်ရှိ မြစ်ဆုံ စီမံကိန်း (၄၅၈)ပေ၊ လျှပ်စစ် (၁) မြစ်ငယ်မြစ်ပေါ်ရှိ ရဲရွာ စီမံကိန်းက (၄၃၃)ပေတို့ဟာ ထုထည် ပမာဏကြီးမားပြီးတော့ တမံအဆောက်အဦ လုံခြုံခိုင်ခံ့စိတ်ချရမှုတို့ အတွက် ပြည်တွင်းအဖွဲ့ အစည်းများနဲ့ နိုင်ငံခြားအ ဖွဲ့အစည်းများမှ တာဝန်ယူကြ ရင်းနဲ့အတူ အပြည်ပြည်ဆိုင်ရာ အသိ အမှတ်ပြု အဖွဲ့အစည်းကြီးများနဲ့ပါ ဆက်စပ် ဆောင်ရွက်နိုင်ပါက နိုင်ငံတော်အတွက်များစွာ အကျိုးရှိ မယ်လို့ သုံးသပ်တင်ပြလိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ICOLD ရဲ့အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပါက (ICOLD) အနေနဲ့ လိုအပ်တဲ့ ကျွမ်းကျင်မှုပိုင်း ဆိုင်ရာ အကြံဉာဏ်များပေးခြင်း၊ အဖွဲ့ဝင်နိုင်ငံများနဲ့ ပညာရပ်ပိုင်း ဆိုင်ရာ တွေ့ဆုံ နှီးနှောအကြံဉာဏ် ရယူနို င်ခြင်း၊ သုတေသနတွေ့ရှိချက်များကို မျှဝေရရှိနိုင်ခြင်း၊ Technical Publication, Mechanized Receiving များ ပုံမှန်ရရှိနို င်ခြင်း၊ ပြည်တွင်း အင်ဂျင်နီယာပညာရှင်များ နိုင်ငံတကာတွင် ဝင်ဆံ့နိုင်ရန် လမ်းပွင့်ခြ င်း၊ အခြားဒေသများ

တိုးတက်ဖြစ်ထွန်းနေမှုများကို မိမိနိုင်ငံအတွက် အမြ င်ချင်းဖလှယ်နိုင်ခြင်း စသည်တို့ဖြစ်ပါတယ်။ ICOLD နဲ့ ပတ်သက်တဲ့ နောက်ခံသမို င်းအကျဉ်းချုပ်ကို ကျွန်တော် တင်ပြထားပြီး ဖြစ်ပါတယ်။ ရှည်မှာဖြစ်တဲ့အတွက် ကျွန်တော်အသေးစိတ်တင်ပြခြင်းမပြု တော့ပါဘူး။ ၂၀၁၀ ပြည့်နှစ်အထိ ICOLD အဖွဲ့ဝင် နိုင်ငံပေါင်း(၉၀)ခန့် ရှိပါတယ်။ ၎င်း (၉၀)အနက် အာရှတိုက်က (၁၄)နိုင်ငံ ဒီနေ့အချိန်ထိအောင် အဖွဲ့ဝင်နိုင်ငံတွေ ဖြစ်ပါတယ်။ ထုတ် နုတ်တင်ပြရလို့ရှိရင် တရုတ်၊ ကိုးရီးယား၊ ဂျပန်၊ မလေးရှား၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အိန္ဒိယ၊ နီပေါ၊ ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်၊ ပါကစ္စတန် စသည်တို့ ပါဝင်ကြပါတယ်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့ဝင်စာရင်းတွေ ကိုလည်း ကျွန်တော်တို့ ဒါ ပူးတွဲဖော်ပြပြီး ဖြစ်ပါတယ်။ အသေးစိ တ်မဖတ်ကြားတော့ပါဘူး။ လောလောဆယ် အခြေအနေမှာ တော့ ကျွန်တော်တို့ မြန်မာနိုင်ငံအင်ဂျင်နီယာများအသင်း Myanmar Engineering Society ဖွဲ့စည်းထားရှိတာတော့ ရှိပါတယ်။ သို့သော် အာဆီယံနိုင်ငံများအတွင်းမှာသာ ပါဝင်ဆက်သွယ် ဆောင်ရွက် လျက်ရှိပြီးတော့ တကယ့် International Access မလုပ်နိုင်သေးပါဘူး။ ဒါကြောင့် ဆက်သွယ်ရင်ပေါင်တန်း လိုက်ပါနိုင်ရေးအတွက် မြန်မာနိုင်ငံ တမံကြီးများရဲ့ အမျိုးသားကော်မတီ Myanmar National Committee on Large Dams ကို ဖွဲ့စည်းပြီးတော့ ICOLD ရဲ့ အဖွဲ့ ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက် သင့်တယ်လို့ တင်ပြခြင်းဖြစ်ပါတယ်။ ဤကဲ့သို့ ဖွဲ့စည်းပါဝင်နိုင်ရေး ဆောင်ရွက်ရာမှာ နိုင်ငံအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု လွယ်ကူအဆင်ပြေ စေနိုင်ရန် အတွက် Myanmar National Committee on Large Dams အား အခြားအဖွဲ့ဝင်နိုင်ငံ များကဲ့သို့ MNCOLD ဟု ကျွန်တော်တို့ အတိုကောက် သတ်မှတ်သင့်ပါတယ်။ ဥပမာ - နိုင်ငံတိုင်းလည်း ဒီလိုသတ်မှတ် ပါတယ်။ တရုတ်မှာဆိုလို့ရှိရင် CHINCOLD လို့ ခေါ်ပါတယ်။ ဗီယက်နမ်မှာ ဆိုရင် VIAN COLD လို့ ခေါ်ပါတယ်။ ထိုင်းနိုင်ငံမှာဆိုရင် TNCOLD ၊ ဂျပန်နိုင်ငံ ဆိုရင် JNCOLD စသည်ဖြင့် ဒီလို မှတ်သားနိုင်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကနေပြီး ရေအားလျှပ်စစ်ဆိုင်ရာ တမံကြီးများကို ကြီးကြပ် ဆောင်ရွက်လျက်ရှိတဲ့အတွက် မြန်မာနဲ့အင်္ဂလိပ်ဘာသာ (၂)ဘာသာနဲ့ပြုစုထားတဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းပုံမူကြမ်း Constitution of Myanmar National Committee on Large DMA Draft ပြုစုထားခဲ့ပါတယ်။ ဒါလည်းပဲ

ကျွန်တော် ဒီစာတန်းတင်ပြစဉ်က အသေးစိတ်ဥက္ကဋ္ဌကြီးတို့ သိရှိနိုင်ရ န်အတွက် ပူးတွဲတင်ပြပြီး ဖြစ်တဲ့အတွက် ဒီမှာ မဖော်ပြတော့ပါဘူး။ ဒါကိုလည်းပဲ ရှေ့နေချုပ်ရုံး၊ ဘဏ္ဍာရေး နှင့် အခွန် ဝန်ကြီးဌာန၊ နိုင်ငံခြားစီး ပွားဆက်သွယ်ရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်များ တောင်းခံခဲ့ပါတယ်။ အောက်ပါအတိုင်း ပြန်ကြားခဲ့ပြီး ဖြစ်ပါတယ်။ သဘောတူ ကြပါတယ်။ ရှေ့နေ ချုပ်ရုံး ၂၃.၂.၂၀၀၉ ရက်စွဲပါစာအမှတ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၉.၁၂.၂၀၀၈ ရက်စွဲပါစာအမှတ်၊ (ဂ) နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန ၂၈.၁၁.၂၀၀၈ ရက်စွဲပါစာအမှတ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၃.၄.၂၀၀၉ ရက်စွဲပါစာအမှတ်များနဲ့အသီးသီး ဒီအပေါ်မှာကို ကျွန်တော်တို့ သဘောထားမှတ်ချက်များ ပေးခဲ့ပါတယ်။ လွှ တ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ICOLD အဖွဲ့အစည်းဟာ (Non Governmental International Organization)နဲ့ (Dam Engineering) နည်းပညာအတွေ့အကြုံဖလှယ်ရာမှာ ရှေ့ဆောင်အဖွဲ့အစည်းဖြစ်လို့ ဖော်ပြပါ အခန်းကဏ္ဍများမှာ ၎င်းရဲ့ဖွဲ့စည်းမှုအောက်ရှိ (Technical Committee) (၂၃)ခုတို့မှာလည်း ပါဝင်နိုင်တဲ့ အခွင့်အရေးများ ရှိသည်ကို တင်ပြခွင့်ပြုပါ။ အခန်း (က) Planning Design Construction Operation and Maintainance အခန်း(ခ) Dam Safety Bounty and Performance Brief Analysis of Older Dam effect of AG Environmental Impact ၊ အခန်းကဏ္ဍ (ဂ) Cost analysis/Sharely International River Basin Development Water Management Social Impact Providing Information for the Public Financy ၊ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ MNCOLD ဖွဲ့စည်းပုံမူကြမ်းအား အတည်ပြုပြီး တော့ အဆိုပါ ကော်မတီကို သင့်လျော်မယ့် ပြည်ထော င်စုဝန်ကြီးဌာနတစ်ခုခုမှ Focal Point အဖြစ် ကမ ကထပြုဦးဆောင်လျက် ဘာသာရပ်နဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနများ၊ တိုင်းရင်းသား ကုမ္ပဏီများ၊ NGO များ ပါဝင်ဖွဲ့စည်းခွင့်နဲ့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ရန် လျှောက်ထားခွင့် အဆိုကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ရှိပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၂၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**အချိန်၊ ၁၄း၂၆။**

**ဦးကံညွန့်၊စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် အထူး ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ဂါရဝပြု မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းသွားခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင် ICOLD သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့် ရရှိစေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၂၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် အပြည်ပြ ည်ဆိုင်ရာ တမံကြီးများကော်မရှင် ICOLD သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့် ရရှိစေရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကိုယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမျိုးမြင့်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၂၈။**

**ဥက္ကဋ္ဌ၊** ။ ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၂၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်၊ အင်္ဂါနေ့ နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး၊** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ၁၄း၂၈ နာရီတွင် ရပ်နားပါသည်။]